www.burmeseclassic.com

# လွှမ်းထားထား

(ဆေးတက္ကသိုလ်)

စကားဝှက်တံခါး



Design Lလင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လွန်းထားထား (ဆေးတက္ကသိုလ်)

စကားဝှက်တံခါး

စာမူခွင့်ပြုချက်အမှတ်

၅၀၁၃၀၁၁၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၃၃၂၁၂၁၀

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၅၉)၊ (၁၉)လမ်းရန်ကုန်။

ဂ၉၅. ၈၃

လွှန်းထားထား (ဆေးတက္ကသိုလ်)

စကားဝှက်တံခါး၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၂

၂၈၀-စာ၊ ၁၂x၁၈ စင်တီ


(၁) စကားဝှက်တံခါး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







# လွန်းထားထား

## (ဆေးတက္ကသိုလ်)





စီစဥ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







ကောင်လေးတစ်ယောက်ဟာ
ဘဝမှာ အနည်းဆုံး တစ်ကြိမ်တော့
သဲသဲမဲမဲ တမ်းတမ်းစွဲ ချစ်မြတ်နိုး
မက်မောစုံမက်ဖူးကြပါလိမ့်မယ် ...
အဲဒီအချိန်မှာ ...
စွဲလမ်းချစ်စိတ်တွေ ပြည့်လျှံနေတဲ့ နှလုံးသားနဲ့
ရှုံးသွပ်မိတဲ့အခါ ...
ကောင်မလေးရဲ့ နံဘေးမှာ
သူမရဲ့အချစ်ကို ရဖို့ဆိုရင်
ဘာပဲလုပ်ရ လုပ်ရ လုပ်မိပါလိမ့်မယ် ...
အဲ့ဒါကို
မဖြစ်နိုင်ဘူးလို့ မပြောပါနဲ့
တကယ် ဖြစ်နိုင်ပါတယ် ...
အချစ်မှာ ဘာမဆို ဖြစ်နိုင်တာချည်းပါ ...။


"ရွှေဘုန်းကဲ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com








တစ်ခါတစ်ရံမှာ
လူတွေဟာ
ကိုယ်နဲ့ သိပ်နီးကပ်ငြိတွယ်နေတဲ့ အရာတွေကို
မြင်နိုင်စွမ်း မရှိသလိုပဲ ...
သိပ်ဆန်းကြယ်လှတဲ့ အချစ်ဟာ
ကျွန်မနဲ့ အနီးကပ်ဆုံး ရှိနေခဲ့တာကို
ကျွန်မက
နည်းနည်းကလေးမှ မရိပ်မိခဲ့ဘူးလေ ...
အဲ့ဒါကို
ကျွန်မ သိခွင့်ရလိုက်တဲ့ အခါမှာ
"အို" ဆိုတဲ့
အာမေဋိတ် တစ်ခုမှတစ်ပါး ...။

"ညာဏ်လင်းပွင့်"

www.burmeseclassic.com

www.burmeseclassic.com








# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

အဲ့ဒီကောင်လေးကို မြင်တာနှင့် ဉာဏ့်စိတ်တွေ အလိုလိုတိုတောင်း ညစ်ထေးသွားတတ်မြဲဖြစ်သည်။ ဘယ်လိုပုံစံမှန်းကို မသိသော အချိုးမကျ ကကြိုးကကြောင် ပုံသဏ္ဍာန်မှာ တွေ့လိုက်တာနှင့် ပျာရှုပ်ရှုပ်၊ တလွဲတချော်နှင့် အမှားအယွင်းပေါင်းများစွာ နင့်သီးနေကာ ကပိုကရိုရိုလှသောကြောင့် အလွန်စိတ်ပျက်စရာကောင်းသော သူတစ်ယောက်အဖြစ် စိတ်ဆိုးရ၊ အော်ဟစ်ပစ်ရတာထက် ပိုပြီး စိတ်ဝင်စားဖွယ် မရှိပါ။ ဉာဏ့်ကို လိုက်သမျှ ကောင်လေးတွေထဲတွင် သူသည် စိတ်ပျက်ဖွယ် အကောင်းဆုံးဖြစ်သည်။ တွေ့လိုက်တာနှင့် ပျာယာခတ်နေကာ တစ်ခုမဟုတ် တစ်ခုတော့ မှားယွင်းလွဲချော်မြဲတည်း။



www.burmeseclassic.com

လူပုံစံကိုလည်း ကြည့်လိုက်ဦး။ မျက်နှာက မိန်းကလေးတစ်ယောက်ရဲ့မျက်နှာ နုနုဖတ်ဖတ်ကလေးမှာ ကျွဲကော်ကိုင်းမျက်မှန်ထူထူကြောင့် မျက်လုံးနှစ်လုံးက ပြူးကြောင်ကာ ရုပ်မျက်ဆင်းပျက် ဖြစ်သွားတော့သည်။ လူပုံက ပိန်ပိန်ပါးပါးလျလျကလေးမို့ ကျားကျားလျားလျား မရှိ။ ဒီကြားထဲ ဆံပင်တွေကဖြောင့်စင်းကျနေကာ မိန်းမဆံပင်လို သူ့မျက်နှာပေါ် ဝဲကျနေသေးသည်။

သူ ဘယ်ကဘယ်လို ဉာဏ့်ဆီသို့ ရောက်လာမှန်းမသိပါ။ ဘယ်သူဘယ်ဝါမှန်းလည်း ဉာဏ်မသိ။ စိတ်လည်းမဝင်စားပါ။ သို့သော် ဉာဏ့်ကို မြင်လိုက်တာနှင့် ကမူးရှူးထိုးကြီးလိုက်လာတတ်ကာ အမှားအယွင်းတွေချည်း ဖြစ်တတ်လွန်းသည်။

ဉာဏ်တို့အုပ်စုမှာ ဉာဏ်အပါအဝင် သူငယ်ချင်းလေးယောက်ရှိပြီး ဆယ်တန်းအောင်ပြီးချိန် သင်တန်းတကာပေါင်းစုံလျှောက်တက်ရင်း အချိန်တွေ ကုန်လွန်စေခြင်း ဖြစ်သည်။ အလုပ် မလုပ်သေး၊ တက္ကသိုလ် မတက်ရသေး။ အဲ့ဒီအချိန်ကလေးလောက် လွတ်လပ်ပေါ့ပါးကာ ပျော်ရွှင်ဖွယ်ကောင်းသောအချိန်မရှိချေ။ ဘာပူပန်ကြောင့်ကြမှုမရှိ။ သင်တန်းကလေး မှန်မှန်တက်လိုက် Shopping mall တွေဆီ လှည့်ပတ်သွားလိုက်၊ ဆိုင်တကာပေါက်စီ သွားစားလိုက်နှင့်သာ တစ်နေ့တစ်နေ့ အချိန်ကုန်လွန်လေသည်။

အဲ့ဒီလိုအချိန်မျိုးမှာ စိတ်အဝင်စားဆုံး အရာကလည်းအချစ် ဆိုသောအရာ ဖြစ်သည်။ သို့သော် ထိုမှန်ကြောင်ကလေးတော့ လုံးဝမပါချေ။ သူမို့ပင် ဖွဲလည်းကောင်း၊ စုံစမ်းရေးလည်းကောင်းကာ ဉာဏ်တို့ ဘယ်အချိန် ဘယ်နေရာမှာ ဘာသင်တန်းရှိတယ်ဆိုတာကို သူ အမြဲသိနေလေသည်။ ပြီးလျှင် သူမတို့သွားရာနောက်ကနေ စိတ်မပျက်စတမ်း တကောက်ကောက်လိုက်မြဲ။ အမှားအယွင်းတွေ တစ်ခုပြီးတစ်ခု လုပ်မြဲပင်။

"ဟော ... ဉာဏ်ဉာဏ်ရေ ... ဉာဏ်ဉာဏ်ရေ၊ မပြောမရှိနဲ့နော်၊ ဟို နင့်မှန်ကြောင် ပန်းစည်းကြီးတစ်စည်းကိုင်ပြီးပြေးလာနေပြီနော်"

www.burmeseclassic.com



ကွန်ပျူတာသင်တန်းမစခင် သင်တန်းရှေ့က လက်ဖက်ရည်ဆိုင်ကလေးမှာ သူငယ်ချင်းတွေ ထိုင်လို့ကောင်းဆဲ၊ ဟိုးခပ်လှမ်းလှမ်းကနေ ကမူးရှူးထိုးကြီး ပြေးချလာနေသော မှန်ကြောင်ကလေးကို ဉာဏ်သည် စိတ်ပျက်ရှုပ်ထွေးစွာ လှမ်းကြည့်နေလိုက်သည်။

ဟော ... ဖြစ်ပါပြီ ထုံးစံအတိုင်း။ မှန်ကြောင်ရဲ့ ရာဇဝင်တိုင်း တစ်ခုခုတော့ မှားကိုမှားရမှလေ။ သူ့ကိုယ်သူ မာရသွန်မှာ အပြေးဝင်ပြိုင်နေသလိုမျိုး၊ ဉာဏ်ကပဲ သူ့ကိုမြင်တာနဲ့ ရောက်ခါနီးကလေးမှာပဲ ခုံပုကလေးတစ်ခုံကို ခလုတ်တိုက်မိကာ မှောက်ရက်သား လဲကျပါလေတော့သည်။ သူ့လက်ထဲက နှင်းဆီပန်းစည်းကြီးလည်း အရှိန်ဖြင့် ပြုတ်ကျသည်မို့ ပန်းတွေ တစ်စစီ ဖရိုဖရဲ ပြန့်ကျဲကုန်သည်။

သူ့အဖြစ်ကို မြင်လိုက်သူတိုင်းက မရယ်ဘဲ မနေနိုင်ကြ။ သိသိသာသာ ရယ်သူကရယ်၊ မသိမသာ တစ်ဖက်လှည့်ပြီး ရယ်သူကရယ်။ ဉာဏ်တို့ လေးယောက်သားလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တခွိခွိရယ်မိကြ၏။





"အဲ့ဒီမှန်ကြောင်ဟာလေ လုပ်လိုက်ရင် လူသိရှင်ကြား အရှက်တကွဲ အကျိုးနည်းချည်းပဲ"

"အေးလေ၊ ဒါနဲ့များ ဉာဏ်ဉာဏ့် အချစ်ကို ရချင်သေးတယ်၊ ဉာဏ် နင် သူ့ကို ယောင်ပြီးတော့များ ချစ်မိသေးလား"

"အမယ်လေး ... အော်ဂလီဆန်လိုက်တာ၊ ဒီလူနဲ့ ဒီလူ ဒီပုံနဲ့ ဒီပုံ ချစ်စရာလားဟဲ့"

ဉာဏ်တို့ လေးယောက်သား တတွတ်တွတ်ပြောဆဲ မှန်ကြောင်ကလေးက သူ့ပန်းတွေကို ရသလောက်ပြန်ကောက်ကာ ကြိုးထလာသည်။ ပြီးလျှင် အရှက်မရှိ မျက်နှာပြောင်တိုက်ကာ ဉာဏ့်ဆီသို့ ပန်းစည်းကြီး အတင်းထိုးပေးနေတော့၏။ ဉာဏ်သည် လူတွေက ဝိုင်းကြည့်နေသဖြင့် ရှက်လည်းရှက်ကာ ...

"သွား ... သွား ... နင့်ပန်းစည်းကြီး မယူချင်ဘူး၊ ဘယ်လိုဖြစ်နေတာလဲ၊ မကြိုက်ပါဘူး ဆိုနေမှပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟု အော်ပစ်ခဲ့လျက် သူငယ်ချင်းတွေကိုခေါ်၍ သင်တန်းပေါ်သို့ တက်ခဲ့လေသည်။ အဲ့ဒီမှန်ကြောင်ဟာ အရှက်ကလည်းမရှိ အမှတ်သည်းခြေလည်း မရှိသူမို့ သင်တန်းပြီးချိန်ထိ စောင့်ပါလိမ့်ဦးမည်။

"စိတ်ညစ်ပါတယ်ဟယ်၊ အဲ့ဒီမှန်ကြောင်တစ်ယောက်နဲ့တော့ ဘယ်လိုဖြစ်နေမှန်းကို မသိဘူး၊ ဖွတ်တရွတ်ကြီးနဲ့၊ သူ့ရန်ကိုကြောက်တာနဲ့ ငါ့မှာ တခြားကောင်လေးတစ်ယောက်ယောက်ကို ပြန်ကြိုက်ပြီး တွဲလိုက်ရတော့မလိုလို ဖြစ်နေပြီ"

"အေးလေ၊ မှန်ကြောင်က ဖွဲ့ကလည်းကောင်း၊ အရှက်အကြောက်ကလည်း တစ်စက်ကလေးမှ မရှိ၊ ဆိုးလိုက်တာ၊ သူ ဖြစ်ချင်တာ သူလိုချင်တာ တစ်ခုပဲ ရှိတယ်"

ဟိုတစ်လောကဆို အဲ့ဒီမှန်ကြောင်လုပ်သော လုပ်ရပ်တစ်ခုဟာ အတော်အူကြောင်ကြောင် နိုင်လှသည်။ ဉာဏ့်ဓာတ်ပုံကို ဘယ်အချိန်ကဘယ်လို ခိုးရိုက်ခဲ့သည် မသိဘဲ ထိုဓာတ်ပုံကို





ကွန်ပျူတာနှင့် Print out လုပ်ပြီး အောက်ကနေ သူ သိပ်ချစ်နေကြောင်း စာတန်းကပ်ကာ သင်တန်းရဲ့ လှေကားတစ်လျှောက်နံရံတွေမှာ၊ ဉာဏ်တို့ ထိုင်တတ်သမျှ လက်ဖက်ရည်ဆိုင်တွေမှာ အအေးဆိုင်တွေမှာ အရှက်မရှိ လိုက်ကပ်ခြင်းဖြစ်သည်။

"ဟယ် ... သူ ရူးနေသလား မသိဘူး၊ အဲ့ဒီစာရွက်တွေကို လက်ကမ်းကြော်ငြာ ဝေသလို လူတကာကိုလည်း လိုက်ဝေနေသေးတယ်"

အဲ့ဒီတုန်းကလည်း ဉာဏ့်မှာ ဆွေ့ဆွေ့ခုန်အောင်ပင် ဒေါသထွက်ခဲ့ရပြီးပြီ။ ခက်တာက ဉာဏ်သည် ကိုယ့်ကို အသည်းအသန်လိုက်သော ကောင်လေးတော်တော်များများကို တွေ့ကြုံဖူးခဲ့ကာ မကြိုက်ဘူးဆိုလည်း မကြိုက်ကြောင်း ယဉ်ကျေးပြေပြစ်စွာ အလိမ္မာကလေးနှင့် ငြင်းလို့ရခဲ့သည်ချည်းဖြစ်ပြီး သူ့ကျမှပင် မကြိုက်ဘူးပြောလို့လည်း နောက်မဆုတ်သွားဘဲ၊ ဖွဲ့သန်သန်နှင့် ဆက်လိုက်မြဲ လိုက်နေဆဲ ဖြစ်လေသည်။ စိတ်ဆိုးရတာတွေလည်း တော်တော်ကို များခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတလောဆီကလည်း မနက်စောစော ဉာဏ် ထ, ပြေးလေ့ ရှိတတ်တာကို ဘယ်ကဘယ်လို သတင်းအနံ့ ခံမိသွားသည် မသိ။ မနက်အစောကြီး ခြံတံခါးမှ ထွက်လိုက်စဉ် ခြံဝမှာ ဘယ်အချိန်ကတည်းက ထိုင်စောင့်နေသည် မသိသော သူ့ကို သွားခနဲ တွေ့လိုက်ရသဖြင့် ရင်တွေပန်းတွေတောင် တုန်သွားခဲ့ရလေသည်။ အမှောင်ထဲမှာ သူ့မျက်မှန်က တဝင်းဝင်း တပြောင်ပြောင်နှင့်ဆိုတော့ သရဲတစ်ကောင်လိုပင်။

"အို ... အဲ့ဒါက ဘယ်လိုဖြစ်ရတာတုံး၊ ဒီမှာ လန့်လို့သေတော့မယ်"

ဟု အော်တော့လည်း တစ်ခွန်းမှ ပြန်၍မပြော။ ပြီးတော့ နောက်နားမလှမ်းမကမ်းကနေ ပြေးလိုက်နေခဲ့သည်။

"ပြန်တော့လို့ ဆိုနေတာ မရဘူးလားဟင်၊ နင့်ကိုငါ တစ်စက်ကလေးမှ နည်းနည်းမှ မကြိုက်ဘူးလို့ ဘယ်နှခါရှိပြီလဲ ပြောတာ၊ မှတ်မထားဘူးလား၊ မရှက်ဘူးလား၊ သွား သွား၊ နောက်ကနေ မလိုက်နဲ့"





ဟု ခွေးတစ်ကောင်ကို မောင်းသလို အော်ဟစ်ပေမဲ့လည်း သူက ပေကပ်ကပ်နှင့် တုံ့ဏှိဘာဝေ လုပ်နေကာ ဆက်လိုက်မြဲပင်။ အဲ့ဒီမုန်ကြောင်ကို ဉာဏ်ဘယ်လိုနည်းနှင့် နှိပ်ကွပ်မောင်းထုတ်ရမလဲဆိုတာ ဘယ်လိုမှ တွေးမရ ရှိနေခဲ့သည်။

သို့သော် သူ ပျောက်မယ့်ပျောက်သွားတော့လည်း လွယ်လွယ်ကလေးနှင့် ပျောက်ခြင်းမလှ ပျောက်သွားခဲ့သောအခါ ဉာဏ်သည် ကိုယ့်လောက်ပျော်ရွှင်ပေ့ါပါး လွတ်မြောက်သွားသူ ဤကမ္ဘာမှာ မရှိတော့ဟုတောင် ထင်ရလေသည်။

ထို့နောက်မှာတော့ ဘဝတွင် အလွန်ခင်တွယ်စရာကောင်းသော မိန်းကလေးသူငယ်ချင်း တစ်ယောက်ကို ဉာဏ် မမျှော်လင့်ဘဲ ရရှိလိုက်၏။

○ ◆ ○



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် အချစ်ကို သူ့ကို နားလည်စေချင်တာဗျ ကိုကြီးသောင်းရ၊ ကျွန်တော် သူ့ကို ချစ်တဲ့အချစ်က သူ့ကို ကျွန်တော့်ဘက်ကသာ တစ်ဖက်သတ်ပဲ ဖြစ်ဖြစ် ချစ်နေရ၊ ချစ်နေရ ချစ်နေချင်ပြီး၊ သူ့ဆီကနေ ဘာကိုမှ ပြန်ပြီးမမျှော်လင့် မလိုချင်ပါဘူး ...

သူ့ကိုပဲ ချစ်နေချင်တာပါ၊ သူ့မျက်နှာကလေးကိုပဲ ကြည့်နေခွင့် ရချင်တာပါ၊ သူ့အနားမှာပဲ နေခွင့်ရချင်တာပါ၊ သူ့အသံကလေးကိုပဲ ကြားချင်နေတာပါ၊ ကျွန်တော် ချစ်တာကို သူ ဘာကြောင့် ဆတ်ဆတ်ခါ နာနေရတာလဲ မသိဘူးဗျာ"

ရွှေဘုန်းကံသည် စိတ်ပျက်အားငယ်စိတ်ဖြင့် ညည်းညည်းကလေး ပြောလေသည်။ ကိုကြီးသောင်းက သူ့ရဲ့ အဖြစ်





အပျက်တွေအစအဆုံးကို သိထားသော၊ ပြီးတော့ အကြံဉာဏ်တွေ ပေးခဲ့သော သူ့ရဲ့ ဝမ်းကွဲအစ်ကို ဖြစ်သည်။ မိဘတွေနှင့်အတူ မန္တလေးမှာ မနေဘဲ ရန်ကုန်မှာ ကိုကြီးသောင်းနှင့် အတူလာနေရင်း ဆယ်တန်းအောင်သွားချိန်တွင် မန္တလေးသို့ မပြန်ဖြစ်တော့ဘဲ ကိုကြီးသောင်းနဲ့သာ ဆက်နေဖြစ်လေသည်။

ကိုကြီးသောင်းကလည်း တစ်ကိုယ်ရေ တစ်ကာယ သမား လူပျိုကြီးမို့ နေရတာလည်း လွတ်လပ်မှုရှိသည်။ ကွန်ဒို တစ်ခန်းလုံးမှာ သူတို့ညီအစ်ကို နှစ်ယောက်တည်း။

"မင်းကို သူ မကြိုက်လို့လည်း ဖြစ်နိုင်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့မျက်မှန်ကြီးကြောင့်ရယ်၊ မင်းရဲ့အမှားအယွင်းတွေကြောင့် ဖြစ်မယ် ...

ကဲကဲ ... မင်း မျက်မှန်ကြီး ချွတ်ပစ်ကြည့်စမ်း"

သူ့မျက်မှန်ကြီးကို ချွတ်လိုက်တော့ ကိုကြီးသောင်းရဲ့ မျက်နှာကို ခပ်ရေးရေး ဝါးတားတားသာ မြင်ရပေမဲ့ အသံကိုတော့ ကြားနေရဆဲ။



www.burmeseclassic.com

"အေး ... ဟုတ်တယ်ကွ၊ မင်းရဲ့မျက်နှာကို ဖျက်ဆီးနေတာ ဒီမျက်မှန်ကြီးပဲ၊ မင်းက မိန်းမချော ချောတာကွ၊ ကန့်ကလျလေး၊ မျက်တောင်ထူထူကလေးတွေနဲ့ မျက်လုံးလေးရော၊ နှုတ်ခမ်းထူထူကလေးရော မိန်းကလေး တစ်ယောက်လိုပဲ ...

မင်းရဲ့ ကိုယ်ခန္ဓာကလည်း ပါးလျလျကလေးဆိုတော့ မင်းက မိန်းကလေးတစ်ယောက်နဲ့ ပိုတူတာကွ ကဲကဲ၊ ဟာ ... ဟုတ်ပြီ၊ မင်းကို ကြည့်ရင်း ငါ စိတ်ကူးတစ်ခု ရလာပြီ ...

မင်းကောင်မလေးနဲ့မင်း ရင်းရင်းနှီးနှီး နီးနီးကပ်ကပ် နေခွင့်ရဖို့ဆိုရင် မင်းပုံစံကို ပြောင်းပစ်လိုက်ရမယ်၊ မင်း သူ့နားမှာနေပြီး သူနဲ့ သူငယ်ချင်းဖြစ်ချင်တာမဟုတ်လား"

"ဟုတ်တယ် ကိုကြီးသောင်း ကျွန်တော့်ဘက်ကသာ သူ့ကို သိပ်ချစ်နေချင်တာ၊ ကိုယ်ချစ်နေရရင် ကျေနပ်ပြီ၊ သူ ပြန်မချစ်လည်း ကိစ္စမရှိဘူး ...





ဒါပေမဲ့ ကျွန်တော်ဖြစ်ချင်တာက တစ်ခုတည်းပဲ၊ ကျွန်တော် သူနဲ့ အရမ်းခင်တဲ့ သူငယ်ချင်းတစ်ယောက် ဖြစ်ခွင့်ရချင်တယ်၊ သူ့နားမှာနေပြီး သူ့ရဲ့အနွံအတာတွေကိုခံပြီး သူ ဖြစ်ချင်တာတွေ သူလိုချင်တာတွေကို ဖြည့်ဆည်းပေးချင်တယ်၊ သူ့ကို လိုက်နေတဲ့ကောင်တွေရဲ့ အနှောင့်အယှက် ရန်ကနေလည်း ကာကွယ်ပေးချင်တယ်၊ သူ့ရဲ့အချစ်ကို ကျွန်တော် မမျှော်လင့်ပါဘူး"

သူ ထိုစကားတွေကို ရင်ထဲအရှိအတိုင်း အမှန်တကယ် ပြောပြလိုက်ခြင်း ဖြစ်သည်။ ကိုကြီးသောင်းက သူ့အချစ်ကို အဆန်းတကြယ်ဖြစ်လျက် နားထောင်နေရင်း ပြုံးနေလေသည်။

"ငါ စဉ်းစားမိတာကတော့ လွယ်လွယ်ကလေးနဲ့ ရိုးရိုးကလေးပဲကွ၊ မင်း လုပ်ရဲတဲ့သတ္တိ ရှိဖို့ပဲလိုတယ်"

"ပြော ... ကျွန်တော် ဘာလုပ်ရမလဲ၊ သူ့အတွက်ဆို ကျွန်တော် ဘာမဆို လုပ်ရဲတယ်"

www.burmeseclassic.com

သူ့အသံက တက်တက်ကြွကြွ ထက်ထက်သန်သန် ဖြစ်လေသည်။ ကိုကြီးသောင်းက သူ့ကိုကြည့်လျက် အားပါးတရ အော်ရယ်ကာ ...

"မင်းသာ မိန်းကလေးတစ်ယောက် ဖြစ်ခဲ့ရင် သူ့ရဲ့အချစ်ဆုံး အခင်တွယ်ဆုံး သူငယ်ချင်းတစ်ယောက် ဖြစ်ခွင့်ရှိလာမယ်၊ မင်း သူ့ဘေးမှာ အမြဲနေခွင့်ရမယ်၊ ကံကောင်းရင် ဖက်လှဲတကင်းတောင် နေခွင့်ရမယ်ကွာ၊ မင်းကောင်မလေးက သူငယ်ချင်းတွေကို အရမ်းချစ်တတ်တာဆို"

"ဗျာ ... ကျွန်တော်က မိန်းကလေးတစ်ယောက် လုပ်ရမယ်၊ ကြံကြီးစည်ရာဗျာ၊ ယောကျ်ားတန်မဲ့ ဘဝကနေ အခြောက်လည်းမဟုတ် ဘာမဟုတ်နဲ့"

သူ ခါးခါးသီးသီး ငြင်းလိုက်မိပေမဲ့ ဖျတ်ခနဲတော့ တစ်ချက် တွေဝေသွားသည်။

"မိန်းကလေးဟန်ဆောင်ပြီး မင်းကောင်မလေးရဲ့ အချစ်ကို တစ်ဖက်လှည့်နဲ့ ရအောင်ကြိုးစားခိုင်းတဲ့ သဘောပါ



ကွာ၊ မင်းက မိန်းမချော ချောတော့ မိန်းမပုံစံနဲ့ဆို ပိုအဆင်ပြေတယ်၊ မင်းကို အခြောက်လုပ်ခိုင်းနေတာမှ မဟုတ်တဲ့ဥစ္စာ ...

မင်းကောင်မလေးနဲ့ တွေ့တဲ့အချိန်ပဲ မိန်းကလေးလို ဝတ်ခိုင်းတာ၊ မင်းကို မိန်းကလေးတစ်ယောက်ဆိုတဲ့ အသိနဲ့ အဲဒီတော့မှ သူ တရင်းတနှီးပေါင်းမှာပေါ့၊ မင်းယောကျ်ားပုံစံနဲ့ သူ့ကို လိုက်နေတာ သူမှ ပြန်မကြိုက်ဘဲ၊ သံယောဇဉ်ဆိုတာ နီးနီးကပ်ကပ် နေခွင့်ရမှလည်း ချည်နှောင်တာမျိုးကွ ...

ငါပြောတာ မင်း နားလည်သလား၊ မိန်းကလေး တစ်ယောက်ပုံစံနဲ့ သူ့ရဲ့ သံယောဇဉ်ကို မင်း အရင်ယူနိုင်ရမယ်၊ နောက်တော့ ပေါ်သွားတဲ့အခါ သူ့ဘာသာသူ ဆုံးဖြတ်ပစေပေါ့၊ ဒါပေမဲ့ မင်း သူ့အနားမှာ နေခွင့်ရသရွေ့ နေလိုက်ရတာဟာ မင်းအတွက် အမြတ်ပေါ့"

"ကျွန်တော် သူနဲ့ပတ်သက်ရင် အရှုံးအမြတ် လုံးဝမတွက်

www.burmeseclassic.com

www.burmeseclassic.com

ဘူး ကိုကြီးသောင်း၊ ဒါပေမဲ့ ကျွန်တော် သိပ်ချစ်နေတဲ့ မိန်ကလေးတစ်ယောက်ရဲ့ အနားကိုရောက်ဖို့ ကျွန်တော် အဲ့ဒီ အူကြောင်ကြောင် အလုပ်ကို လုပ်တော့လုပ်ကြည့် မယ်ဗျာ၊ သူနဲ့ ရင်းနှီးခွင့်ရရင် ကျေနပ်ပြီ"

"အေး ... လုပ်ကြည့်စမ်းပါ၊ မင်းရဲ့ ပုံစံကိုတော့ သူ သံသယမဝင်နိုင်အောင် ပြောင်းပစ်ရလိမ့်မယ်၊ ပထမဆုံး မျက်မှန်၊ အဲဒီမျက်မှန်ကြီးအစား ကွန်တက်(က်)လဲန်း(စ်) ပြောင်းတပ်ပစ်လိုက်၊ မင်းရဲ့ ဆံပင်ဖြောင့်စင်းစင်းတွေကို စပရိန်လိုကောက်ပစ်လိုက်၊ ကျန်တာ ဘာမှ ပြင်စရာမလိုဘူး၊ မင်းရဲ့နှုတ်ခမ်းက ထူထူကလေး၊ နှုတ်ခမ်းနီတော့ဆိုးလိုက် ...

မင်းရဲ့ လည်ပင်းမှာ လည်စေ့က သိပ်မထင်ရှားတဲ့ အတွက် ပြဿနာမရှိဘူး၊ အဲ ... ရင်ဘတ်၊ အဲ့ဒါကတော့ အရေးကြီးတယ်၊ ခုခေတ်မိန်းကလေးတွေ ဝတ်လေ့ရှိတဲ့ အုံမာမာလုံးလုံးကလေးတွေနဲ့ ဘရာမျိုးတော့ မင်း ဝတ်ရ မယ် ဟား ဟား ဟား ...





ကျန်တာကတော့ ပြဿနာမရှိပါဘူး၊ ခုခေတ်မိန်း ကလေးတွေလည်း ဘောင်းဘီဝတ်ကြတာပဲ၊ မင်းရဲ့ခြေ သလုံးမွေးတွေကိုတော့ ရိပ်ပစ်ကွာ ...

ပြီးတော့ မင်းရဲ့အသံကို နည်းနည်းပြောင်းလိုက်၊ တိုးတိုးချိုချိုကလေး ပြောတာကိုကျင့်၊ ဒါလောက်ဆို ရပါပြီ"

ကိုကြီးသောင်းက သူ့ကို ခြေဆုံးခေါင်းဆုံးကြည့် ကာ တစ်နေရာချင်း စေ့စေ့စပ်စပ် စီစဉ်ညွှန်ကြားပေးသောအခါ သူ မရယ်ဘဲ မနေနိုင်။ တခွိခွိကြိတ်ရယ်ရင်း ကြက်သီးမွေးညှင်း တွေပင် ဖြာလာသည်။ ပြီးတော့ ... ဒါဟာ ဝေါ်ဝေါ်ရင်ခုန် တုန်လှုပ်ဖွယ်လည်း ကောင်းသည်။ စိတ်လှုပ်ရှားဖို့လည်းကောင်း သည်။

"ကဲပါကွာ၊ ငါ အားလုံးလိုက်လုပ်ပေးပါ့မယ်"

○❥○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ကိုကြီးသောင်းက သူ့ရဲ့ Honda ကား အနီရဲကလေးကို သူမတို့ အုပ်စု ထိုင်နေသော ဆိုင်ရှေ့မှာ ထိုးရပ်ပေးလိုက်သည်။ သူ့ရင်ထဲမှာတော့ ယောက်ယက်ခတ်ကာ ဆူညံနေပြီ။

“ကဲ ... သွားပြီးတော့ မိတ်ဆက်ပေတော့ ကံကံ၊ ဟိုမှာ ဝိုင်းကြည့်နေကြတယ်၊ မနေ့က သင်တန်းအပ်ထားပြီးသားပဲ၊ သင်တန်းသူအသစ်ပါ ဆိုပြီး ချဉ်းကပ်ချေ၊ သူတို့ကူညီလိမ့်မယ်”

တဝုန်းဝုန်း ခုန်နေသောရင်ဖြင့် ကောင်မလေးရှိရာဆီ သူ ခိုးကြည့်လိုက်မိသည်။ သူမကလည်း သူ့ကားဆီသို့ လှမ်းကြည့်နေဆဲ။ ကားပေါ်မှ ကပျာကရာ ဆင်းလိုက်သည်။





ရိုးလ်ကောလာစပို့ရှပ် အကျပ်အနက်ကလေးနှင့် ဂျင်းဘောင်းဘီတိုဝတ်ကာ ဟာ့(ဖ်)ရှူးကလေး စီးထားသော သူ့ပုံစံမှာ၊ ဆံပင်ကစပရိန့်လို တွန့်ကြေကြေခွေကောက်ထားပြီး နှုတ်ခမ်းပန်းဖျော့ရောင်ကလေး ဆိုးထားသည်။ ဆံပင်ကို ခလယ်ခွဲပြီး ဆံပင်ထိပ်မှာ နမူးစည်းအနက်ကလေးနှင့် ပြန်အုပ်စည်းထားသဖြင့် မိန်းကလေးတစ်ယောက်မှာမှ ခပ်မိုမို ခေတ်ဆန်ဆန်ကောင်မလေးတစ်ယောက်ပုံစံ ပေါက်နေလေသည်။

တစ်ခုပဲ အသက်ရှူရခက်နေတာ ပုံလှပလုံးဝန်းသော Triumph ဘရာကြောင့်ဖြစ်သည်။

“ဟဲ့ ... ဟိုကောင်မလေး ချစ်စရာလေးတော့၊ ဘရုစ်နေစပီးယား(စ်)နဲ့ တူတယ်နော်၊ မျက်လုံးဝိုင်းဝိုင်း နှုတ်ခမ်းထူကလေးနဲ့”

ကေကေက လှမ်းပြောသလို ဉာဏ်တို့အားလုံးလည်း ထိုကောင်မလေးကိုသာ ဝိုင်းငေးကြည့်နေကြသည်။ သူမကို တစ်ခါမှ မမြင်ဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မပြောမရှိနဲ့နော်၊ ငါတို့ဆီလာနေပြီ၊ လိုက်ပို့တာ သူ့အစ်ကိုထင်တယ်၊ ချောတယ်တော့"

"လာနေပြီ၊ လာနေပြီ၊ ချစ်စရာလေးတော့"

ဟု ခပ်ကျိတ်ကျိတ် ပြောနေကြဆဲ သူမက အနား ရောက်လာသည်။

"ခဏ ထိုင်မယ်နော်"

အသံကလေးက တိုးပေမဲ့ သြသြကလေး။

"အင်း ... ထိုင်ပါ၊ ထိုင်ပါ"

"တို့က ဒီနေ့မှ သင်တန်းစတက်ရမှာ၊ နောက်တော့ကျနေ ပြီလေ၊ အသစ်ဆိုတော့ အဖော်တွေ ဘာတွေလဲ မရှိတော့၊ သူတို့ကို လာမိတ်ဆက်ထားတာပါ၊ တို့ကို ကူညီပါနော်၊ ဟိုလေ ... အားငယ်လို့"

မိန်းကလေးတစ်ယောက်ရဲ့လေသံ ပေါက်အောင် သူ မနည်းကြိုးစားထိန်းပြီး ပြောရသည်။ ရင်ထဲကတော့ တလှပ်လှပ်ဖြင့် ရယ်ချင်နေသည်။ သူ့ကိုကောင်မလေးက လုံးဝမမှတ်





မိ။ မိန်းကလေးတစ်ယောက်လို့လည်း အကြွင်းမဲ့ ယုံကြည်နေပုံရ သည်။ ခုခေတ်ကလည်း ကောင်လေးနှင့် ကောင်မလေးကို သိဂ် ခွဲခြားလို့ မရတတ်သောခေတ် ဖြစ်သည်လေ။

"အမယ်လေး ... ရပါတယ်ဟယ်၊ ကျွန်မတို့က ခင်တတ် ပါတယ်၊ ရှင် ကားပေါ်က ဆင်းလာကတည်းက ကြည့်နေ တာ၊ ကြည့်ပြီး ချောတယ်လို့ ပြောနေကြတာ၊ မျက်လုံး ဝိုင်းဝိုင်းကလေးတွေနဲ့ ဘာရစ်နေနဲ့ တူတယ်လို့နော် ... ဟဲ့၊ ဘာမှ အားမငယ်နဲ့၊ ကျွန်မတို့အုပ်စုနဲ့ လာပြိုင်းလိုက်၊ မိတ်ဆက်ပေးမယ်၊ ကျွန်မက ဉာဏ်လင်းပွင့်၊ ဉာဏ်ဉာဏ် လို့ ခေါ်ကြတယ်၊ သူက ကေသီမြတ်မောင် ကေကေပေါ့၊ သူက ခိုင်ဇာစိုးဟန် ဇာဇာ၊ သူက ယုဇနချစ် ချစ်ချစ် ပေါ့၊ ကဲ ... ရှင့် နာမည်ပြော"

"ကျွန်မက ရွှေဘုန်းကံ ပါ၊ ကံကံလို့ ခေါ်ကြတယ်"

"အံမယ် ... နာမည်ကအပျံစားပါလား၊ အိုကေ၊ ဒီနေ့ကစပြီး သူငယ်ချင်းတွေ ဖြစ်ပြီပေါ့၊ လာ ကံကံ၊ ကြိုဆိုပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်သား လက်သန်းကလေးတွေချင်း လှမ်းချိတ်ဆက်လိုက်ကြတာမို့ သူလည်း ကပျာကရာ လက်သန်းကလေးကွေးကာ ဝင်ချိတ်လိုက်ရသည်။ ခုလိုကျတော့လည်း အလွယ်ကလေးပါလား။ သူ ကောင်မလေးကို လိုက်နေတာဖြင့် သုံးလေးလရှိခဲ့ပြီ။ ရင်နီးခွင့်ဆိုတာ မျှော်ပင်မမျှော်လင့်ရဲခဲ့ပါ။ သူ့ကိုမြင်တာနှင့် သူမက မျက်နှာတစ်ခုလုံး စူပုပ်ကာ ချာခနဲ လှည့်သွားတတ်၊ မျက်စောင်းထိုးတတ်၊ အော်ဟစ်ငေါက်ငမ်းတတ်မြဲ။ ခုတော့ဖြင့် ချိုလိုက်တာ။ မြင်မြင်ချင်းပင် တရင်းတနှီး နွေးနွေးထွေးထွေး။

သင်တန်းမှာလည်း သူက ညာဘက်ဘေးမှာ ကပ်ပြီးတော့ ထိုင်သည်။ ညာဘက်က မရမ်းပြားထုပ်၊ စလေဆီးချိုထုပ်၊ သရက်ပြားထုပ်တွေကို တစ်ထုပ်ပြီးတစ်ထုပ် ဖောက်စားတတ်ကာ သူမ၏ နှုတ်ခမ်းကလေးနှင့် စုပ်ယူပြီးတိုင်း လက်ဆင့်ကမ်းသလို သူ့ဘက်သို့ လှမ်းပေးတတ်မြဲ။ ထိုအခါ သူကလည်း ရင်ခုန်လှစွာဖြင့် သူ လုံးဝမကြိုက်သော ချဉ်စုပ်စုပ်မရမ်းပြားကို ကြိတ်မှိတ်





ကာ စားမြိဖြစ်လေသည်။ သူမဘေးမှာနေပြီး သူမရဲ့ မျက်နှာကလေးကို အနီးကပ် မြင်တွေ့ခွင့်ရသော ထိုအချိန်ကလေးကို တော်တော်နှင့် မကုန်ဆုံးချင်ပေ။

“ရှင်တို့ နောက် ဘာသင်တန်းတွေ တက်သေးလဲဟင်၊ ကျွန်မလည်း အတူတူလိုက်တက်မယ်၊ ရှင်တို့နဲ့ ခင်ရတာ အရမ်းပျော်ဖို့ ကောင်းတာပဲ သိလား”

“အင်း ... ကောင်းတယ်၊ တက်သာတက်၊ ကျွန်မတို့က အင်္ဂလိ(ရှ်)လည်း တက်တယ်၊ ကွန်ပျူတာလည်းတက်တယ်၊ LCCI လည်း တက်တယ်၊ အားရင်လည်း သူငယ်ချင်းတွေ စုချိန်းပြီး နေရာအနှံ့ လျှောက်သွားကြတာ၊ တစ်နေ့မှ မတွေ့တဲ့နေ့ မရှိဘူး သိလား၊ ပြီးတော့ ညတိုင်းလည်း ဖုန်းကလှည့်ပတ်ပြီးတော့ ပြောကြသေးတာ ...

တစ်ခါတလေ တစ်ယောက်ယောက်အိမ်မှာ စုပြီးတော့ ညအိပ်ကြတယ်၊ DVD တွေကြည့်ကြ၊ ကာရာအိုကေ



www.burmeseclassic.com

www.burmeseclassic.com



တွေဆိုကြ၊ ညလုံးပေါက် စကားတွေ ပြောကြနဲ့ အရမ်း ပျော်ဖို့ကောင်းတယ် ကံကံရဲ့၊ ကျွန်မတို့ သူငယ်ချင်းတွေ က ညီအစ်မတွေထက်တောင် သိပ်ချစ်ကြတာ"

"ဟယ် ... ကောင်းလိုက်တာ၊ ပျော်စရာကြီး၊ ကျွန်မကို လည်း ခင်ပါနော်၊ ဘယ်သွားသွား ခေါ်သာခေါ်၊ လိုက် မယ်၊ ညအိပ်ရင်လည်း ခေါ်နော်၊ လာအိပ်မယ်၊ ဖုန်းနံပါတ် တွေလည်း ပေးထားကြဦး၊ ညတိုင်း ကျွန်မလည်း ဖုန်းဆက် မယ်"

"ကံကံကလည်း ခင်ဖို့ကောင်းပါတယ်နော်၊ ကျွန်မတို့နဲ့ တိုက်(ပ်)ချင်း တူပုံရတယ်၊ ပေါင်းလို့ရတယ် သိလား"

ဉာဏ်သည် စကားပြောရင် လက်ကလေးက အမြဲ ပါသည်။ လက်ကလေးနှင့် သူ့လက်ကို ဖျတ်ခနဲ လာရိုက်ချင် ရိုက်မည်။ လက်ကို လာကိုင်ချင်ကိုင်မည်။ ထိုအခါ သူ့မှာ ကြက်သီးမွေးညင်းဖြာလျက် စိတ်လှုပ်ရှားရလေသည်။ သူ့ကို





မိန်းကလေးတစ်ယောက် ဆိုသောအသိဖြင့် ဉာဏ်က ဟက်ဟက် ပက်ပက် နွေးထွေးလျှင်မြန်စွာ ရင်းနှီးပစ်လိုက်ခြင်း ဖြစ်သည်။ ကျန်တဲ့သူငယ်ချင်းတွေကလည်း သူ့ကို ခင်ခင်မင်မင် ဆက်ဆံ ကြသည်။ သူ့အပေါ် လုံးဝသံသယ မရှိချေ။

ဝ ❥ ဝ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်ကြားမှာ ခင်မင်ရင်းနှီးဖို့အတွက် အချိန်တစ်ခု လိုအပ်သော်လည်း၊ မိန်းကလေးချင်းကျတော့ ဘာအဟန့်အတားမှ မရှိတော့ချေ။ ညတိုင်း သူနှင့် ညာဏ် ဖုန်းပြောဖြစ်ကြသည်။ သူမတို့တက်သမျှ သင်တန်းတကာမှာ သူ လိုက်တက်လေသည်။ သူမတို့သွားသမျှ Shoppiing mall တွေ မှန်သမျှဆီ သူ လိုက်သည်။ ဘယ်လောက်ထိအောင် ရင်းနှီးခွင့်ရသလဲဆိုလျှင် မိန်းကလေးအိမ်သာအထိပါ သူ လိုက်ခွင့်ရ၏။ အဘယ်ကြောင့်ဆိုသော် သူကလည်း မိန်းကလေးတစ်ယောက်လို ဝတ်စားထားသောကြောင့်ဖြစ်သည်။

ပြီးတော့ မိန်းကလေးတွေ၏ ရှုပ်ထွေးဆန်းကြယ်သော အတွင်းရေးတွေကိုလည်း သူ မမျှော်လင့်ဘဲ သိခွင့်ရသည်။





တစ်ရက်မှာ Computer သင်တန်း၏ သန့်စင်ခန်းထဲမှာ ပြဿနာတစ်ခုတက်၏။ ဖြစ်တာက ညာဏ် ဖြစ်သည်။

"ဟယ် ... EVA ဘယ်သူပါသလဲဟင်"

ညာဏ်က မျက်လုံးဝိုင်းကလေးနှင့် ခပ်တိုးတိုးပြောလျှင် ရုတ်တရက် သူ နားမလည်ချေ။

ကျန်သူငယ်ချင်းတွေက ...

"ဘယ်ပါမှာလဲ ညာဏ်ညာဏ်ရဲ့၊ နင် ဖြစ်နေလို့လား"

"အေး ... ဖြစ်နေလို့ တောင်းတာပေါ့ဟဲ့"

"ဘာဖြစ်တာလဲဟင်"

သူ ယောင်းယမ်းကာ မေးမိသွားသည်။ ကျန်မိန်းကလေးတွေက သူ့ကို ဒါလေးတောင် မသိဘူးလားဟူသော အံ့သြမှုဖြင့် ချာခနဲ ဝိုင်းကြည့်ကြတော့မှ သူ မိန်းကလေးတွေရဲ့ကိစ္စကို နည်းနည်းရိပ်မိသွား၏။

"ဟယ် ... ကံကံ၊ နင် မဖြစ်ဖူးဘူးလား၊ ဘာဖြစ်တာလဲတဲ့၊ မေးပုံကြီးကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ငါ သိပါတယ်ဟဲ့၊ ရတ်တရက်မို့ မကြားလိုက်လို့ မေးမိတာပါ၊ ညက်ညက် ကျွန်မ ဘာလုပ်ပေးရမလဲ"

"ဩော် ... EVA လိုချင်တာပေါ့ ကံကံရဲ့"

"ငါ သွားဝယ်ပေးမယ်"

သူ ချက်ချင်းပင် ထွက်လာခဲ့ပြီး သင်တန်းပေါ်မှ ဆင်းလာခဲ့သည်။ ဒီအနီးနားတစ်ဝိုက်မှာ Minimart တစ်ခုရှိနေတာမို့ အတော်ပဲ ဖြစ်ပေမဲ့ EVA ဝယ်ရတာ သူ နည်းနည်းတော့ ရှက်ပါသည်။ ဒါပေမဲ့ သူ့ပုံစံကလည်း မိန်းကလေးပုံစံကလေးမို့ ဘာပြဿနာမှတော့ မရှိပါ။

EVA ကပျာကရာဝယ်ပြီး ညက်ညက့် အခက်အခဲကို ကူညီလိုက်ရသောအခါ သူ ကျေနပ်သည်။ အကယ်၍ သူသာ ယောကျ်ားလေးတစ်ယောက်လို နေခဲ့ရင် ဒီလို အတွင်းကျကျ ကူညီမှုမျိုး သူ လုပ်ပေးခွင့်ရမှာ မဟုတ်ချေ။





"ကံကံရယ် ... နင် သိဝ်လိမ္မာတာပဲ၊ အရမ်းအလိုက်သိတယ်၊ လစ်ခနဲ ထွက်သွားပြီး ဝယ်လိုက်တာ၊ ငါတောင် အားနာသွားတယ်၊ အဟုတ်"

"အမယ်လေး၊ အားနာစရာလား၊ သူငယ်ချင်းချင်းပဲဥစ္စာ"

သူ့ရင်ထဲမှာ ညက်ကို ကျိတ်သနားနေတာ ညက် မသိရှာ။ မိန်းကလေးတွေဟာ တကယ်သနားဖို့ကောင်းတာနော်။ သူတို့ခမျာ တစ်လတစ်ခါ အလုပ်တွေကို ရှုပ်လို့။

"ငါက အဲ့ဒါဖြစ်ရင် ဗိုက်အရမ်းအောင့်တတ်တာ ကံကံရဲ့၊ သင်တန်း မတက်ချင်တော့ဘူး၊ ငါ အိမ်ပြန်တော့မယ်"

"နင် ပြန်ရင် ငါလည်းပြန်မယ်လေ၊ ငါ ပြန်လိုက်ပို့မယ်၊ တက္ကစီငှားပြီး ပြန်ကြတာပေါ့"

"အင်း ... ကောင်းတယ်၊ ဟိုမိန်းမတွေ မလိုက်ကြနဲ့တော့၊ ငါနဲ့ ကံကံပဲ ပြန်လိုက်မယ်"

ကျန်တဲ့ သူငယ်ချင်းတွေက ကျန်ရစ်ခဲ့ကြသည်။ သူနှင့် ညက် နှစ်ယောက်တည်းသာ ပြန်လာခဲ့ကြသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



ညက်လက်ကလေးကို ဘာရယ်မဟုတ် အားပေးတဲ့အနေနဲ့ ဆုပ်ကိုင်ဖျစ်ညှစ်ထားမိသည်။ ကားတုံးပြီးသောအခါ ကားနောက်ခန်းမှာ အတူထိုင်ကြ၏။

"အဲ့ဒီလို ကိုက်ရင် ငါက အကိုက်အခဲပျောက်ဆေး အမြဲသောက်ရတယ် ကံကံရဲ့၊ နင်ရော မကိုက်တတ်ဘူးလား"

"ဟော့အေး"

သူ ရယ်ချင်သွားပါသည်။

ပြီးတော့ ညက် မျက်နှာကလေးကိုပဲ မသိမသာ အကဲခတ်ကာ အရိပ်ကြည့်နေသည်။ သူ ဘာလုပ်ပေးရကောင်းမလဲ။

"နင် ဘာဆေးသောက်လဲ ညက်၊ ငါ ဝယ်ပေးမယ်လေ"

"အိမ်မှာရှိတယ် ကံရဲ့ EPO သောက်တာ၊ အိမ်ကျမှပဲ သောက်တော့မယ်"

သူ့စိတ်ထဲမှာ ဆေးနာမည်ကို မှတ်ထားလိုက်၏။ နောက်ဆို တစ်လတစ်ခါ ညက် အဲဒီလိုဖြစ်တိုင်း သူ အဲ့ဒီဆေးကိုဆောင်ထားလျှင် ဝေဒနာကို ညက် မခံစားရတော့ဘူးပေါ့။





ညက်အိမ်သို့ ရောက်သောအခါ ...

"လာ ကံကံ ... အခန်းထဲမှာပဲ သွားအိပ်နေရအောင်၊ နင် မပြန်သေးဘူးမို့လား၊ ငါ ပျင်းလို့ဟ၊ စကားပြောရအောင်နော်၊ ညနေကျမှ ငါ ပြန်ပို့ပေးမယ်"

ညက်က သူမ အခန်းထဲသို့ သူ့ကို ခေါ်သွားလေသည်။ သူ ဘယ်လောက်ပျော်ရွှင် ရင်ခုန်သွားသလဲဆိုတာ ပြောပြင်မပြတတ်ပါ။ ကိုယ်ချစ်သော မိန်းကလေးတစ်ယောက်ရဲ့ အခန်းထဲသို့ သူ ဝင်ခွင့်ရလိမ့်မည် ဆိုတာ ဟိုးအရင်က ယောင်လို့တောင် မတွေးရဲခဲ့ပါ။

ညက် အခန်းက မွေးပျံ့သန့်ရှင်းကာ ဗေဒါရောင် ဖျော့ဖျော့ ဆေးသုတ်ထားပြီး နှစ်ယောက်အိပ် မွေ့ရာကြီးပေါ်မှာ အရုပ်မျိုးစုံ ပတ်ပတ်လည် ပြည့်နှက်လျက်။ ပြီးတော့ ရေမွှေး ပုလင်းကလေးပေါင်း များစွာကို နံရံကပ်ဗီရိုကလေး တစ်ခုထဲမှာ စနစ်တကျ စီရီခင်းကျင်းထားလျက်၊ အခန်းတွင်းစိုက် ပန်းအိုးကလေးတွေ။ ကွန်ပျူတာစားပွဲ။ တီဗီနှင့် DVD စက်တွေ၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကက်ဆက်၊ အားလုံး စနစ်ကျကျ သပ်သပ်ရပ်ရပ်။ အလှပြင် မှန်တင်ခုံပေါ်မှာ Skin care ပစ္စည်းတွေ၊ နှုတ်ခမ်းနီတွေ စီစီရီရီ ...

"ရော့ ကံကံ၊ ဂါဝန်လဲထားလိုက်"

ညက်က ဗီရိုထဲမှ ဂါဝန်နှစ်ထည် ထုတ်ကာ သူ့ဆီသို့ တစ်ထည်ပစ်ပေးသောအခါ သူ ရင်ထိတ်ခနဲ ခုန်သွား၏။ ဂါဝန်နှစ်ထည်စလုံးက ကြိုးတစ်ချောင်းဂါဝန်ကလေးတွေချည်း။

ညက်ကတော့ သူ ရှိနေတာကို လုံးဝ ဂရုမစိုက်ဘဲ လဲစရာရှိတာတွေ လဲပြီးသောအခါ မွေ့ရာပေါ်သို့ ဒိုင်ဗင်ထိုးကာ ပစ်လှဲအိပ်နေပြီ။

"အမယ်လေး ... ခုမှပဲ ပေါ့ပါးသွားတော့တယ်ဟယ်။ ဟယ် ... ငါ ဆေးမသောက်ရသေးပါလား၊ ကံကံရယ်၊ အဲ့ဒီ ရေခဲသေတ္တာလေးထဲမှာ EPO ပုလင်းကလေးနဲ့ ရေပုလင်းကလေး ယူပေးဟယ်၊ ငါ မထချင်တော့လို့ပါ"

"အေးပါ၊ အေးပါ၊ ရပါတယ်"





သူ ရေခဲသေတ္တာကလေး ပြေးဖွင့်ကာ ဆေးပုလင်းနှင့် ရေခွက်ကလေးယူပြီး ညက်ကို တိုက်လိုက်သည်။

"ကံကံက တကယ်ချစ်ဖို့ကောင်းတယ်၊ ကေကေတို့ဆို သူတို့ကို အဲ့ဒီလိုခိုင်းရင် ပြူစူလို့ မပြီးတော့ဘူး၊ ကံကံ အင်္ကျီလဲလေ၊ ပြီးရင် ဒီမှာလာအိပ်၊ စကားတွေ ပြောရအောင်"

သူ့အဖြစ်မှာ ပျော်လည်းပျော်၊ ရင်လည်းခုန်ကာ စိတ်လည်း ညစ်နေသည်။ စိတ်ညစ်တာက အင်္ကျီလဲရမှာစိုးသောကြောင့် ဖြစ်သည်။

"မလဲတော့ပါဘူးဟယ်"

"ဟယ် ... ဘယ်ဖြစ်မှာတုံး၊ ညည်းအင်္ကျီနဲ့ ဘောင်းဘီက အကျပ်တွေဥစ္စာ၊ ကေကေတို့ ဓာဓာတို့လည်း ဒီလိုပဲလဲကြတာပဲ၊ လဲလိုက်စမ်းပါ"

"ဒါဖြင့် ရေချိုးခန်းထဲမှာလဲမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဟဲ့၊ မိန်းမချင်းများ သူက အရှက်ကြီးနေသေးတယ်၊ ဘယ်သူ့က နင့်ကိုကြည့်မှာတဲ့၊ အတူတူချင်းကို ဟား ဟား"

ဉာဏ်က သူ့ပုံစံကိုကြည့်ကာ အားပါးတရ အော်ရယ်လျက်ရှိသောအခါ သူ ရှက်သွားသည်။ သို့သော် ရေချိုးခန်းထဲမှာပဲ သူ ဂါဝန်သွားလဲလိုက်ရ၏။

"ဟဲ့ ... ဘရာပါ ချွတ်ထားလိုက်လေ၊ ရှင့်ကြည့်ရတာ အသက်ရှုရ ခက်လိုက်တာနော် ကံကံရယ်၊ အရှက်ကလည်း ကြီးပါ့"

"ဟော့အေး ... မချွတ်တော့ပါဘူးဟယ်၊ ငါမနေတတ်ဘူး"

"လာ ... လာ ... ဒီမှာ လာအိပ်"

ဉာဏ်က သူမ ဘေးနေရာကလေးကို လက်ကလေးနှင့် ပုတ်ပြလေသည်။ သူ့ရင်တွေ ဝုန်းဒိုင်းကြဲကာ ဆူညံလာ၏။ ဉာဏ့်ရဲ့ မွေ့ရာပေါ်မှာ သူ အသာအယာကလေး ဝင်လဲလျောင်းလိုက်သောအခါ သူ့ရင်ထဲ နွေးခနဲ လှိုက်ခုန်သွားလေသည်။ အို





ဟု အာမေဋိတ်ကလေးတိုးတိုး ရင်ထဲမှာ တိတ်တိတ်ဆိုညည်းလိုက်သည်။

အနီးကပ် မြင်နေရသော ဉာဏ့်မျက်နှာကလေးက အံ့သြလောက်ဖွယ် ချစ်စရာကောင်းလှပြီး သူ့ကို ပြုံးကာကြည့်နေသည်။

"ဘာကြည့်နေတာလဲ"

"အမယ်လေး ကံကံရယ်၊ နင် သိပ်ရှက်တတ်တာပဲ၊ အံ့သြဖို့ ကောင်းလိုက်တာ"

ဉာဏ်က သူ့ပါးကို ဖျတ်ခနဲလှမ်း၍ ဆွဲလိမ်ပစ်လိုက်သောအခါ သူ့ရင်တွေ တဖျပ်ဖျပ် ခုန်သွားပြီး သူ့လက်များက ဉာဏ့် ပါးပြင်ကလေးဆီ တို့ထိ ပွတ်သပ်လိုက်မိလေသည်။

"ဉာဏ်ဉာဏ် ... နင့် ပါးပြင်ကလေးတွေက နုအိချောမွတ်နေတာပဲနော်၊ သွေးကြောကလေးတွေတောင် မြင်နေရတယ်၊ နင် သိပ်လှတယ် သိလား၊ အရမ်းချစ်ဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ကံကံ၊ ကံကံ၊ ငါ့ကိုလာပြီး မြှောက်နေတယ်၊ ကြည့်စမ်း၊ ပြော ... နင်ဘာစားမလဲ၊ ရှောက်သီးသုပ်နဲ့ ကြာဇံဟင်းခါး စားမလား၊ ငါ့မအေးကို သုပ်ခိုင်းလိုက်မယ်"

"ဟင့်အင်း၊ မစားချင်ပါဘူး၊ နင့်ကို ငါ အရမ်းချစ်တယ် သိလား ဉာဏ်ဉာဏ်၊ နင့်အတွက်ဆို ငါ ဘာမဆို လုပ်ပေးမယ်၊ နင် ဘယ်အချိန်မှာ ဘာပဲလိုအပ်လိုအပ် အချိန်မရွေး ငါ့ကိုသာ ခေါ်လိုက်"

"အေးပါဟယ်၊ ငါလည်း နင့်ကို ချစ်ပါတယ်၊ ငါက တစ်ဦးတည်းသောသမီး ဆိုတော့ ညီအစ်မ သိပ်လိုချင်တာဟ၊ သူငယ်ချင်းတွေဆိုလည်း သိပ်မက်တာ၊ နင်နဲ့ငါ သွေးသောက်ညီအစ်မဖွဲ့မယ်လေ ဟား ဟား၊ ငါက နည်းနည်းတော့ အနိုင်းသန်တယ်နော်၊ နင် သည်းခံရမယ်၊ ပြီးတော့ ငါက ငါချစ်တဲ့လူကိုဆိုရင် ဗိုလ်လည်းကျတတ်တယ် သိလား"





"အမယ်လေး ... ကြိုက်သလောက်သာ ခိုင်း၊ ကြိုက်သလောက်သာ ဗိုလ်ကျစမ်းပါ၊ ကဲ အခု ဘာလုပ်ပေးရမလဲ ပြော"

"နင် တကယ် လုပ်ပေးမယ်ပေါ့၊ နေဦး ... ဘာလုပ်ခိုင်းရရင် ကောင်းမလဲ၊ ငါ စဉ်းစားလိုက်ဦးမယ်၊ အို ... ငါ သတိရပြီ၊ ငါ့ခြေသည်းတွေ အရောင်ပြောင်းချင်နေတာ၊ နင် လုပ်ပေးမလား၊ ကဲ ..."

တကယ်တော့ ဉာဏ်က သွေးတိုးစမ်းကာ နောက်လိုက်ခြင်လည်း ဖြစ်သည်။ သို့သော် ကံကံ့ဆီမှ ...

"လုပ်ပေးမယ်၊ ဖျက်ဆေးရယ်၊ ဘာအရောင်ဆိုးမလဲ ဆိုတာပဲ ပြော"

ဟု လိုလိုချင်ချင် အသံထွက်လာသောအခါ ဉာဏ် အံ့သြသွားလေသည်။ ဘယ်သူငယ်ချင်းမှ ခြေသည်းဆိုးဆေး ဆိုးပေးလောက်အောင်တော့ အနွံအတာမခံကြပါ။ ကံကံသည် အခုမှခင်တာ မကြာသေးပေမဲ့ ဉာဏ့်အပေါ် အလွန်ကောင်းလွန်း



www.burmeseclassic.com

www.burmeseclassic.com



နေတာ ဘာကြောင့်ပါလိမ့်။ ဉာဏ့်ကို ကံကံ ကြည့်တာကအစ ကေကေတို့ ဇာဇာတို့ကို ကြည့်ပုံမျိုးမဟုတ်။ ချိုချိုရီရီ ချစ်ချစ် ခင်ခင်ကလေး ဖြစ်သည်။

"တော်ပါပြီဟယ်၊ နောက်တာပါ၊ နင် ငါ့အပေါ် ဘယ်လောက် အနွံအတာခံမလဲဆိုတာ စမ်းကြည့်တာပါ"

"မစမ်းပါနဲ့ ဉာဏ်ဉာဏ်၊ ငါ တကယ်လုပ်ပေးမယ်၊ ပြောဖျက်ဆေးနဲ့ လက်သည်းဆိုးဆေးပုလင်း"

"ဒါဆိုလည်း ပြီးရော၊ ဗီမ်တောင်ရှိသေး၊ ခဏနေဦး၊ ငါ သွားယူပေးမယ်"

ဉာဏ်သည် ဖျက်ဆေးပုလင်း ဂွမ်းနှင့် လက်သည်းနီပုလင်းကလေး သွားယူလာပေးလိုက်သည်။

"ခြေထောက်ကို ဒီဖက်လုံးပေါ် တင်ထားလိုက် ဉာဏ်ဉာဏ်"

ဉာဏ်သည် ခြေထောက်ကို ဖက်လုံးပေါ် တင်ပေးလိုက်ကာ ဉာဏ့် ခြေသည်းကလေးတွေကို စိတ်ရှည်လက်ရှည် ဖျက်ဆေးနှင့် ပွတ်တိုက်ဖျက်ပေးနေသော ကံကံ့ မျက်နှာကလေး





ကို ငေးစိုက်ကြည့်နေမိလျက် ရှိလေသည်။ ဉာဏ့်အပေါ် အခုလောက် အော်ကျနောက်ကျခံကာ ပေါင်းသော သူငယ်ချင်းမျိုး မရှိဖူးသေးခဲ့၊ ကေကေတို့ ဇာဇာတို့နှင့် ပေါင်းတာက တန်းတူရည်တူ ပေါင်းတာမျိုး။ သူငယ်ချင်းချင်း သိပ်ချစ်ကြတယ်ဆိုပေမဲ့ ဒီလောက် တယုတယ၊ ကယုကယင် လုပ်မပေးတတ်။

"ကံကံရယ် ... နင် တကယ်ချစ်ဖို့ကောင်းလိုက်တာ၊ ငါတို့ ဟိုဘဝက ညီအစ်မများ တော်ခဲ့သလား မသိဘူးနော်"

"အင်းပေါ့"

ကံကံသည် ခြေသည်းဆိုးဆေးကို လက်မတုန်အောင် သတိထားထိန်းကာ စိတ်ရှည်လက်ရှည် ဆိုးပေးလျက်ရှိသည်။ ကိုယ့်ချစ်သူကလေးကို ခုလို နီးနီးကပ်ကပ်၊ ယုယုယယကလေး လုပ်ကိုင်ပေးခွင့် ရလိမ့်မည်ဟု သူ မမျှော်လင့်ခဲ့ပါ။

"နင့်ခြေထောက်ကလေးတွေက အရမ်းလှတယ် ဉာဏ်၊ နင့်ကို ချစ်ခွင့်ရတဲ့ ယောက်ျားကတော့ တော်တော်ကံကောင်းမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်က သဘောကျစွာ ရယ်မောလျက်ရှိပြီး ...

"ကံကောင်းသလား၊ မကောင်းဘူးလားတော့ မသိဘူးဟော့၊ ဝါ့ကို မုန်ကြောင်တစ်ကောင် လိုက်ဖူးတယ် သိလား၊ သူ့ရုပ်ကဟယ် ဘယ်လိုခေါ်မလဲ၊ အရုမ်းမုန်းစရာကောင်းတယ်၊ မျက်မှန်က အထူကြီးနဲ့၊ လူက မိန်းမလို ကနွဲ့ကလျကလေး၊ လုပ်လိုက်ရင် တလွဲချည်းပဲ၊ အဲ့ဒီတစ်ယောက်လိုက်တာ ခံရတုန်းကတော့ ငါ့မှာလေ သူ့ကို မုန်းလွန်းလို့ ချိုးဖဲ့ခြေမွပစ်ချင်တယ်၊ သူ့ရုပ်နဲ့ဟယ်၊ ငါ့လိုမိန်းမချောကလေးကို လိုက်ရဲတာ အံ့ပါရော၊ တူသလား တန်သလား စဉ်းစားပါတော့လားနော် ...

သူ့မျက်နှာမြင်တိုင်း ငါ တော်တော်ဒေါသထွက်ရတယ်၊ အခုတော့ ပျောက်သွားပါပြီ၊ သူ မလာတော့ဘူး၊ အဲ့ဒါမှပဲ စိတ်ချမ်းသာရတော့တယ်၊ သူ ဆက်လိုက်နေရင်လည်း တစ်နေ့နေ့တော့ ငါ တစ်ခုခု လုပ်မိတော့မှာ၊ သူ့အကြောင်းသူ သိသွားလို့ ထင်ပါရဲ့၊ ဆက်မလိုက်တော့ဘူး"





ဟု ပြောပြနေသောအခါ သူ့မျက်နှာတစ်ခုလုံး ပွန့်ရှိန်းမြသွားလေသည်။ ဉာဏ်ဟာ သူ့အပေါ် ဘယ်လောက်မုန်းနေသလဲ ဆိုတာကို အခုမှပင် သူကိုယ်တိုင် နားနှင့်ဆတ်ဆတ်ကြားခွင့်ရလိုက်ရခြင်းဖြစ်ကာ ရင်ထဲမှာ တစ်ခုခု ကွဲကြေသွားသလို နာကျင်သွား၏။

တစ်ချိန်ချိန်မှာ သူသည် ဉာဏ် အလွန်မုန်းသော မုန်ကြောင်မှန်း ဉာဏ်သိသွားခဲ့လျှင် ...။ အို ... သူ မတွေးချင်သေးပါ။ ဉာဏ့် အနားမှာ နေခွင့်ရှိသရွေ့ အနံ့အတာခံခွင့် ရှိသရွေ့ ပေးဆပ်ယုယခွင့် ရှိသရွေ့ သူ နေချင်ပါသည်။

"အဲ့ဒီကောင်ကို နင် တော်တော်မုန်းသလား ဉာဏ်"

"အေး ... တော်တော်ကို မုန်းတာဟဲ့၊ သူ့မျက်နှာမြင်လိုက်တိုင်း ဒေါသတွေက လှိုင်းလိပ်တွေလိုပဲ အလိပ်လိုက်၊ အလိပ်လိုက် လိပ်လိပ်တက်လာပြီး သူ့ကို ကုတ်ဖဲ့ထုနက်ပစ်ချင်တယ်၊ ရေကန်တွေ ဘာတွေထဲ တွန်းချပစ်ချင်တယ်၊ မကြိုက်တာမှ ဘယ်လိုမှကို မကြိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သည် မျက်နှာကလေးကို မဲ့ရွဲ့ကာ လက်တခါခါဖြင့် ပြောလေသည်။ သူသည် သက်ပြင်းကို ခိုး၍ရှိုက်ရ၏။ သူ့ပုံစံက ခုအချိန်မှာ ဘာနှင့်တူနေသလဲဆိုရင် သူလျှိုတစ်ယောက်နှင့် တူနေသည်။

"ဘယ်ဘ၀က ရေစက်မှန်းကို မသိပါဘူး ကံကံရယ်၊ သူ့ကိုတော့ စိတ်ထဲကကို အလိုလိုနေရင်း အမုန်းဓာတ်က ၀င်နေတာ၊ တခြားလိုက်တဲ့ ကောင်လေးတွေလည်း ရှိပါတယ်ဟယ်၊ ဒါပေမဲ့ သူ့လို အကြောင်ကြောင် ယေတိပေကပ် မဟုတ်ပါဘူး၊ မကြိုက်ဘူးဆိုရင် မကြိုက်ဘူး ပြောလိုက်ရင် နားလည်သွားကြတာပါပဲ၊ သူ့ကျတော့ နားလည်းမလည် အလိုက်ကန်းဆိုးကလည်း မသိ၊ နင် မမြင်ဖူးလိုက်လို့ အရမ်းမုန်းစရာကောင်းတာဟဲ့"

ခြေသည်းကလေးတွေ ဆိုးလို့ပြီးသွားခဲ့ပြီ။ ဉာဏ်လည်း မျက်လုံးကလေးများမှိတ်ကာ ငြိမ်သက်သွားလေပြီ။ သူမ အိပ်ပျော်သွားခြင်း ဖြစ်မည်။ သူသည် အပြင်ကင်းစင်စွာ အိပ်စက်





မှုပျော်နေသော ချစ်ရသူကလေး၏ မျက်နှာကလေးကို ချစ်မြတ်နိုးခြင်းအပြည့်ဖြင့် ယစ်မူးရီဝေစွာ မာန်မာနတွေ၊ ရန်လိုငြိုးစူခြင်းတွေ ကင်းစင်လျက် ငြိမ်းချမ်းလှပကာ ကြည်လင်နေသော မျက်နှာကလေး။

သူ သက်ပြင်းတွေ အကြိမ်ကြိမ်ချရင်း သူမ မျက်နှာကလေးကိုသာ အချိန်တွေ ဘယ်လောက်ထိအောင် ကြာမြင့်သွားသည် မသိလိုက်ရဘဲ ငေးကြည့်နေခဲ့သည်။

တစ်နာရီကျော်ကျော်လောက် သူမ အိပ်ပျော်သွားပြီး ဖျတ်ခနဲ လန့်နိုးလာချိန်တွင် ဖုန်းသံထ,မြည်၏။ ကံကံသည် ဖုန်းသံဖြင့် ဉာဏ်နိုးသွားမှာ စိုးရိမ်သည့်အလား ဖုန်းဆီသို့ ကမန်းကတန်း ပြေးကိုင်ရသည်။

"ဟဲ့ ... တိုးတိုးလုပ်ပါဟဲ့၊ ဉာဏ်ဉာဏ် အိပ်ပျော်နေတယ်၊ နိုးသွားတော့မှာပဲ"

ဟု အကဲဆတ်ဆတ် ပြောနေသော ကံ့အသံကို နားထောင်ရင်း ဉာဏ့် နှုတ်ခမ်းကလေးများ ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး၊ အကဲပိုလိုက်တာ ကံကံရယ်၊ ဉာဏ် နိုးတော့ ဘာဖြစ်သတုံး၊ နှိုးလိုက်၊ နှိုးလိုက်၊ ကျွန်မတို့ သင်တန်းပြီးပြီ၊ သူ့အိမ်ကို လာနေကြပြီ၊ ဒီည သူ့အိမ်မှာ စုအိပ်ကြမယ်လို့၊ လက်ဖက်တွေ ဝယ်လာတယ်၊ ညကျရင် သုပ်စားကြမယ် သိလား"

"အို ... လက်ဖက်၊ ဉာဏ်ဉာဏ်စားလို့ ဘယ်ရမလဲ၊ နင် မိန်းမလုပ်နေပြီး ဒါလေးတောင် မသိဘူးလား၊ ဉာဏ် ဟိုဟာဖြစ်နေတယ်လေ"

ထိုဗဟုသုတကို သူ ဘယ်တုံးက သိထားခဲ့သည် မသိ။ ဪ ... မေမေ့ဆီက သိခဲ့တာ ဖြစ်မယ်။ မိန်းကလေးတွေ အဲ့ဒါလာရင် လက်ဖက်သုပ် မစားရဆိုလား။

"အမယ်လေး ... ဉာဏ်ဉာဏ်လား၊ စားပါ၊ နေပါဦး ကံကံ၊ နင် ဘာဖြစ်လို့ ဉာဏ်ဉာဏ့် အပေါ် ဒီလောက် အဖြစ်သည်း အကဲဆတ်ဆတ် ပိုနေရတာလဲ၊ နင် သိပ်ပိုမနေနဲ့"





တစ်ဖက်မှ ကေကေ ဖုန်းချသွားပြီ။ သူ နောက်သို့ လှည့်ကြည့်လိုက်သောအခါ သူ့ကို ပြုံး၍ကြည့်နေသော ဉာဏ်ကို တွေ့ရသည်။

"သူတို့ ဒီည လာအိပ်ကြမလို့တဲ့"

"ဟေး ... ဟုတ်လား၊ ကောင်းတယ်၊ ငါ ပျင်းနေတာ၊ တစ်ညလုံး၊ စကားတွေ ပြောကြမယ်"

"ဉာဏ် ... ငါရော အိပ်လို့ရမလားဟင်"

သူ့ရဲ့ မဝံ့မရဲ တောင်းဆိုသံကလေးကြောင့် ဉာဏ်က အံ့သြစွာ ဟက်ဟက်ပက်ပက် ရယ်မောပါလေသည်။

"အို ... ကံကံ၊ ဖြစ်မှဖြစ်ရလေ၊ နင်က အဲ့ဒီလိုပုံစံနဲ့ ခွင့်တောင်းစရာလား၊ ငါတို့သူငယ်ချင်းတွေ ဒီလိုပဲ စုအိပ်နေကျလေ၊ ဒါ အဆန်းမှ မဟုတ်တာ"

သူ ပျော်သွားပါသည်။ ကိုကြီးသောင်း ဆီသို့ ချက်ချင်းဖုန်းဆက်ကာ ခွင့်တောင်းလိုက်သည်။ ကိုကြီးသောင်းက သဘောကျစွာ တအားအော်ဟစ်ရယ်မောလျက်ရှိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ကံကံ၊ မင်းစိတ်တွေ မင်းထိန်းဦးနော်၊ မိန်းကလေးတွေရဲ့ အတွင်းသရုပ်တွေ မြင်ပြီး မင်းစိတ်တွေ တဖောက်မနေနဲ့ဦး၊ မင်းကို မိန်းကလေးပဲထင်လို့ သူတို့ သံသယမဝင်တာ၊ ပိပိရိရိလည်း နေဦး၊ ပေါ်သွားရင် ပြဿနာတက်မယ်"

ဟု စိုးရိမ်တကြီး သတိပေးနေသေးသည်။

"ဟုတ်ကဲ့ပါ ကိုကြီးသောင်း"

သူ ဖုန်းချလိုက်ပြီး ရင်ထဲမှာ တထိတ်ထိတ် ခုန်နေသည်။ မကြာခင်မှာ ကေကေတို့ တစ်အုပ်ကြီး ဆူညံစွာ ရောက်လာကြသည်။ မိန်းကလေးတွေစုံရင် ပျော်စရာတော့ အလွန်ကောင်းပါသည်။ တစ်ယောက်တစ်ပေါက်နှင့် ပြောချင်ရာတွေ လျှောက်ပြောကာ တဝါးဝါးတဟားဟား ရယ်မောကြသည်မှာ ဆူညံနေသည်။ ဉာဏ့် ဖေဖေနှင့် မေမေကလည်း ခေတ်မီပွင့်လင်းကာ လူငယ်တွေကို နားလည်အလိုလိုက်ပေးနိုင်သော မိဘမျိုးဖြစ်၏။ ဉာဏ်က တစ်ဦးတည်းသောသမီး ဖြစ်ရာ ဉာဏ့်သဘော တစ်ခုတည်း လိုလေသေးမရှိ ဖြည့်ဆည်းပေးတတ်ကြပုံရသည်။





သူငယ်ချင်းတွေ ညအိပ်မယ်ဆိုလျှင် ထမင်းဟင်းတွေ အဆင်သင့်။ စားစရာ မုန့်အမျိုးမျိုး ထွက်ဝယ်ပေးလိုက်သေးသည်။

"ဒီမှာကြည့်စမ်း၊ ဒါ ကံကံ ဆိုးပေးတာ"

ဉာဏ်သည် ခြေထောက်ကလေး နှစ်ဖက်ကို ကော့ကာ ကြွားလျှင် ကျန်သူငယ်ချင်းတွေက သူ့ဆီ ဖျတ်ခနဲ လှည့်ကြည့်ကြရာ သူ့မျက်နှာတစ်ခုလုံး ရှိန်းခနဲ ထူပူသွား၏။

"အံမယ် ... ကံကံ၊ နင်က ဉာဏ့်ကို ဘာဖြစ်လို့ အဲ့ဒီလောက်တောင် လုပ်ပေးရတာလဲ၊ ဟမ်း ... ငါတို့အုပ်စုထဲမှာ သူငယ်ချင်းချင်း အချစ်တော်တွေ ဘာတွေမရှိဘူးနော်၊ အဲ့ဒါမျိုး မလုပ်နဲ့"

ဖာဖာက မကြိုက်သလို မျက်နှာထားနှင့် ခပ်တည်တည် ပြောသည်။

"ဟုတ်တယ်၊ ကံကံက ဉာဏ့်ကိုဆို ငါတို့ထက်ပိုပြီးချစ်တာ၊ ကွက်ပြီးရွာတဲ့မိုးလိုကို ဆက်ဆံတာ၊ အရမ်းသိသာတယ်၊ ဉာဏ်ဉာဏ့် မျက်နှာကိုဆို သူကကြည့်တာ ဒီလိုဒီလို"



www.burmeseclassic.com

www.burmeseclassic.com

ချစ်ချစ်က လက်ဖမိုးနှစ်ခုကိုဆင့်၍ အဲ့ဒီပေါ် မေးထောက်လျက် မျက်လုံးတွေ တောက်ပစွာနှင့် ညာဏ့်မျက်နှာကို သေသေချာချာ စိုက်ကြည့်ပြလျှင် ကျန်သူငယ်ချင်းတွေက တဟားဟား အော်ရယ်ကြလေသည်။

"အေးလေ ... သူ့အချစ်တော် ကျနေတာပဲ"

"မဟုတ်ပါဘူးဟယ်၊ နင်တို့ ရျောဝင်ပြီး ငါ့ ကံကံကလေးကို မဟုတ်တရုတ်တွေ လျှောက်ပြောမနေပါနဲ့၊ ဘာအချစ်တော်မှ မဟုတ်ဘူး၊ ညီအစ်မလို ချစ်ကြတာပါ၊ ဟုတ်တယ်နော် ကံဂံ"

ညာဏ်က ကံကံ့ ပခုံးကလေးကို လှမ်းဖမ်းထားလိုက်ကာ ကိုယ်ခန္ဓာကို တိမ်းလိုက်ယိမ်းလိုက် လုပ်နေသောအခါ သူမနေ့တတ်တော့ချေ။

ခဏကြာသောအခါ သူငယ်ချင်းတွေအားလုံး အာရုံပြောင်းသွားကြသည်။ ဟိုလူ့အကြောင်း ဒီလူ့အကြောင်း ရုပ်ရှင်အကြောင်းတွေဆီ ခေါင်းစဉ်ပြောင်းသွားသောအခါ သူ သက်ပြင်း





ချနိုးရှိုက်မိသည်။ ဘယ်အခြေအနေထိ အချိန်ဘယ်လောက်ထိ သူမအနားမှာ သူ အခုလို နီးကပ်ချစ်ကြည်စွာ နေခွင့်ရပါ့မလဲ၊ အဲ့ဒါကိုပဲ တထိတ်ထိတ် ဖြစ်စရာ။

စကားပြောရင်း စားစရာတွေ တစ်မျိုးပြီးတစ်မျိုး မအေး လာလာပို့သမျှတွေကို စားသောက်ပြီး ညနေစောင်းသောအခါ ပြဿနာတစ်ခုက စလာသည်။ ရေချိုးကြဖို့ ဖြစ်၏။

"ရေချိုးကြရအောင်၊ မြန်မြန်ပြီးအောင် နှစ်ယောက်တစ်တွဲ ချိုးမယ်"

ဟု ကေကေက စတင်ပြောကာ ဓာဓာ့ကို ဆွဲပြီး ရေချိုးခန်းထဲ ဝင်သွားလေသည်။ သူရယ် ချစ်ချစ်ရယ်၊ ညာဏ်ရယ် သုံးယောက်သာ ကျန်သည်။ ညာဏ်က ...

"ငါ တစ်ယောက်တည်းပဲ ချိုးတော့မယ်နော်၊ ငါက မသန့်လို့၊ ကံကံနဲ့ ချစ်ချစ် ဒုတိယဝင်လိုက်ကြ"

ဟု ဆိုသောအခါ သူ ချစ်ချစ် မျက်နှာကို အထိတ်တလန့် ကြည့်မိလျက် ချောက်ချားသွားသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ငါလည်း တစ်ယောက်တည်းပဲ ချိုးမှာ၊ နှစ်ယောက် မချိုးတတ်ဘူး၊ ရှက်စရာကြီး"

"အမယ်လေး ... အဲ့ဒီ ကံကံဟာလေ၊ နေရာတကာ အရှက်အကြောက်က ကြီးတယ်၊ ဘာဖြစ်တုံး၊ သူငယ်ချင်း ချင်းပဲဥစ္စာ၊ မရဘူး၊ နင်နဲ့ငါ ချိုးမယ် အတူတူ"

ချစ်ချစ်က ဖွတ်ပြောနေသည်။

"နင်နော် ... ငါ မချိုးတတ်ပါဘူး ဆိုနေမှ"

"ချိုးရမယ်၊ နို့မို့ဆို အချိန်ကြာတယ်ဟ၊ ငါက ဗိုက်ဆာပြီ၊ ရေချိုးပြီးတာနဲ့ ထမင်းစားရမှာ၊ တစ်ယောက်ချင်းသာ ချိုးနေရင် ပြီးတော့မှာ မဟုတ်ဘူး၊ နင့်ကို ငါ မကြည့်ဘူး၊ ကတိပေးတယ်၊ ကဲ ... အဖြစ်သည်းပိုမကြီးရဲ့"

သူ ခေါင်းတခါခါ လည်တခါခါ ဖြစ်နေချိန်မှာပဲ ကေကေနှင့် ဇာဇာက တစ်ယောက်နှင့် တစ်ယောက် တွန်းထိုး နောက်ပြောင် ရယ်မောကာ ရေချိုးခန်းထဲမှ ထွက်လာကြ၏။ သူတို့ ကိုယ်ပေါ်မှာ တဘက်ကြီးတွေသာ ပတ်ထားပါသည်။ သူ





ယောင်ယမ်းပြီး မျက်စိစုံမှိတ်ပစ်လိုက်ရသည်။ မိန်းကလေးတွေဟာ အတော်အံ့သြစရာ ကောင်းပါလား။ အပြင်ပန်းကြည့်လိုက်ရင် တော့ သူတို့လောက် ဣန္ဒြေကြီးတာ ရှက်တတ်တာ လုံခြုံလျှို့ဝှက် တတ်တာ မရှိတော့။ သူတို့ မိန်းကလေးချင်းလည်း တွေ့ရော အနေအထိုင်တွေက မယုံနိုင်လောက်အောင် ပွင့်လင်းလွန်းလှသည်။

"ကဲ ... လာ ကံကံ"

ချစ်ချစ်က သူ့လက်ကို ဖွတ်ဆွဲခေါ်သွားသောအခါ သူ အော်ဟစ်တွန့်လိမ် ရုန်းကန်ရင်း ပါသွား၏။ ချစ်ချစ်က မလွှယ်။ နဂိုကတည်းက ဖက်တီးပုပ်ကလေးနှင့် အားကောင်း မောင်းသန် ရှိရတဲ့အထဲ တစ်ဖွတ်ထိုးကလည်း နိုင်ပြန်သေးရာ သူက ပါးပါးလျလျကလေးမို့ ချစ်ချစ် လက်ထဲမှာ မလူးသာ မလွန့်သာ ပါသွားရလေသည်။

"ကဲ ... ချွတ် ချွတ် ဂါဝန်ကို၊ နင့်ကို ငါ လုံးဝ မကြည့် ဘူး၊ ဟိုဘက်လှည့်ထားမယ်၊ ငါ့ကိုလည်း နင်မကြည့်နဲ့၊ ကဲ ချွတ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အား ... တော်ပြီ ... တော်ပြီ၊ ချစ်ချစ် ... ငါ မကြည့်ရဲဘူး"

သူသည် ချစ်ချစ်ကို ကြောက်ပြီး အသံကုန်ကြွး အော်ကာ ရေချိုးခန်းထဲမှ ဝုန်းဒိုင်းကြဲလျက် ပြန်ထွက်ပြေးလေသည်။

"ဟယ် ... ဘယ်လိုဖြစ်နေတာလဲ၊ အဲ့ဒီ ကံကံဟာ"

သူ့ကိုကြည့်ပြီး ဉာဏ် အပါအဝင် ကျန်တဲ့ကောင်မလေးတွေက ဝိုင်းရယ်ကြ၏။ သူ့တစ်ကိုယ်လုံး ထူပူတုန်ယင်နေလေသည်။

"ကဲပါဟယ်၊ ကံကံက ရှက်ကိုရှက်တတ်တာ၊ သူ့ဘာသာ သူ တစ်ယောက်တည်း ချိုးပါစေ"

ဟု ဉာဏ်က ဝင်ပြောပေးသည်။

"အေး ... အဲ့ဒီလောက် အဖြစ်သည်းပြီး အကဲဆတ်ဆတ်ပို၊ ငါတို့က ချောင်းကိုကြည့်ဦးမယ်၊ အဟုတ်"

ဟု ကေက ကြိမ်းလေသည်။





"သူမှာ ဘာချွတ်ယွင်းချက်တွေရှိမှန်းမသိ၊ တစ်ကိုယ်လုံး ဝဲတွေပေါက်နေသလားမှ မသိတာ"

ဇာဇာက မဲ့ရွဲ့ကာ ပြောသေး၏။ ရေချိုးခြင်းကိစ္စကို ဒုတ်တော်လေး အတိုက်အခံလုပ်ပြီးမှ သူ တစ်ယောက်တည်း ချိုးခွင့်ရ၏။ ဒါတောင် အချောင်းခံရဦးမလားဟု သူ့မှာ မလုံမလဲ တစ်ချိန်လုံး တောင်ကြည့်မြောက်ကြည့် လုပ်ကာ ချိုးရသည်။ ဩော် ... ဘဝ ဘဝ၊ မိန်းကလေးတစ်ယောက်ကို ချစ်ရသော သူ့ဒုက္ခ မသေးလှပါ။

ထမင်းစား DVD ကြည့်၊ စကားတွေပြောပြီး ညဉ့်နက်လာချိန်တွင် အိပ်ကြဖို့ ပြင်ဆင်ကြ၏။ ခုတင်ပေါ်မှာ သုံးယောက်၊ အောက်မှာ နှစ်ယောက် အိပ်ကြမည်။ ဉာဏ်က အိမ်ရှင်ဖြစ်တဲ့အတွက် အောက်မှာပဲ အိပ်မည်ဆိုသောကြောင့် သူကလည်း အောက်မှာပဲ အိပ်မည်ဟု ဆိုလိုက်သည်။

တစ်နာရီလောက် ကြာသောအခါ အသီးသီးဆီမှ ဟောက်သံတွေ ထွက်ပေါ်လာခဲ့သည်။ အားလုံးအိပ်ပျော်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ ဉာဏ်ဉာဏ် အပါအဝင်ပေါ့။ အိပ်မပျော်သည်မှာ သူ တစ်ယောက်တည်းဖြစ်၏။ သူ့မျက်လုံးများက ဘယ်လိုမှ အိပ်ချင်စိတ်ပေါ်မလာ။ အဲ့ဒီတော့ ဉာဏ့် နံဘေးတွင် ဉာဏ့်ရဲ့ အပြစ်ကင်းလှသော မျက်နှာကလေးကို တစိမ့်စိမ့် ငေးကြည့်ရင်း မိုးလင်းခဲ့ရတာပေါ့လေ။

ချစ်လိုက်တာ ဉာဏ်ဉာဏ်ရယ်။

○❥○





## အခန်း(၃)

အချိန်တွေ ကြာလာသည့်တိုင် သူ့ကို ဘယ်သူမှ မရိပ်မိခဲ့။ သူနှင့် ဉာဏ်ဉာဏ့် ကြားက ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ သံယောဇဉ်နှင့် တွယ်တာမှုကလည်း တစ်စထက်တစ်စ ခိုင်မြဲရင့်သန်လာခဲ့ပါသည်။ အထူးသဖြင့် သူ့ဘက်က ဉာဏ်ဉာဏ့်အပေါ် သူမတူအောင် အနွံအတာခံနိုင်တာ၊ ဉာဏ့်အပေါ် အလွန်ကောင်းပြီး သိတတ်တာ၊ ဉာဏ့် အတွက် အမြဲတမ်း အဆဲခံသင့်ဖြစ်ကာ ဖြည့်ဆည်းပေးတတ်တာတွေက ဉာဏ် တစ်ယောက်တည်းသာမဟုတ်၊ ကျန်တဲ့ သူငယ်ချင်းတွေကပါ ရိပ်မိကာ ပယောဂဖြစ်စေခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ ဆိုပါစို့၊ မနက်တိုင်း မနက်တိုင်း ညက်ညက် စားဖို့ breakfast ကို တစ်နေ့တစ်မျိုး မရိုးရလေအောင် သူကိုယ်တိုင် သွားပို့တတ်သည်။ မုန့်ဟင်းခါး၊ မြီးရှည်၊ နန်းကြီးသုပ်က အစ DimSum အထိ မထပ်စေရ။

"ဟယ် ... ကံကံရယ်၊ ဘာလို့ နေ့တိုင်း မုန့်တွေဝယ်လာရတာတုံး"

ဟု ညက်ကပင် အားနာယူရတဲ့အထိ။

"နင်နဲ့ breakfast အတူတူ စားချင်လို့ပေါ့ ညက်ရယ်"

ဟု သူ ဆင်ခြေပေးမြဲ။ မနက်တိုင်း သူက မုန့်တွေဝယ်ပြီး ရောက်လာတတ်တော့ ညက့် ဖေဖေနဲ့ မေမေကလည်း သူ့ကို ရင်းနှီးချစ်ခင်နေကြပြီ။ သူတို့သမီးကို အရူးအမူး သိပ်ကို ခင်ရှာသော ကောင်မလေးတစ်ယောက် အဖြစ်။

နောက်ပြီး သူငယ်ချင်းတွေနှင့် Shopping အတူထွက်တိုင်း သူက ညက်ညက့် တစ်ယောက်တည်းအတွက် ကွက်ကာ ဖန်စီပစ္စည်းအသ့် အဆောင် ခရေးကရာကလေးတွေ၊





အကျီ၊ စကတ် အစရှိတာတွေ ငွေတ်ဝယ်ပေးလေ့ရှိမြဲ။ ညက့်ကို လိုက်သော ကောင်လေးတိုင်းသည် သူ့ရန်သူ။ ညက့်နောက်လိုက်လျှင် သူက ခါးထောက်ကာ ကက်ကက်လန် ရန်တွေ့မြဲ။

"အောင်မယ် ... နင့်ရုပ် နင့်ရည်နဲ့များ ညက်ညက့်ကို ချစ်တယ်၊ လိုက်တယ်၊ ဟုတ်လား၊ အံ့ဩစရာကြီး၊ အဲ့ဒီမှာ ဖင်ဆောင့်ပြီးတော့သာ သေလိုက်၊ ဟင်း ... ဆက်မလိုက်နဲ့နော်၊ ဆက်လိုက်လို့ကတော့ ပါးကွပ်ကွပ်ကျိုးသွားမယ်၊ ဘာမှတ်နေလဲ"

စသဖြင့် မိန်းမတစ်ယောက်လို ဟန်ပန်ဖြင့် စွာလန်ကြဲရသည်။

ထိုကောင်လေးတွေ မခံနိုင်။

"ဟာ ... သူက ကြားထဲကနေ ဘယ်လိုဖြစ်နေတာလဲ၊ အသားလွတ်ကြီး ဆွေ့ဆွေ့ခုန်နေတယ်၊ နင့်ကို မကြိုက်လို့မှလား၊ နင့်ကိုလည်း မကြိုက်ပါဘူး၊ ညက့်ကိုပဲကြိုက်တာ၊ သိပ်အဖြစ်သည်းမနေနဲ့ ပြူးပြဲစိန်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့ကို အမုန်းကြီး မုန်းကြသည်။ ကျန်တဲ့သူငယ်ချင်းတွေကလည်း ဘာမှမဖြစ်။ ဉာဏ်ကိုယ်တိုင်ကလည်း ခပ်အေးအေး။ ကဲကဲဆက်နေတာ သူ တစ်ယောက်တည်း ဖြစ်နေတော့ သူ့ကို ဘယ်သူကမှ နားမလည်နိုင်ကြ။ ဉာဏ့်ကို သူ ဘာဖြစ်လို့ အဲ့ဒီလောက် သဝန်တိုလွန်းကာ အချစ်ကြီး ချစ်ရပါသနည်း။ သူတို့ နားမလည်နိုင်ကြ။ အဖြေကို သူ တစ်ယောက်တည်းသာ သိသည်။ အနေနီးကပ်စွာ အတူတူ တတွဲတွဲ၊ မခွဲမခွာ ဖြစ်လာတော့ ဉာဏ့်ကို သူ ပို၍ အချစ်ကြီးချစ်ကာ သံယောဇဉ်က ပို၍ နက်ရှိုင်းစွဲနစ်လာသည်။ ညတိုင်း ဖုန်းမပြောဖြစ်တဲ့ ညရယ်လို့မရှိ။

သို့သော် ဒီအခြေအနေ ဒီအနေအထားကနေ သူ ဘယ်လိုပြောင်းလဲရမည် မသိ။ ဒီအတိုင်းရော ဘယ်အချိန်ထိ သူ ရှေ့ဆက် သွားရမည်နည်း။ မိန်းကလေးချင်းဆိုတဲ့ အသိဖြင့် ဉာဏ်ဉာဏ်က သူ့ကို တွတ်တီးတွတ်တာ ပူးပူးကပ်ကပ် ဆက်ဆံတတ်သည်။ ပိုခင်လာလေ ပို၍ ချစ်စဖွယ် အပြုအမူကလေးတွေ လုပ်လေဖြစ်သည်။





ဉာဏ်ဉာဏ်ရဲ့ ထူးခြားသော အရည်အသွေးက ဘယ်လိုပဲနေနေ ချစ်စဖွယ် ကောင်းနေတတ်ခြင်း ဖြစ်သည်။ ထို့ကြောင့် အုပ်စုထဲမှာ ဉာဏ်ဉာဏ့်ကိုပဲ ကြိုက်သူတွေ ဝိုင်းဝိုင်း လည်နေသည်။ ထို့ကြောင့် သူ ကံဆိုးခဲ့ပါသည်။

"ဉာဏ် ... နင် ဘယ်သူ့ကိုမှ ပြန်မကြိုက်ရဘူးနော်"

"ဟဲ့ ... ကံကံရယ်၊ နင် ငါ့ကို အဲဒီလောက်တော့ မပိုင်စိုးနဲ့ကွာ၊ ငါ ကြိုက်တဲ့သူ ဆိုရင်တော့ ပြန်ကြိုက်မှာပေါ့၊ နင်က ရှေ့ကနေ ဘီလူးသရဲမကြီးလို ကာဆီးနေတော့ ငါ လာဘ်ပိတ်တာပေါ့"

"ကြည့်စမ်း ... နင်က ဘယ်သူ့ကို ပြန်ကြိုက်ချင်လို့တုံး"

သူ့ရင်ထဲ ထိတ်ခနဲဖြစ်ကာ ကြေကွဲသွားခဲ့သည်။

"ငါ ရည်းစားထားကြည့်မလို့ ကံကံ၊ နင် ငါ့ကို မဆူနဲ့နော်"

"ဟင် ... နင် အဲဒီလောက်တောင် တွေးနေပြီ၊ ဘယ်သူလဲ၊ ဘယ်သူ့ကို ရည်းစားထားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်က မချိုမချဉ်ပြုံးကာ သူ့ကို စိုက်ကြည့်နေသည်။ ဉာဏ့် မျက်လုံးတွေက စူးရှတောက်ပလွန်းသဖြင့် ဉာဏ် စိုက်ကြည့်လျှင် သူ မခံနိုင်ချေ။

"နင် သိပါတယ်ဟယ်၊ Harley Davidson ဆိုင်ကယ်ကြီးနဲ့ ခပ်မိုက်မိုက် ကောင်လေးဟာလေ၊ အရပ်အမြင့်ကြီးနဲ့၊ အရမ်းချောတယ်ဟ၊ သူနဲ့သာ တွဲသွားလိုက်ရရင် လူတိုင်းက ဝိုင်းငေးကြမှာပဲ"

"လူတိုင်းက ဝိုင်းငေးကြဖို့ နင် ယောကျ်ားတစ်ယောက်ကို ပြန်ကြိုက်မယ်၊ ဟုတ်လား ဉာဏ်"

သူ့နှလုံးသားဆီမှာ ဒဏ်ရာတစ်ခု စူးခနဲ ဝင်ရောက်သွားသည်။ ရည်းစားထားကြည့်ဖို့ဆိုတဲ့ ခပ်ပေါ့ပေါ့ ရည်ရွယ်ချက်နှင့် ထိုကောင်ကို ဉာဏ် စိတ်ကစားနေခြင်းသာဖြစ်မှန်း သူသိပါသည်။

"အဲ့ဒီလိုတော့လည်း မဟုတ်ဘူးလေ၊ သူက အရမ်း talky ကောင်းတယ်ဟ၊ နင် မသိလို့၊ ငါနဲ့သူ့ ညတိုင်း ဖုန်းကျွေးဖြစ်ကြတယ်"





"ဘာ"

"ဟယ် ... ကံကံ၊ နင် စွတ်အော်တာပဲ၊ ဘယ်လိုဖြစ်နေတာလဲ၊ ငါ သူ့ကို ကြိုက်တယ်ဟ၊ မင်းခက် တဲ့"

"ဉာဏ်ဉာဏ်"

သူ့မျက်လုံးတွေမှာ ချက်ချင်း မျက်ရည်တွေနဲ့ဝိုင်းသာသည်။ သူ့နှလုံးသားက ဉာဏ်နှင့်ပတ်သက်လျှင် အထိမခံလောက်အောင်ပင် ထိရှလွယ်လွန်းပါသည်။ သူ့မှာတော့ အရိပ်ကြည့်ကာ ချစ်နေရရုံကလေးနဲ့သာ ကျေနပ်ရောင့်ရဲနေရတာ။ ယောကျ်ားတစ်ယောက် ဆိုတာရဲ့ ဖြစ်တည်မှုနဲ့ တန်ဖိုးကိုတောင် တတ်နိုင်သမျှ ဖျောက်ကွယ်လျှစ်လျူရှုလျက် မိန်းကလေးတစ်ယောက် အသွင်ဖြင့် သူမ အနားမှာ နေခွင့်ရအောင် ကြိုးစားခဲ့ရသည်။

"ငါ့ကို မတားပါနဲ့ ကံကံ၊ တားဖို့ မကြိုးစားပါနဲ့နော်၊ နင် ငါ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါ သိပါတယ် ကံကံ၊ ဒါပေမဲ့ မိန်းကလေးချင်း ချစ်ကာနဲ့ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်နဲ့ ချစ်တာကတော့ ဘယ်နည်းနဲ့မှ မတူနိုင်ဘူးဟာ၊ သူက အရမ်းချစ်ဖို့ကောင်းတယ်၊ ငါ သူ့ကိုချစ်ကြည့်လိုက်မလို့၊ နော် ... သူ့ကို အဖြေပေးတော့မလို့"

ဉာဏ်ဉာဏ်က မျက်ဝန်းကလေး တလက်လက်ဖြင့် ခပ်ပြုံးပြုံးကလေး ပြောခြင်းဖြစ်သည်။

"ဟိုမိန်းမတွေကရော ... ဘာမှ မပြောကြတော့ဘူးလား ဟင်"

"သူတို့က ငါ့သဘောပဲ ကံကံ၊ ငါ ချစ်တဲ့သူကို သူတို့ သူငယ်ချင်းအဖြစ် ကြည်ဖြူပေးမှာပဲ၊ နင်လည်း ကြည်ဖြူပေးပါဟာ"

"ငါ မကြည်ဖြူနိုင်ဘူး ဉာဏ်၊ နင့်ကို ငါ သိပ်ချစ်တယ်၊ ဘယ်ယောက်ျားရဲ့ ရင်ခွင်ထဲမှာမှ နင့်ကို ငါ မရှိစေချင်ဘူး၊ အဲ့ဒီကောင်အကြောင်း နင် ဘယ်လောက်သိလို့လဲ ဉာဏ်၊ ရုပ်ချောတိုင်း မမက်ပါနဲ့ဟာ၊ အလကား လူရုပ်လူပွေဆိုရင် နင်ပဲ ဒုက္ခရောက်မှာ"





သူ တားနိုင်သရွေ့တော့ ခါးခါးသီးသီး တားမြစ်ပါသည်။ သို့သော် ဉာဏ်က တစ်ခွန်းထိုး။ သူမ လုပ်ချင်တာရှိရင် ဘယ်သူမှ ဘယ်အရာကမှ တားဆီး၍မရ။ ရုပ်ချောတာ အပြောကောင်းတာနဲ့တင် ဉာဏ်က မင်းခက် ဘက်သို့ ယိမ်းနွဲ့တိမ်းညွတ်နေလေပြီ။

"ရောက်ရောက်ဟာ ငါ့ဘာသာ ရောက်တာ၊ နင် ရောက်တာမှ မဟုတ်တာ၊ ငါကတော့ ကြိုက်တယ်၊ မနက်ဖြန် အဖြေပေးတော့မှာ"

ဉာဏ်က ခွတ်ပြောသည်။ ဉာဏ့်ကို သူ ဘယ်လိုမှ တားမရနိုင်တော့မှန်း ဉာဏ့် မျက်လုံးတွေနဲ့ နှုတ်ခမ်းတွေက သက်သေခံနေပါသည်။

"ဉာဏ် ... နင် ပြောလို့မရတော့ဘူးလား"

"အေး ... ပြောလို့ မရတော့ဘူးဟာ၊ ခုအချိန် သိကြားမင်းကြီး ဆင်းလာပြီး ဖျက်ရင်တောင် မရတော့ဘူး"


www.burmeseclassic.com

www.burmeseclassic.com



ညဏ်က ယတိပြတ် ဆုံးဖြတ်ထားသံနှင့် ပြောသော အခါ သူ နာကျင်စွာ ကြေကွဲသွားသည်။ ညဏ် ရည်းစားထား ခြင်းကို ဒီလိုနဲ့ပဲ သူ လက်ပိုက်ကြည့်နေရတော့ကာ ဘယ်သူမှ မသိအောင် တိတ်တဆိတ် အသည်းကွဲရတော့မည်။ ညဏ့်ရဲ့ အချစ်ဦး သူ မဖြစ်နိုင်တော့ဘူးပေါ့။ သူ ချစ်နေသော မိန်းကလေး ကို တခြားယောကျ်ားတစ်ယောက်နဲ့ ချစ်နေတာ သူ ဘယ်လိုနှလုံး သားမျိုးဖြင့် ခံနိုင်စွမ်း ရှိရမည်နည်း။

ပြီးတော့ ညဏ့်ကို စိုးရိမ်သည်မှာ ကျွမ်းကျင်သော ပါးနပ်တတ်သိသော အထာနပ်သော ယောကျ်ားတစ်ယောက်နှင့် ချစ်သူ မဖြစ်စေချင်။ ဟိုက သူမကို လှည့်စားချင်တိုင်း လှည့်စား ပြီး ထားပစ်ခဲ့လျှင် ညဏ် အသည်းကွဲကာ ခံစားရလိမ့်မည်။ ညဏ့်ကို မခံစားစေလိုပါ။ ညဏ့်ကို အပူအပင်ကင်းကင်းနဲ့ ပျော်ရွှင်တက်ကြွနေတာကိုပဲ သူ မြင်ချင်သည်။ အချစ်ရဲ့ နောက် ဆက်တွဲရလဒ်တွေ ညဏ့်ကို မခံစားစေလိုပါ။

"ငါ့ကို အခွင့်အရေးတစ်ခုတော့ ပေးရမယ် ညဏ်"

"ဘာတုံး ပြော"





"နင့်ဘေးမှာ ငါ အမြဲရှိနေချင်တယ်၊ နင် အဖြေပေးတဲ့ အချိန်လည်း ငါ နင်နဲ့အဖော်လိုက်ခဲ့မယ်၊ နင်တို့ ဟိုသွား ဒီသွား ချိန်းတွေ့လည်ပတ်ကြရင်လည်း ငါ နင့်ကို တစ် ယောက်တည်း မလွှတ်နိုင်ဘူး၊ ငါ လိုက်မှဖြစ်မယ်၊ အဲ့ဒီ လိုဆို ခွင့်ပြုမယ်၊ သူ နင့်ကို တစ်ခုခု မဟုတ်တာကြံရင် ငါနဲ့ အတွေ့ပဲ"

ညဏ်က သူ့ကိုကြည့်ကာ သဘောကျစွာ တဟား ဟား အော်ရယ်လေသည်။ သူ့အပေါ်လည်း ညဏ်က သံယောဇဉ် ရှိသည်ဖြစ်ရာ ...

"အေး ... အေး၊ အဲဒါဆိုလည်း ပြီးရော၊ လိုက်၊ လိုက်၊ ငါတောင် အဖော်ရသေးတယ်"

ဟု ခွင့်ပြုလေသည်။ သူ့ရင်ထဲမှာ မချင့်မရဲကြီးဖြင့် ပင် ညဏ်ညဏ် ရည်းစားစ,ထားမှာကို ခွင့်ပြုလိုက်လျှောလိုက်ရ သည်မှာ ညဏ့်ကို ချစ်လွန်းသောကြောင့် ဖြစ်လေသည်။

ညဏ် ဘာလုပ်ချင်သလဲ၊ ဘာလုပ်ရင် ပျော်မလဲ၊ ညဏ်ပျော်တာ လုပ်ချင်လည်း လုပ်ပါစေ ဆိုသော ဆန္ဒဖြင့် သူ



www.burmeseclassic.com

www.burmeseclassic.com



သဘောတူလိုက်မိခြင်း ဖြစ်သည်။ ဉာဏ် အဖြေပေးတဲ့နောက်ကို သူ လိုက်မယ်ဆိုတာသိတော့ သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ဝေဖန်ကဲ့ရဲ့ကြသေး၏။

"အဲ့ဒီကံကံဟာ ဘယ်တော့မှ Normal မဟုတ်ဘူး၊ အမြဲတမ်း အစွန်းရောက်ပဲ၊ ဉာဏ်ဉာဏ် သူ့ဘာသာသူ ရည်းစားထားမှာ နင်က ဘာကိစ္စ ကန့်လန့်ကန့်လန့်နဲ့ ဝင်ရှုပ်ချင်ရတာတုံး ...

သွားပါစေ၊ သူတို့ဘာသာ လွတ်လွတ်လပ်လပ်၊ နင် မရှက်ဘူးလား၊ သူများသမီးရည်စား ကြားထဲမှာ"

"မရှက်ဘူးဟေ့ လိုက်မှာပဲ၊ ငါ့သူငယ်ချင်းကို ငါ စိတ်မချဘူး၊ လိုက်ပြီး ကာကွယ်စောင့်ရှောက်ရမှာပဲ၊ နင်တို့လို မျက်နှာလွှဲခဲပစ်နဲ့ ကျီးထိုးထိုး ခွေးဆွဲဆွဲ လွှတ်မပေးလိုက်နိုင်ဘူး၊ အဲ့ဒီကောင်က လူလည်"

သူက မနာလိုဝန်တိုခြင်းများစွာဖြင့် မဲ့ကာရွဲ့ကာ ပြောသည်ကို သူငယ်ချင်းတွေက ဝိုင်းရယ်ကြလေသည်။ သူတို့ တစ်ခုခုကိုတော့ သိကြသည်။ အဲ့ဒါက ဘာလဲဆိုတော့ ကံကံသည်





ဉာဏ့်အပေါ် သာမန်ထက်ပိုသော သမားရိုးကျ မဟုတ်သော အချစ်မျိုးဖြင့် မိန်းမချင်း ချစ်နေတယ် ဆိုတာကိုပဲ ဖြစ်၏။ အဲ့ဒီ အတိုင်း သိထားလည်း ကိစ္စမရှိ။ သူက ဂရုမစိုက်။

"လိုက်ဟေ့ ... လိုက်၊ လိုက်၊ ဉာဏ်ဉာဏ် လက်ထပ်တော့လည်း နင် လိုက်သွားပြီးတော့နေ၊ သူတို့လင်မယားအတွက် ဝေယျာဝစ္စတွေ ဘာတွေ လုပ်ပေးပေါ့"

ကေကေက အရွဲ့တိုက်သံဖြင့် ပြောသည်ကို သူ မသိချင်ယောင် ဆောင်နေလိုက်သည်။ သူငယ်ချင်းတွေက သူ့ကို ဉာဏ်နှင့် ပတ်သက်လာလျှင် အဖြစ်သည်းတတ်လွန်းသဖြင့် မုန်းလောက်အောင်ထိ မဟုတ်သော်လည်း အမြင်တော့ တော်တော်ကတ်ကြဟန်ရှိသည်။ အားအားရှိ ဉာဏ်ဉာဏ့် နားမှာ တောက်တဲ့ကပ်သလို တပူးကပ်ကပ် လိုက်လုပ်နေတာကိုလည်း ကြည့်လို့ရဟန်မတူ။ ဩော် ... သူတို့မှ မသိဘဲကိုးနော်။

○ ◆ ○



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပင် ဉာဏ်ဉာဏ် အဖြေပေးတဲ့နေ့မှာ သူ လိုက်သွားခဲ့သည်။ မင်းခက်ကို တစ်စက်ကလေးမှ သူ မရှုစိမ့်နိုင်။ မိန်းကလေးတွေဟာ ရုပ်ကလေးဖြောင့်တဲ့ယောကျ်ား၊ အပြောချိုချို ညှို့ပြုံးကလေးနဲ့ဆို ဘာကြောင့် ပြန်ချစ်ချင်မှန်း မသိ။ နှလုံးသားကို ရက်ရက်ရောရော ထိုးပေးဖို့ ဝန်မလေးကြတော့။

ခုလည်း ကြည့်ပါ။ ချိန်းထားတဲ့ နေရာက အင်းလျားကန်ပေါင်ရိုး။ Harley Davidson ဆိုင်ကယ်လ် အမြင့်ကြီးပေါ်မှာ ကိုယ်နေဟန်စတိုင်လ် ခပ်မိမိနှင့် ထိုင်စောင့်နေဟန်ကိုက မိန်းကလေးတိုင်း ကြွေလောက်စရာ။

“တွေ့လား၊ ဘယ်လောက်ချောထားလဲ ကံကံ”





“တော်စမ်းပါ ဉာဏ်ရယ်၊ ရုပ်လှဖို့ထက် စိတ်လှဖို့က အရေးကြီးတာပါ”

သူတို့နှစ်ယောက်က တက္ကသိုလ်ကလာကြခြင်း ဖြစ်သည်။ သူ့ကိုမြင်တော့ မင်းခက်က ထောင့်မကျိုးသော ပခုံးတွန့်ဟန်ဖြင့် မျက်ခုံးကို ရှုံ့လေသည်။ အဓိပ္ပာယ်က သာသနာဖျက်မကြီး လိုက်လာတယ် ဆိုတာပေါ့လေ။ ကံကံ့ ရင်ထဲမှာ မနာလိုဒေါသစိတ်တွေနှင့် တဆတ်ဆတ် တုန်နေသည်။ မင်းခက်ကို တစ်ခုခု ပညာပြချင်နေသည်။ ပြီးတော့ ဉာဏ် သူ့ကို အဖြေမပေးဖြစ်ရင် ကောင်းမည်။

“ဟဲ့ … အမယ်လေး ပလုပ်တုပ်”

ကံကံသည် ရုတ်တရက် အကြံရကာ သူ့အနားရောက်မှ ခလုတ်တိုက်ချင်ဟန် ဆောင်ပြီး သူ့ဆိုင်ကယ်ကြီးကို ခပ်ပြင်းပြင်းကလေး ဆောင့်တွန်းပစ်လိုက်လေသည်။ တွန်းလိုက်သော အရှိန်ကြောင့် မင်းခက်ရော၊ ဆိုင်ကယ်လ်ကြီးပါ ဝရုန်းသုန်းကား ပြိုလဲကျသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟာ ... ဘယ်လိုလုပ်တာလဲဟ"

မင်းခက်သည် ကိုးရိုးကားရားနှင့် စတိုလ်ပျက်သွားကာ လဲကျရာမှ ဖရိုဖရဲ ပြန်ကြုံးထလေသည်။ ကုံကို ကြည့်သော ရှုံးရဲရဲ မျက်လုံးတွေမှာ မကျေနပ်သော၊ စိတ်ပျက်သော အရောင်တွေ လက်သွား၏။

"ဉာဏ်ကလည်း သူ့ကို ဘာလို့ခေါ်လာတာလဲ၊ တစ်ယောက်တည်း လာခဲ့ပါဆိုတာကို"

ဟု ပြောလျှင် သူ ထောင်းခနဲ စိတ်တိုကာ ခါးမှ လက်ထောက်ပြီး ကက်ကက်လန် ရန်တွေ့တော့သည်။

"အောင်မာ၊ ငါ့ဘာသာငါ ငါ့သူငယ်ချင်းကို စိတ်မချလို့ လိုက်လာတာပေါ့ဟဲ့၊ ဘာဖြစ်သလဲ၊ နင်က ရုပ်ကလေးသာ ချောပြီး အကျင့်က ကောင်းတာမှ မဟုတ်တာ၊ ငါ့သူငယ်ချင်းကို တစ်ယောက်တည်း လွှတ်စရာလားဟဲ့၊ တန်ရာ တန်ရာလည်းပြောပါ၊ ငါ့သူငယ်ချင်းက အဖိုးတန် အမျိုးမှန် မိန်းကလေးဟဲ့"





"ဟာ ... စွာလှချည်လားဟ၊ နှုတ်သီးကောင်း လျှာပါးနဲ့ ဘယ်လိုမိန်းမလဲ၊ ဉာဏ် ကြည့်ပြောဦးလေ၊ ဘယ်လိုဟာကြီးလဲ"

"ကံကံ ... တော်ဟာ၊ တော်ဟာ၊ နင် သိပ်စွာတာပဲ၊ တော်ပြီ၊ ဘာမှ ဆက်မပြောနဲ့တော့"

ဉာဏ်က သူ့ကို မျက်နှာတည်ကလေးနှင့် ခပ်ဆတ်ဆတ်ပြောလျှင် သူသည် ဉာဏ် စိတ်ဆိုးမှာကိုတော့စိုးကာ ခဏ အသံတိတ်လိုက်ပေမဲ့ မင်းခက်ကိုတော့ မျက်စောင်းတွေ ထပ်တလဲလဲ ထိုးလေသည်။

"နှစ်ယောက်တည်း ပြောရအောင် ဉာဏ်၊ သူ့ကို တစ်နေရာရာမှာ ထားခဲ့"

မင်းခက်က ဉာဏ့်ကို ခပ်တိုးတိုး လှမ်းပြောတာ ဖြစ်ပေမဲ့ ကံက ကြားလေသည်။

"အောင်မာ ... နင် ထားခဲ့တိုင်း ငါက နေခဲ့စရာလား၊ ငါ့မှာလည်း ခြေထောက်နဲ့ဟဲ့၊ လက်နဲ့ဟဲ့၊ လိုက်မှာ၊



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်လည်း ပါသေးတယ်၊ ငါ့ကို ဘယ်သူမှ တားလို့ မရဘူး"

မင်းခက်က သူ့ကို ဒေါသဖြင့်ကြည့်သည်။ သူ တမင်ရစ်နေမှန်း သိသောကြောင့် သူ့ကို ကြွပ်ကြွပ်ဝါးစားချင်လောက်အောင် မုန်းနေလောက်ပြီ။

"ကံကံ ... ငါ ပြောမယ်၊ ငါ့ကိုချစ်ရင် နင် ဒီဆိုင်ကယ်နားမှာပဲ စောင့်ကျန်ရစ်ခဲ့နော်၊ လိမ္မာတယ်၊ နင် အဲ့ဒီလိုဂျစ်ကန်ကန်လုပ်ရင် နောက်တစ်ခါ ငါ နင့်ကို မခေါ်တော့ဘူး"

ညာဏ်က ပြောသောအခါ သူ မငြင်းနိုင်။ စိတ်ဆင်းရဲစွာ ဝန်တိုငြူစူစွာဖြင့် ပါးစပ်ကိုလှုပ်ကာ အသံမထွက်ဘဲ ...

"နင်ကကို ရွနေတာ"

ဟု ရေရွတ်ရင်း ကျန်ရစ်ခဲ့ရသည်။ မင်းခက်ကို နာကျင်အောင် ဘယ်လိုလုပ်ရမည်နည်း။ ဆိုင်ကယ်ကြီးကို စိတ်နာနာနှင့် စိုက်ကြည့်နေဆဲ အထမ်းနှင့် လိုက်ရောင်းသော ဒူးရင်းသီးသည်ကို တွေ့ရ၏။





"ဒူးရင်းသီး ကျွန်မကို အခွံမာမာ အစူးချွန်ချွန်တွေ ပေးပါ၊ အထဲက အသားတွေ သပ်သပ်ထုပ်ပေး"

ဒူးရင်းသီးသည်ကြီး အခွံခွာပေးနေတုန်း ကံကံသည် ဒူးရင်းသီးခွဲသော ဓားချွန်ချွန်ဖြင့် မင်းခက်ရဲ့ ဆိုင်ကယ်လ်မှ မင်းခက်ထိုင်သော နေရာကို တိခနဲ ထိုးခွဲလှီးပစ်လိုက်လေသည်။ ဘယ်သူမှ မမြင်အောင်လည်း ဟိုဟိုဒီဒီ ကြည့်ရင်း သူသည် ဒူးရင်းသီး အခွံတစ်ခြမ်းကို ဆူးတွေဘက်ကို အပေါ်မှာထားပြီး ထိုဆိုဖာအပြဲကြား ပြန်လည်ထိုးသွင်းထားလိုက်သည်။ ပြီးတော့ အပေါ်ကနေ လက်ကိုင်ပဝါကလေး ပြန်အုပ်ထားလိုက်၏။

နောက်ကြည့်မှန် ဝိုင်းဝိုင်းတွေကို အိတ်ထဲမှာ အဆင်သင့်ပါသော လက်သည်းဆိုးဆေး ကြက်သွေးရောင်တွေဖြင့် ဖုံးအုပ်ပစ်လိုက်သည်။ ဘာမှ မမြင်ရတော့။ ပြီးတော့ ဆိုင်ကယ်လ် အိပ်ဇောပိုက်ထဲ ခဲလုံးတွေ ရှာကောက်ပြီး သွပ်သွင်းထားလိုက်၏။ တော်လောက်ပြီ။ ခုလောက်ဆို ညာဏ် သူ့ကို အဖြေပေးနေလောက်ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ပူပန်စိတ်ဖြင့် ကန်ပေါင်ရိုး တစ်လျှောက်ရှိ ခုံတန်းလျားကလေးတွေဆီ သူ ကမန်းကတန်း လိုက်လာခဲ့သည်။

ဟော ... တွေ့ပါပြီ။ ဘယ်လောက် ခြေမြန်လက်မြန်နိုင်လှတဲ့ မင်းခက်ပါလဲ။ ဉာဏ်ဉာဏ်ရဲ့ ဦးခေါင်းကလေးက မင်းခက်ရဲ့ ရင်ခွင်ထဲ ရောက်နေပြီ။ မင်းခက်က ဉာဏ့်ပခုံးတွေကို ပြန်လည်ပွေ့ဖက်ထား၏။ သူ့မျက်လုံးတွေ ပြာသွားကာ ရင်ထဲ လှပ်ဟာသွားလေသည်။ အို ... သူတို့ ချစ်သွားကြပြီပေါ့။ သူ ငိုချင်သွားမိ၏။

ချက်ချင်းပင် စိတ်ကို မထိန်းနိုင်တော့ဘဲ သူတို့နှစ်ယောက်ရှေ့သို့ ပြုန်းခနဲ ရောက်သွားကာ နှစ်ယောက်ကြားတွင် ထိုးခွဲလျက် ဝင်ထိုင်ပစ်လိုက်သည်။

"ဟာ ... လာပြန်ပြီ၊ ဘာလာနှောင့်ယှက်ပြန်ပြီလဲကွ"

"ထိုင်ချင်လို့ ထိုင်တာ၊ မတွေ့ဘူးလား"

"ကံကံကလည်းကွာ၊ အဲ့ဒီလို မနှောင့်ယှက်ရဘူးလေ၊ ဝင်လည်တတ်တယ်ဟဲ့၊ သွားနော်၊ ဟိုဘက်ခုံမှာ သွားထိုင်၊ လိမ္မာတယ်"





"နင်တို့ ချစ်သူတွေ ဖြစ်သွားကြပြီလား ဉာဏ်"

"အင်း"

သူ သက်ပြင်းရှိုက်မိသည်။ မြန်လိုက်တာ မယုံနိုင်စရာပင်။

"တစ်ခုခု သွားစားရအောင် ဉာဏ်၊ ကိုယ့်ဆိုင်ကယ်လ်နဲ့ သွားမယ်၊ သူ့ကို ထားခဲ့ပေါ့၊ ဒါမှမဟုတ်လည်း တက္ကစီငှားပြီး တင်ပေးလိုက်၊ သူ ပြန်ပစေ"

မင်းခက်ကတော့ သူ့ကို တော်တော်ကြီးကို အမြင်ကတ်နေပြီ။

"ငါက ဘာကိစ္စ ပြန်ရမှာတုံး၊ မပြန်ဘူး၊ ဉာဏ့်ကို တစ်ယောက်တည်း စိတ်မချလို့ လိုက်စောင့်ရှောက်တာပါလို့ ဘယ်နှခါ ပြောရမလဲ"

"ဟာ ... မင်း လူမှုရေး နားမလည်ဘူးလား၊ ချစ်သူတွေဆိုတာ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားချင်တာကွ၊ မင်းက သာသနာ့ဖျက် ဝင်လုပ်နေတာ မရှက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှက်ဘူး၊ မရှက်နိုင်ဘူး၊ ငါ့သူငယ်ချင်းကိုချစ်တဲ့ အချစ် တစ်ခုကလွဲပြီး ငါ ဘာကိုမှ ဂရုမစိုက်ဘူး၊ သိရဲ့လား၊ နင်သာ ငါ့သူငယ်ချင်းကို ငါ့ရင်ထဲက ဆွဲလုသွားတာ၊ ငါတို့နှစ်ယောက်ရဲ့ ချစ်ခြင်းကို နင် ခွဲတာဟဲ့"

ကံကံသည် ပြောရင်း ပြောရင်း ပိုပို စိတ်ထိခိုက် ကြေကွဲလာကာ မျက်ရည်ပေါက်ပေါက်ကျပြီး ရှိုင်ငင်ငိုကြွေးလိုက် လေသည်။

"ဟာ ... အဓိပ္ပာယ်မရှိတာ၊ လာငိုနေတယ်ကွာ၊ ကိုယ့် ဘာသာ ချစ်ချင်ရင် တခြားလူ ရှာချစ်ပါလား၊ ဘာဖြစ်လို့ ညဏ့်ကို မိန်းမချင်း ဒီလောက် တွယ်တာနေတာလဲ၊ ဘာလဲ၊ မင်းက လက်စဘီယန်လား"

"ကြည့်စမ်း၊ နင် ဘာစကားပြောတာလဲ"

ကံသည် နဂိုကတည်းကမှ မင်းခက်ကို တစ်ခုခု လုပ်ချင်သည်မှာ လက်ယားနေခဲ့သည်။ ခုလို အကြောင်းတိုက်





ဆိုင်စွာ သူက ရန်စ,စော်ကားလေတော့ ကံသည် လက်သီးထဲတွင် အားအပြည့်ထည့်ကာ မင်းခက်ရဲ့ မျက်နှာပြည့်တည့်ဆီ အရှိန် ပြင်းစွာ ထိုးပစ်လိုက်လေသည်။

"ဟဲ့ ... ကံကံ"

ညဏ့် အော်ဟစ်တားမြစ်တာ နောက်ကျသွားပြီ။ မင်းခက်သည် မထင်မှတ်သော လက်သီးဒဏ်ကို အငိုက်မခံလိုက် ရကာ မျက်နှာပင် ရှာလည်လှည့်သွား၏။ တော်တော်လည်း နာ သွားသောကြောင့် ဒေါသတကြီး ဖြစ်သွားကာ ကံကံ့ကို တစ်ခုခု ပြန်လုပ်ဖို့ လက်သီးတပြင်ပြင်ရှိကာ ...

"တောက် ... မင်း ... မင်း ... ငါ့ကိုထိုးတယ်၊ မင်း မိန်းမ မို့လို့ ငါ ကြည့်နေတာကွ ငါ မိန်းမတစ်ယောက်ကို နာကျင်အောင် ပြန်မလုပ်ချင်လို့နော်၊ အား ... နာလိုက်တာ ကွာ၊ မိန်းမလက်သီးကလည်း ပြင်းလိုက်တာ၊ တောက်"

နှင့် အံကြိတ်ကာ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကံကံ ... နင် ဘယ်လိုလုပ်လိုက်တာလဲဟာ၊ ဘယ်လို ဖြစ်လို့ ဒီလောက် လက်မြန်ခြေမြန် ဖြစ်နေရတာလဲ၊ တော်ပြီ၊ နောက်ဆို နင့်ကို ငါ မခေါ်တော့ဘူး"

"နင် မခေါ်လည်း ငါကတော့ လိုက်မှာပဲ ဉာဏ်၊ နင့်ကို ငါ သိပ်ချစ်တာ နင်ကမှ ဂရုမစိုက်ဘဲ၊ ဒီကောင့်များ ဘာချစ်စရာရှိသလဲ"

"ကဲ ... လာ ဉာဏ်၊ သွားကြစို့၊ တော်လောက်ပြီ၊ ကြာ ရင် ကိုယ် သည်းခံနိုင်တော့မှာ မဟုတ်ဘူး"

မင်းခက်က ဉာဏ့်လက်ကို ဖျတ်ခနဲ ဆွဲခေါ်ကာသွား လျှင် ကံကံသည် အနောက်မှ အပြေးတစ်ပိုင်းလိုက်ကာ သူတို့ရဲ့ တွဲထားသော လက်အစုံကြားကနေ ဖွတ်အတင်းဝင် ဖြတ်လျှောက် ၏။

"ကံကံ ... နင် ဘယ်လိုဖြစ်နေလဲ၊ ငါ စိတ်တိုလာပြီနော်၊ နင် ငါ့ကို ချစ်တာ နည်းနည်း over ဖြစ်နေပြီ၊ အစွန်း ရောက်နေပြီ ...





ငါ သူနဲ့လိုက်သွားတော့မယ်၊ နင် တက္ကစီနဲ့ ပြန် နှင့်တော့၊ ဒီလောက် လိုက်နှောင့်ယှက်နေတာ တော်လောက် ရောပေါ့၊ ငါ စိတ်ဆိုးတော့မယ်၊ ငါ စိတ်မဆိုးခင် နင် ပြန်နှင့်တော့"

"မပြန်ဘူး၊ နင်တို့နောက်က ငါ လိုက်မှာပဲ"

"သဘောပဲ"

ဉာဏ်ဉာဏ့် မျက်နှာမှာ စိတ်အနှောင့်အယှက် ဖြစ်နေတာကိုတော့ သူ တွေ့ရ၏။ သို့သော် ... သူမှ မနာလို မရှု စိမ့်နိုင်ဘဲ။ မင်းခက်ကို ဒုက္ခတော့ ပေးနေရမှ။

ဒီလိုနှင့် ဆိုင်ကယ်လ်နားသို့ ရောက်လာ၏။ မင်းခက် က သူ့ကို စိတ်ဆိုးနေသော အရှိန်ဖြင့် ဆိုင်ကယ်လ်ပေါ်သို့ လွှား ခနဲပင် ဆောင့်ကြီးအောင့်ကြီး တက်ထိုင်ချပစ်လိုက်ပြီး အားခနဲ ငယ်သံပါအောင် အော်ဟစ်ကာ ပြန်ခုန်ဆင်းလေသည်။

ဉာဏ်က မင်းခက် ဘာဖြစ်ပါလိမ့်ဟု မျက်လုံးအဝိုင်း သားဖြင့် ကြည့်နေ၏။ ကံကံက ရယ်ချင်လှသဖြင့် အံကိုကြိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ကာ မျက်နှာကို တစ်ဖက်လှည့်ထားလိုက်သည်။ မင်းခက်သည် သူ့ဆိုင်ကယ်လ်ရှိ ထိုင်နေရာသားရေကို အခွဲခံထားရကာ အဲဒီ ကြားကနေ ထိုးထောင်ထွက်နေသော ရှုရင်းဆူး ချွန်ချွန်တွေ ကို တွေ့မြင်ရစဉ် ရှူးမတတ် ဒေါသတွေ ဟုန်းဟုန်းထနေတော့ ၏။

"ဉာဏ် ဒီမှာကြည့်စမ်း၊ သင်း လုပ်ထားတာ၊ ဟာ ... ရည်ရည်လည်လည် ရိုင်းတဲ့မိန်းမကွာ၊ တောက် ... မင်း သိပ်တရားလွန်နေပြီကွ၊ ငါ့ဆိုင်ကယ်လ်ကို ခွဲထားတယ် ကွာ၊ မိုက်ရိုင်းတယ်၊ ငါ မင်းကို တစ်ခုခုပြန်လုပ်ရမှ ကျေနပ်မယ်ကွ၊ နားလည်လား"

"ကံကံ ... ကံကံ ... နင် သိပ်လွန်တာပဲ၊ ဘာလို့ အဲဒီ လောက်ထိ လုပ်ရတာလဲ"

"ငါ သူ့ကို မုန်းတာကိုး ဉာဏ်ရဲ့၊ ငါ မုန်းတဲ့ လူတစ် ယောက်ကို ငါ ဒီလောက်တော့ လုပ်ခွင့်ရှိတာပဲ"

"ကံကံ"





ဉာဏ်က အသံတုန်ကလေးဖြင့် ကြုံးအော်ပစ်လိုက် တော့မှ သူ ဉာဏ်စိတ်ဆိုးသွားပြီ ဆိုတာကိုသိကာ နှုတ်ဆိတ်နေ လိုက်သည်။ ဉာဏ့်ကိုတော့ စိတ်မဆင်းရဲစေလိုပါ။ မနာကျင်စေ လိုပါ။ ဉာဏ် ပြုံးရယ်ပျော်ရွှင်နေတာကိုပဲ သူ မြင်ချင်ပါသည်။

"ဆောရီး ဉာဏ်၊ ငါ နင့်ကို ချစ်လွန်းလို့ အဲ့ဒီလောက် လုပ်လိုက်မိတာပါ၊ နင် သူများကို ချစ်နေတာ ငါ မနာလို ဘူး၊ မခံစားနိုင်ဘူး"

သူ ရင်ထဲကလာသော အသံဖြင့် ပြောလိုက်သော အခါ ဉာဏ်ဉာဏ်သည် သူ့ကို စိုက်ကြည့်လျက် ငြိမ်သက်နေ သည်။ ဉာဏ့်မျက်လုံးထဲမှာ သံသယအရိပ် ဖျတ်ခနဲ သမ်းသွား၏။ သူငယ်ချင်းတွေ ပြောသလို ခနက မင်းခက် စွပ်စွဲခဲ့သလို မိန်းမ ချင်းချစ်သော အချစ်မျိုးဖြင့် သူ ဉာဏ့်ကို ချစ်များနေသလားဟု ဉာဏ် တွေးလိုက်ပုံပင်။

"ကံကံ ... နင် ပြန်လိုက်တော့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်က ခပ်တိုးတိုး ညည်းသံကလေးနှင့် သူ့ကို နှင်လိုက်ခြင်းဖြစ်သည်။ သူ မပြန်နိုင်ပါ။ ဉာဏ့်ကို မင်းခက်နှင့် နှစ်ယောက်တည်း လွှတ်မပေးလိုက်နိုင်။

ကံကောင်းချင်တော့ တက္ကစီတစ်စင်းပေါ်မှ လူတွေ ဆင်းလာကြသဖြင့် ထိုတက္ကစီအားသွားရာ ကံကံသည် ထိုတက္ကစီ ပေါ်သို့ တက်ထိုင်လိုက်သည်။

"အဲဒီ ဆိုင်ကယ်လ် သွားရာနောက်ကို လိုက်မယ် ဦးလေး"

ဒူးရင်းခွံကို လွှင့်ပစ်ပြီးသောအခါ နောက်ကြည့်မှန် နီနီကြီးဖြစ်နေတာကို တောက်တစ်ချက်ခတ်ပြီးသောအခါ အိပ်ဖော ပိုက်ထဲမှ ခဲလုံးတွေကို ပြန်ဆွဲထုတ်ပြီးသောအခါ မင်းခက်ရဲ့ ဒေါသတွေက အထွတ်အထိပ်သို့ ခေါင်ခိုက်နေပြီ။ သူ့ဆီလှမ်း ကြည့်သော မျက်လုံးတွေက မီးလျှံတွေလို ရဲရဲတောက်နေလေသည်။ သို့သော် မင်းခက်ကို သူ နည်းနည်းကလေးမှ ဂရုမစိုက်။ ကြောက်လည်း မကြောက်ပါ။ ဉာဏ်ဉာဏ် စိတ်ဆိုးမှာသာ သူ ကြောက်ပါသည်။





အဲဒီနေ့က မင်းခက်က ဉာဏ့်ကို Restaurant တစ်ခုဆီသို့ ခေါ်သွား၏။ သူလည်း လိုက်သွားပါသည်။ ဉာဏ်က တော့ သူ့ကို တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်ရုံမှအပ ဘာမှ မပြောချင်တော့သော မျက်နှာထားကလေးနှင့်ပင်။ မင်းခက်က တော့ မျက်နှာကြီး ပုပ်သိုးစူတင်းနေကာ သူ့ကို မျက်နှာထိ မျက် နှာထားကြီးဖြင့် မကြာခဏ ဖြိုက်ကြည့် ကြည့်ပါသည်။

သူ့ရင်ထဲမှာ ဘယ်လောက် နာကျင်ထိခိုက်ကာ ဘာတွေ ပျက်စီးကြေမွသွားသလဲဆိုတာ သူချစ်ရသော ချစ်သူ ကလေးကတော့ မသိပါ။

○◆○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ဘယ်သူတွေကပဲ ဘယ်လောက်ပြောပြော ကံကံသည် ဉာဏ့်အပေါ် သဘာဝလွန်သော ငြီတွယ်ချစ်ခင်မှုကို ပြမြဲ။ ဉာဏ်နှင့် မင်းခက်ကြားမှာ အမျိုးမျိုး နှောင့်ယှက်ခလောက်ဆန်မြဲ။ ဉာဏ့်အပေါ် အနည်းငယ်ကလေးမှပင် မျက်ခြည်မပြတ်စေရအောင် အရိပ်ပမာ ရှံဒိုးလိုက်မြဲ။ ဉာဏ်သည် သူ နှောင့်ယှက်အဖြစ်သည်း လွန်းတာကို စိတ်အနှောင့်အယှက် ဖြစ်ဟန်ရှိသော်လည်း ဉာဏ် ရည်းစားထားခြင်းကို ဉာဏ့်ဖေဖေနှင့် မေမေ့ကို ဖွင့်တိုင်ပစ်လိုက်မည် ဟူသော ခြိမ်းခြောက်စကား တစ်ခွန်းနှင့်တင် ဉာဏ်နှင့်သူ့ ကြားတွင် အပေးအယူတစ်ခု လုပ်ထားလိုက်ကြသည်။ ဉာဏ်က





မင်းခက်နှင့် ပတ်သက်သမျှ မခြွင်းမချန်၊ မကွယ်မဝှက်စတမ်း သူ့ကို ဖွင့်ဟဝန်ခံရမည်။ ဘယ်သွားမည်၊ ဘာလုပ်မည် စသဖြင့် အစီရင်ခံရမည်။ သူကလည်း ဉာဏ့်နောက်မှာ အရိပ်လို အမြဲ အဆင်သင့် ရှိနေရမည်။ အဲ့ဒါဆိုလျှင် သူက ဉာဏ် ရည်းစားခိုး ထားခြင်းကိစ္စကို ဉာဏ့်မိဘတွေအား ဖွင့်မပြောပါဟု ...။ မင်းခက် ကတော့ ဉာဏ့်ကို ချစ်သလောက် ကံ့ကို အတော်မုန်းတီးနေဟန် ရှိသည်။ မမုန်းရှိပါ့မလား။ သူ တို့ ချစ်သူနှစ်ယောက်မှာ ချစ်သူ ဖြစ်အချိန်ကစပြီး ဘယ်တုန်းကမှ စိတ်ဖြောင့်လက်ဖြောင့်၊ လွတ် လွတ်လပ်လပ် သွားရသည်ကိုလို့ကို မရှိခဲ့။

ကံက အမြဲလိုက်ပါမိနေကာ မင်းခက်ကို တစ်မျိုး မဟုတ်တစ်မျိုး မရိုးနိုင်အောင် ဒုက္ခမျိုးစုံ ပေးသောကြောင့်ဖြစ် သည်။ ဥပမာ တစ်နေ့က ဉာဏ်တို့ ရုပ်ရှင်သွားကြည့်ကြတော့ ကံပါ လိုက်သွားသည်။ မင်းခက်က လုံးဝမကြည်လင်။ ဉာဏ်က ဉာဏ့်အိမ်ကို ပြန်တိုင်မှာစိုးသောကြောင့် ခေါ်လာရခြင်းဖြစ်ကြောင်း ချော့မော့ဖျောင်းဖျထား၍ ငြူငြူစူစူနှင့် ရှိသည်။ ကံ့ကိုကြည့်လျှင်



www.burmeseclassic.com

www.burmeseclassic.com



မသထာရေစာ မျက်ဝန်းမျိုးဖြင့် ကြည့်တတ်သည်။ ကံက ဂရုမစိုက်ပါ။ ခုံမှာထိုင်ကြတော့ မင်းခက်ကို အလယ်မှာထားပြီး ကံနှင့် ဥက္ကာက တစ်ဖက်တစ်ချက်မှာ ထိုင်ကြ၏။

နိုင်ငံတော်အလံကို အလေးပြုဖို့ ထ,ရပ်ချိန်မှာ ကံသည် မင်းခက်ကို ပညာပေးချင်လာ၏။ မင်းခက် ထိုင်မည့်ခုံကို လက်နှင့် အသာကိုင်ထားလိုက်သည်။ ပြန်ထိုင်ကာနီး မင်းခက်က ခုံကိုစမ်းချိန်မှာ ခုံကခင်းလျက်သားကလေး ရှိနေတာမို့ ဒီအတိုင်း စိတ်ချလက်ချ ပြန်ထိုင်ချလိုက်ချိန်မှာမှ ကံက ဆိုဖာကလေးကို အသာကလေး ဆွဲလှန်ပစ်လိုက်သည်။

"အမယ်လေးဗျ"

ဗုန်းခနဲအောက်သို့ ပြုတ်ကျသံနှင့်အတူ မင်းခက်၏ အာမေဍိတ်ကြောင့် ရုပ်ရှင်ရုံထဲမှ လူတွေ သဘောပေါက်ကာ တခွိခွိ ရယ်မောကြလေသည်။

"တောက် ... မင်းလုပ်တာ မဟုတ်လား ကံကံ၊ ငါ သေချာစမ်းပြီးမှ ထိုင်ချတာ၊ မင်း လုပ်ပစ်လိုက်တာ"





မင်းခက်က ကံ့ကို ခပ်တိုးတိုး လှည့်ကြိမ်း၏။

"အလိုတော် စွပ်စွပ်စွဲစွဲ၊ ငါ့ဘာသာ ငါနေတာ"

ကံသည် ရယ်ချင်စိတ်ကို မျိုသိပ်ထားရသော အသံဖြင့် ပြန်ပြောလိုက်သည်။ ဥက္ကာကပင် ကျိတ်၍ ရယ်နေလေသည်။ ဥက္ကာ့အပြုံးကို မြင်ရတော့ သူ ရင်နာတစ်ဝက်နှင့်ပင် ပျော်ရပါသည်။

"တောက် ... တကယ့် သာသနာဖျက်မ၊ မင်း ကောင်းကောင်းကို ဝဋ်လည်ဦးမယ်"

"ဝဋ်လည်မလည်တော့ မသိဘူး၊ လေကတော့ ခဏခဏ လည်တတ်တယ်၊ သိလား၊ နင် သတိထားနေ၊ နင့်မျက်နှာ တည့်တည့်ကို လေလည်ပစ်ဦးမယ်"

မင်းခက်က တကယ်စိုးရိမ်သွားကာ သူ့ရှေ့မှ ကံကံ ဖြတ်လျှောက်သွားပြီး သန့်စင်ခန်းသို့ သွားချိန်မှာ ခေါင်းကြီးကို နောက်သို့လှန်ထားကာ ကြိုတင်ကာကွယ်သည့် အနေနှင့် နှာခေါင်းကိုပါ လက်နှင့်အုပ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းခက်ကို နှိပ်ကွပ်ဖို့၊ ဒုက္ခပေးဖို့၊ လက်နက်ကိရိယာတန်ဆာပလာတွေ သူ့အိတ်ထဲမှာ အမြဲအဆင်သင့် ထည့်ထား၏။ ဖန်ဂေါ်လီလုံး၊ ပင်အပ်ကလေးတွေ၊ ရှူပါဂလူး စသဖြင့် အစုံအစုံ။ မင်းခက်သည် သူ့ကို အတန်တန် သတိထားနေရသည့်ကြားမှပင် မကြာခဏ ခံရတတ်မြဲ။

ရုပ်ရှင်ကြည့်ပြီး restaurant မှာ တစ်ခုခု ဝင်စားတော့လည်း ကံကံသည် မင်းခက် မသထာသည့် ကြားမှပင် မျက်နှာပြောင်ပြောင်ဖြင့် ဖွတ်လိုက်၏။ ဉာဏ့်မှာ သူ့ကို မတားမြစ်နိုင်။ သူ့ရဲ့သံယောဇဉ်ကို သိနေသောကြောင့် မတားရက်တာလည်း ဖြစ်နိုင်ပါသည်။ ဘယ်သူငယ်ချင်းမှ မထားနိုင်သော သံယောဇဉ်မျိုး၊ အနွံအတာမျိုးကို ကံ့တစ်ယောက်တည်းမှာသာ ရှိ၏။ ကေကေတို့ ဇာဇာတို့မှာတောင် မရှိ။

ကံသည် မင်းခက်ဘေးတွင် ရအောင်ထိုင်ကာ မင်းခက် စားသည့် ခေါက်ဆွဲကြော်ပန်းကန်ထဲ သူ ဉာဏ့်ဘက်သို့ လှည့်စကားပြောချိန်မှာ လျှင်မြန်သွက်လက်စွာ ထည့်မြှုပ်ထားလိုက်သည်။ ခဏအကြာတွင် မင်းခက်ထံမှ အားခနဲ အော်သံကိုကြားရပါသည်။

"ဘာဖြစ်တာလဲ မင်း"

မင်းခက် အော်သံက အူလှိုက်သည်းလှိုက်မို့ ဉာဏ်က အလန့်တကြား မေးလေသည်။

"ဟာ ဘာကြီးဝါးမိမှန်း မသိဘူး၊ ဂလောက်ခနဲပဲ၊ ကြည့်စမ်း၊ ဖန်ဂေါ်လီလုံးကြီး၊ မျိုမချမိတာ ကံကောင်း၊ ဒီလို restaurant မျိုးမှာ ဘယ်လိုလုပ် ခေါက်ဆွဲကြော်ထဲ ဖန်ဂေါ်လီ ပါနိုင်မလဲ၊ ကံကံ ... မင်း လက်ချက်ကလွဲလို့ ဘယ်သူ့လက်ချက်မှ မဖြစ်နိုင်ဘူးကွ၊ မင်း ငါ့ကို သေကြောင်းကြံတာလား၊ ဟိုတလောကလည်း ထမင်းထဲမှာ ပင်အပ်တွေ ပါလာတယ်၊ မင်း ဘယ်လောက်ငြင်းငြင်း မင်းကို ငါ မယုံဘူး"

မင်းခက်က ကံကံ့ကို ဒေါသတွေ တချောင်းချောင်း ထွက်လျက် အော်သည်။ ဉာဏ်က ...







www.burmeseclassic.com

www.burmeseclassic.com



"ကံကံ … နင် ဘယ်လိုဖြစ်နေသလဲ"

ဟု ထုံးစံအတိုင်း စိတ်ပျက်လက်ပျက် ဖြစ်နေသော အသံဖြင့် မေးရှာသည်။ ကံ့ကိုတော့ ဉာဏ်က ဉာဏ်မနိုင် နှစ်ဆောင်ပြိုင်ဟု သတ်မှတ်ထားရသည်။ ကံ့ကို ဉာဏ်က စိတ်ဆိုးပြီး မခေါ်မပြောရင်လည်း မရ။ ကံက အတင်းလိုက်ချော့မော့ကာ မရ,ရအောင် ပြန်ခေါ်အောင် ကြိုးစားမြဲဖြစ်သည်။ ဉာဏ့်ရဲ့ အားနည်းချက်ကိုလည်း ကံ သိထားပြီ။

ဉာဏ်သည် သူ့မကို ကလိထိုးလျှင် လုံးဝမခံနိုင်တော့။ တွန့်လိမ်ကောက်ကွေးလျက် အသံကုန်အော်ကာ ရယ်မောရမြဲပင်။ ဘယ်လောက်ပင် စိတ်ဆိုးဒေါသထွက်နေချိန် ဖြစ်လင့်ကစား၊ နောက်ကနေ ဖမ်းချုပ်ကာ ခါးကို ကလိထိုးလျှင် ဉာဏ်အရှုံးပေး စိတ်ပြေရမြဲ ဖြစ်လေသည်။ အဲ့ဒါကို ကံက သိထားတော့ ဉာဏ် စိတ်ဆိုးမှာကို သူ လုံးဝမစိုးရိမ်တော့ချေ။ ဉာဏ်သည် ကလေးတစ်ယောက်လိုပဲ ဖြူစင်သည်။ လှည့်ကွက်မရှိ၊ မာယာမရှိ။ ရိုးသားလွန်းသောကြောင့် ဉာဏ့်ကို ဖတ်ရလွယ်လှလေသည်။





"ကံကံ … ငါ စိတ်ဆိုးလာပြီနော် လို့ ပြောနေတယ်၊ နင်ဘာလို့ မင်းကို ဒီလောက် ဒုက္ခပေးနေရတာလဲ"

"မုန်းလို့ပေါ့ဟဲ့"

"နင့်ကိုလည်း ဘယ်တော့မှ မချစ်ပါဘူး၊ လုပ်မနေပါနဲ့၊ သူ့ကိုမချစ်တိုင်း သက်သက်မနာလိုစိတ်နဲ့ လူကို သေကြောင်းကြံစည်နေတာ"

မင်းခက်က မလိုတမာသံနှင့် ဝင်ပြောကာ ထိုင်ခုံမှ ခပ်ဆောင့်ဆောင့် ထထွက်သွားသည်။ ဉာဏ်က မင်းခက်နောက်သို့ ထ,လိုက်သွားကာ ကံ့ကို ဖွဲ့မယူဖို့ ချော့မော့ဟန် ရှိလေသည်။

ကံသည် ရှုပါဂလူးဘူးကလေးထုတ်ကာ မင်းခက်ပြန်လာထိုင်မည့် ခုံပေါ်မှာ ခပ်များများ ကလေး ညှစ်ချထားလိုက်သည်။ ပြီးတော့ လက်သုတ်ပဝါမှာ သူကိုင်မည့် ဇွန်းခက်ရင်းလက်ကိုင်နေရာမှာ၊ အအေးဖန်ခွက် ပတ်ပတ်လည်မှာ နေရာအနှံ့ ညှစ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏာနေတော့ မင်းခက် ဆောင့်အင့်အင့် မျက်နှာလေး ဖြင့် ပြန်လာထိုင်ချသည်။ ရှူးရှူးရှဲရှဲဖြင့် ဖွန်းခက်ရင်းကို ကောက် ကိုင်၏။

"မင်း နောက်တစ်ခါဆို မလွှယ်တော့ဘူးမှတ် ကံကံ၊ ငါ သည်းမခံတော့ဘူး၊ မိန်းကလေးသော၊ ဘာသော ငါ လုံးဝ မငဲ့ညှာတော့ဘူး၊ မင်း အလှည့်ကျမှ မင်း မငိုနဲ့"

ဟု ဒေါကြီးမောကြီး ကြိမ်းဝါးရင်း ခေါက်ဆွဲကြော် ကို ဆက်စား၏။ ဖွန်းကို ပြန်ချချိန်တွင် ပြန်ချ၍မရ။ ဖွန်းခက်ရင်း က မင်းခက်ရဲ့ လက်နှစ်ဖက်မှာ ခင်ခင်တွယ်တွယ်ပင် ကပ်နေပြီ။

"ဟာ ... ဘယ်လိုဖြစ်တာလဲ"

မင်းခက်သည် တအံ့တသြ ဖြစ်ပြန်ကာ ဖွန်းနှင့် ခက်ရင်းကို လက်ကနေ မနည်းခွာချပစ်နေသည်။ ခွာလို့မရ။ စူပါဂလူးက တော်တော်များသွားပုံရကာ အခွမ်းတွေထက်နေသည်။ ဥာဏ်က မျက်လုံးအဝိုင်းသားဖြင့် ကံ ဘာလုပ်ထားပြန်ပြီလဲဟု လှမ်းကြည့်နေသည်။





ခဏကြာတော့မှ ဖွန်းခက်ရင်းက လက်မှကွာသွား သည်။ သို့သော် မင်းခက်ရဲ့ လက်တွေမှာ စူပါဂလူးစားပြီး အရေခွံကွာလျက် ကျန်ရစ်၏။ မင်းခက်သည် ဒေါသရှိန်တွေ တရိပ်ရိပ်တက်ကာ ဝုန်းခနဲ ခုန်ထပစ်လေသည်။ အိုး ... သနား စရာ။ မင်းခက် လုံးဝ ထရပ်၍မရ။ ခုံနှင့်ဖင်မှာ ပူးကပ်လျက်ရှိ လေသည်။ မင်းခက် မျက်နှာကြီးတစ်ခုလုံး တရဲရဲနီကာ ပေါက်ကွဲ ထွက်မတတ် ဖောင်းကြွလျက် တလှုပ်လှုပ် ဖြစ်နေသည်။

"ကံကံ ... ကံကံ ... မင်း ..."

လုံးဝထ၍မရရှာသဖြင့် မင်းခက် ခမျာ စိတ်သွားတိုင်း ကိုယ်မပါနိုင် ဖြစ်နေရှာသည်။ မျက်လုံးကြီးနှစ်လုံးမှာ ကံကံ့ဆီ ပြေးကပ်လာတော့မတတ် ပြူးထွက်ဝင်းလက်နေပြီး လက်သီးနှစ် ဖက်ကို ကျစ်ကျစ်ဆုပ်ထားကာ တဆတ်ဆတ် တုန်နေလေသည်။

"ဥာဏ် ... မင်း သူငယ်ချင်း ငါ့ကို လုပ်ထားပြန်ပြီ၊ ဒီမှာ ထ,လို့မရတော့ဘူး၊ ခုံနဲ့ပင်နဲ့ ကပ်နေပြီ။ စွတ်ရုန်းရင် ဘောင်းဘီပြဲသွားလိမ့်မယ်၊ တောက် ... မင်း သိပ်လွန်နေပြီ၊ မင်း သိပ်လွန်နေပြီ ကံကံ"



www.burmeseclassic.com

www.burmeseclassic.com



မင်းခက် ပုံစံကြီးကို ကြည့်ကာ သူ တော်တော်ရယ်ချင်နေသည်။

"ကံကံ ... နင် ဘာတွေ လျှောက်လုပ်ထားပြန်တာလဲ"

"ရှုပါဂလူးတွေ ဘူးထဲမှာ ပြည့်နေတာနဲ့ နည်းနည်း ညှစ်ထုတ်ထားတာပါ"

"ဘာ"

မင်းခက်သည် ထလို့ကမရသဖြင့် ကြံရာမရဖြစ်ကာ စိတ်ဆိုးမာန်ဆိုးဖြင့် လက်ကိုင်ပဝါနှင့် နှုတ်ခမ်းကိုသုတ်၏။ သုတ်ပြီးချိန်မှာ ပြန်၍ဆွဲခွာမရ။ နှုတ်ခမ်းမှာ လက်ကိုင်ပဝါနီနီကြီး ကပ်နေလေသည်။ မင်းခက် တက်မတတ်၊ ချက်မတတ် ဒေါသတွေ သီးနေလေပြီ။ ရှူးတောင် ရှူးလောက်သည်။

"ညာဏ် ... မင်း သူငယ်ချင်းကို ဖြတ်မလား၊ ငါ့ကိုဖြတ်မလား၊ ဒါပဲ ပြောတော့၊ နောက်ဆို သူ ပါရင် ငါ လုံးဝ မလိုက်တော့ဘူး ...

ဒီမှာ လုပ်ထားပြန်ပြီ တွေ့လား"





လက်ကိုင်ပဝါကို ဆွဲခွာနေရင်း မင်းခက်က အော်လေသည်။ ခုံမှာကပ်နေသောကြောင့် ဆက်ပဲထိုင်နေရမလို၊ ခုံကြီးမ,လျက်သားပဲ ဝုန်းဒိုင်းကြဲ ထပြန်ရတော့မလိုနှင့် မင်းခက် တော်တော်ဒုက္ခရောက်နေပါသည်။

"ကံကံ ... နင့်ကို ငါ မခေါ်တော့ဘူး၊ သွား ... ငါ့ချစ်သူကို နင် ဒီလောက်ဒုက္ခပေးရတော်ရောပေါ့ဟာ၊ သွားပါတော့၊ သွား သွား"

"မသွားနိုင်သေးဘူးဟာ၊ သူ ဘယ်လိုပြန်မလဲဆိုတာ ငါ စောင့်ကြည့်မလို့"

သူက ခပ်အေးအေးပဲ ပြောလိုက်သည်။ ညာဏ့်ခမျာ ချစ်သူနှင့် သူငယ်ချင်း အကြားမှာ စိတ်ပဲဆိုးရတော့မလို ငိုပဲငိုရတော့မလို ရယ်ပဲရယ်ရတော့မလို အူကြောင်ကြောင် ဖြစ်နေရှာလေသည်။

"အဲ့ဒါ မင်း အပူလား၊ မင်း သွားမလား၊ မသွားဘူးလား၊ မင်းကို ငါ လက်သီးနဲ့ ထိုးမိတော့မယ်ကွ"

"မသွားဘူး၊ မိရင် ထိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ကံကံက နှစ်ခုံကျော်လောက်ကို ရွှေ့သွားကာ မင်းခက်ရဲ့ ဒေါသကို ဆွမြှံဆွနေ၏။ မင်းခက် ဒေါသထွက်လေ ကြာလေ စိတ်ပျက်လေဖြစ်ကာ နောက်ဆုံးမှာ ဉာဏ့်ကို စွန့်ခွာသွားဖို့ သူ ရည်ရွယ်သောကြောင့် ဖြစ်သည်။

"ကံကံ ... နင် မသွားဘူးလား၊ သွားဆို"

"မသွားပေါင်၊ နင်တို့ဝိုင်းမှာ မထိုင်ရလည်း တခြားခုံမှာ ပြောင်းထိုင်မယ်၊ စောင့်ကြည့်ဖြစ်အောင်ကို ကြည့်မယ်"

ကံကံ တကယ်ပင် စားပွဲပြောင်းကာ မင်းခက် ဘယ်လိုထ,မလဲ ဆိုတာကို စောင့်ကြည့်နေလိုက်သည်။ မင်းခက်နှင့်ဉာဏ်တို့ တိုးတိုး တိုးတိုးနှင့် တိုင်ပင်နေကြသည်။ မကြာခဏ မင်းခက်က ကြိုးစားပြီး ထထ,ကြည့်သည်။ မအောင်မြင်ရှာ။ တော်တော်စွဲမြဲစွာ ကပ်နေတာဖြစ်သည်။ တော်တော်ကောင်းတဲ့ ရှူပါဂလူးပါပေ။ နောက်တော့ စားပွဲထိုးကလေးတွေရဲ့ အကူအညီကို ယူရသည်။ သုံးယောက်လောက်က ခုံကိုတစ်ဖက်က ဆွဲထားကြ မင်းခက်ကို ဉာဏ်က ဆောင်းဆွဲ၊ မင်းခက်ကလည်း စွတ်





ရုန်းနှင့် တော်တော် အားသွန်ခွန်စိုက် လုံ့လဥဿဟ ထုတ်လိုက်ပြီးမှပင် မင်းခက် လွတ်မြောက်သွားပါသည်။ သို့သော် ဘောင်းဘီကတော့ စိတ်မကောင်းစရာပင် ကွက်ပြီး ပေါက်ပြဲသွားသည်မို့ မင်းခက် ခမျာ ရှပ်အင်္ကျီရှည်ရှည်ကို အပြင်သို့ထုတ်ချပြီး ဝတ်လိုက်ရသည်။

"မင်း သတိထားပြီးတော့နေ၊ မင်းနဲ့ငါ တွေ့မယ်"

မင်းခက်က သူ့ကို လက်သီးလက်မောင်းတန်းကာ ကြိမ်းမောင်းသွားလေသည်။ ဉာဏ်ကတော့ ကံ့ကို လှည့်၍ပင် မကြည့်တော့။ ဘာပဲဖြစ်ဖြစ် မင်းခက် အရှက်တကွဲ အကျိုးနည်းဖြစ်ရခြင်းသည် ဉာဏ့်ကိုလည်း ကူးစက်သည် မဟုတ်လား။

ထိုနေ့ကစပြီး ဉာဏ်သည် ကံ့ကို စိတ်ဆိုးကာ စကားလုံးဝမပြော။ ခေါ်လည်း မခေါ်တော့ချေ။ ကံဖုန်းဆက်လျှင် ဖုန်းကိုချပစ်ကာ အိမ်သို့သွားလျှင် တံခါးကို အတွင်းကနေ ပိတ်ထား၏။ ထို့ကြောင့် ကံ မနေတတ်တော့ချေ။ သင်တန်းတွေကိုပင် ကံနှင့်ဆုံမှာစိုးသောကြောင့် လာမတက်။


www.burmeseclassic.com

www.burmeseclassic.com



ကံသည် ဖွဲနပဲကြီးစွာပင် ဉာဏ့်အိမ်ကို မနက်အစောကြီးကတည်းက ရောက်အောင်သွား၏။ ထုံးစံအတိုင်း breakfast အတွက် မုန့်တွေ ဝယ်သွားပေမဲ့ ဉာဏ် ထွက်မစားချေ။

"သမီးတို့ သူငယ်ချင်းနှစ်ယောက် စိတ်ကောက်ကြတာပေါ့လေ၊ ချော့ ... ချော့ ... ရအောင်ချော့၊ ဉာဏ်ဉာဏ်က အကောက်သန်တယ်၊ ကောက်တဲ့နေရာမှာ သူ့လောက်ဖွဲ ကောင်းတာ မရှိဘူး"

ဟု ဉာဏ့်မေမေက အားပေးသည်။ သူ့ပုံစံက မိန်းကလေးတစ်ယောက်နှင့် တူလွန်းသဖြင့် လူကြီးတွေကပင် မရိပ်မိကြရှာပေ။

သူငယ်ချင်းတွေကို ကံက အကူအညီ တောင်းကြည့်သည်။ နဂိုကတည်းကမှ ဉာဏ်ဉာဏ်နှင့် ပတ်သက်လာလျှင် ကံ့ကို သူငယ်ချင်းတွေက အမြင်ကတ်လွန်းသောကြောင့် "ကောင်းတယ်"ဟု ကောင်းချီးပေးကာ လုံးဝ မကူညီကြ။





"နင်ကကို over ဖြစ်လွန်းတာ ကံကံရဲ့။ နည်းတောင်နည်းသေးတယ်၊ သူ့ဘာသာသူ သူချစ်တဲ့ ကောင်လေးတစ်ယောက်ကို ရည်းစားထားတာ နင့်အပူ ဘာရှိသလဲ၊ အလကားနေရင်း မနာလိုဝန်တိုတွေ ဖြစ်ပြီး ဟိုတစ်ယောက်ကို ဒုက္ခတွေ လိုက်ပေးနေတာ နင့်အလွန်ပေါ့ဟဲ့ ..."

ဉာဏ်ဉာဏ့် နေရာမှာ ငါတို့ဆိုလည်း နင့်ကို စိတ်ဆိုးမှာပဲ၊ ထားလိုက်ပါတော့လား၊ သူ့ရည်းစားနဲ့သူ"

"မထားနိုင်ဘူးဟဲ့၊ အဲ့ဒီကောင်ကို ငါ နည်းနည်းလေးမှ ကြည့်မရဘူး၊ အရမ်းမုန်းတယ်၊ ဉာဏ့်ရဲ့စိတ်တွေအားလုံးကို သူပဲ သိမ်းကျုံးဆွဲဆွဲယူသွားတယ်၊ ဉာဏ့်စိတ်က ငါ့ဆီမှာ မရှိတော့ဘူး၊ တစ်ချိန်လုံး အဲ့ဒီကောင်အကြောင်းပဲ တွေးနေတော့တာ"

"တွေးမှာပေါ့ဟဲ့၊ သူ့ရည်းစားအကြောင်း သူ တွေးတာ၊ နင်က မနာလို ဖြစ်နေတာ"

"မနာလိုတာ မဟုတ်ဘူး၊ ငါ့ ဉာဏ်ဉာဏ့်ကို အဆုံးရှုံးမခံနိုင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

သူ့စကားကြောင့် သူငယ်ချင်းတွေက အံ့သြတကြီး မျက်ဝန်းများဖြင့် သူ့ကို ဝိုင်းကြည့်ကြသည်။ သူ စကားမှားသွားပြီ။

"ကံကံ ... နင် ညာဏ့် အပေါ် ရိုးမှရိုးရဲ့လား၊ အဲ့ဒါ သမားရိုးကျ မဟုတ်ဘူးနော်၊ မိန်းကလေးချင်း အဲ့ဒီလောက်ကြီး နင် မတွယ်တာသင့်ဘူး ...

ညာဏ့်ကိစ္စက သဘာဝပဲ၊ အချိန်တန်လို့ မိန်းကလေးတစ်ယောက်က ယောက်ျားတစ်ယောက်ကို ချစ်တာ ဘာမှ မထူးဆန်းဘူး၊ ထူးဆန်းနေတာက နင့် စိတ်ကြီးပဲ ကံကံ၊ နင့်စိတ်ကိုလျှော့ ... လျှော့"

ဟု သူတို့ဘာသာ တစ်မျိုးအဓိပ္ပာယ်ပေါက်ကာ စိုးရိမ်တကြီးတွေ ဝိုင်းပြောကြသည်။ သူ့ဘဝအနေအထားက အတော်ကျဉ်းကျပ်ခက်ခဲသော အနေအထား ဖြစ်သည်။ ဘာဆက်လုပ်ရမှန်းကို မသိ။





ညာဏ်ညာဏ့် ဘေးနားကနေလည်း လွင့်စဉ်မသွားချင်သေးပါ။ နေခွင့်ရှိသမျှ နေချင်သေးသည်။ ညာဏ့်ဂါးမှာ ဘယ်ချစ်သူမှ ရှိမနေဖို့ ညာဏ့် စိတ်နှလုံးကို ဘယ်သူမှ အပိုင်မသိမ်းနိုင်ဖို့ သူ ကာကွယ်ချင်သေးသည်။ ညာဏ့် အချစ်ကိုရသော ယောက်ျားတစ်ယောက်ကို သူ အကြီးအကျယ် မနာလိုဖြစ်သည့်အလျောက် ဒုက္ခလည်း ပေးချင်သည်။ ခုအချိန်မှာ သူ လုပ်နိုင်တာ အဲ့ဒါပဲရှိသည်။

ညာဏ့်ကို သူ အတော်ပင် ချော့ယူရသည်။ အခန်းတံခါးအောက်ကနေ တောင်းပန်ချော့မော့စာကလေးတွေ ထိုးသွင်းလျက်။ ချော့ကလက်ပြားတွေ ပန်းစည်းတွေ တံခါးဝမှာ ချချထားပေးလျက် ညကြီးအချိန်မတော် ကက်ဆက်ကြီး မ,ယူလာပြီး သီချင်းတွေ ဖွင့်ပြလျက် သုံး,လေးရက်လောက် ချော့လိုက်ရသည်။

နောက်ဆုံးတော့ ထုံးစံအတိုင်း ညာဏ်ညာဏ် စိတ်ပြေသွားပါသည်။ တံခါးဖွင့်ကာ သူ့ကို ဖက်ထားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို သိပ်ချစ်မှန်း ငါ သိပါတယ် ကံကံ၊ ဒါပေမဲ့ ငါ့ကို နင် တကယ်ချစ်ရင် ငါချစ်တဲ့သူကို နင် ဒုက္ခတွေ ဆက်မပေးပါနဲ့ဟာ"

ဟု ဆိုလေသည်။ ဉာဏ့်ရဲ့ ကိုယ်ငွေ့နွေးနွေးကလေး နှင့် ကိုယ်သင်းရနံ့သင်းသင်းကလေးကို သူ မက်မောရှိဝေစွာခံစား ရင်း နင့်ကိုငါ မဆုံးရှုံးပါရစေနဲ့ဟု ရင်ထဲမှာ တိုးတိတ်စွာ တောင်းဆိုမိနေသည်။ ဉာဏ်ကတော့ မကြားပါ။

○•○





ကံသည် နည်းဗျူဟာကို ပြောင်းရ၏။ တိုက်ရိုက် ဒုက္ခပေး၊ ပညာပြခြင်းနည်းကို မသုံးတော့။ မင်းခက်ရဲ့ အားနည်း ချက်တွေ၊ လျှို့ဝှက်ချက်တွေ၊ ရှုပ်ထွေးသော ဇာတ်လမ်းတွေကို ကံက တစ်ဖက်လှည့်၍ စုံစမ်းရသည်။

မင်းခက်သည် ရည်းစားများစွာ ထားသည်။ မိန်း ကလေးတွေ သူ့ကိုချစ်ပြီး တသသ စွဲလမ်းအရည်ပျော်နေစေ အောင်လည်း ပြုစားတတ်သည်။ မာယာတွေ မုသားတွေ သူ့ တစ်ကိုယ်လုံးမှာ ပြည့်နေသည်။ မိန်းကလေး တစ်ယောက်ကို စ,ချစ်ချိန်တွင် သူ့ကို အရူးအမူး တမ်းတမ်းစွဲနေအောင် ဖမ်းစား သို့ယူထားလိုက်ပြီး၊ ရိုးသွားချိန်တွင် တခြားတစ်ယောက်ဆီ အသစ် ခြေလှမ်းပြောင်းတတ်လေသည်။ အဲ့ဒီအချိန်မှာ မိန်းက လေးဘက်က လိုက်ပေတော့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အကြောင်း ဉာဏ်ကို ပြောပြချိန်တွင် ဉာဏ်က လုံးဝမယုံကြည်။ လက်မခံချေ။

"နင် ပြောတာ လုံးဝမဖြစ်နိုင်ဘူး ကံကံ၊ မင်းခက်က ငါ့ကို အရမ်းချစ်တာ၊ သူ့ကိုသာ မိန်းကလေးတွေက တကောက်ကောက် လိုက်ကြိုက်ကြတာ၊ သူက ငါမှငါပဲ၊ ငါ့ကိုပဲ အချစ်ဆုံး၊ သူ့ကို မိန်းကလေးတွေ ပိုင်းချစ်ကြတာလည်း အပြစ်တင်စရာ မရှိပါဘူး၊ သူက ရုပ်ချောတယ်၊ ညို့ပြုံးကလေး ရှိတယ်၊ အပြောချိုတယ်၊ ပါးနပ်လိမ္မာတယ်၊ မိန်းကလေးတွေရဲ့ အထာကို နပ်တယ်၊ အဲဒီတော့ မိန်းကလေးတွေက သူ့ကိုဆို အသည်းအသန် အရူးအမူးကြိုက်ကြတယ်"

"အဲဒီ မိန်းကလေးတွေကို သူကလည်း ပြန်ကြိုက်လေ့ရှိတတ်တယ် ဉာဏ်၊ အဲဒါကို နင် မယုံဘူးလား၊ နင်နဲ့ငါ လောင်းမလား၊ နင့်ကိုငါ သက်သေပြရမလား"

"မလိုပါဘူး ကံကံရယ်၊ ငါ သူ့ကို ယုံတယ်၊ ယောကျ်ားဆိုတာကတော့ မိန်းကလေးတွေက သူ့ကို လာကြိုက်တာ





ကို အားနာပါးနာလေးနဲ့ အလိုက်သင့်တော့ ပြန်ဆက်ဆံချင် ဆက်ဆံမှာပေါ့၊ ဒါကိုတော့ နားလည်ပေးရမယ်"

ဉာဏ့်ကို မင်းခက် ဆီကနေ ဘယ်လိုမှ ခွာထုတ်၍ မရအောင် ငြိကပ်နေသောအခါ ကံသည် မနာလိုဝန်တိုခြင်းကြီးစွာ ခံစားရလေသည်။ မင်းခက်ကို ဉာဏ့်ဆီကနေ ဆွဲထုတ်ရင်ကော။ ဟုတ်သည်။ အဲဒါကမှ ပိုလွယ်လိမ့်ဦးမည်။ မင်းခက်သည် မိန်းကလေးတွေနဲ့ ပတ်သက်လာလျှင် ဘယ်တော့မှ စောင့်စည်းထိန်းချုပ်မှု မရှိတတ်ကြောင်း သူ စုံစမ်း၍ ရခဲ့ပြီ။ မင်းခက်လိုကောင်မျိုးက သူ့ကို မိန်းကလေးများများကြိုက်လေ၊ ကျေနပ်လေဆိုသော စိတ်ဓာတ်မျိုးကို ပိုင်ဆိုင်သူ ဖြစ်သည်။

"အဲဒါဆိုရင်တော့ ပြီးရောလေ ဉာဏ်၊ တစ်နေ့ကျမှ နင် မငိုနဲ့၊ နင့်ကို အချစ်ကြောင့် ငိုတဲ့ မိန်းကလေးတစ်ယောက် မဖြစ်စေချင်ဘူး"

○◆○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

သူ့အဖြစ်က အတော်ရယ်စရာ ကောင်းပါသည်။ ကောင်မလေး တစ်ယောက်ကို ချစ်နေရသော အဖြစ်ကနေ မိန်းကလေးတစ် ယောက်လို ပြောင်းလဲရတာက တစ်မျိုး၊ အခု အဲ့ဒီအခြေအနေ ကနေ ယောကျ်ားတစ်ယောက်ကို ချဉ်းကပ်ပိုးပန်းရသော မိန်းမ နောက်ပိုးတစ်ယောက် ဖြစ်ရဦးမည်။

ကိုကြီးသောင်းက သူ့အဖြစ်ကို အကြံဉာဏ်လည်း ပေးသလောက် ဟားတိုက်ပြီးတော့လည်း ရယ်မောပါသေးသည်။

"ကဲကဲ ... ကဲကဲ ... မင်း ဒုက္ခက မသေးဘူးနော်၊ အဲ့ဒီ ကောင်မလေးကို မင်း အဲ့ဒီလောက်တောင် တမ်းတမ်းစွဲ သလား ..."





မင်းဘဝမှာ မိန်းကလေးတစ်ယောက်ကို ချစ်နေရတာ နဲ့ပဲ အချိန်တွေ ကုန်နေတော့မလား၊ ဘဝရဲ့ တိုးတက်ရာ တိုးတက်ကြောင်း အလုပ်တစ်ခုခု မလုပ်ချင်သေးဘူးလား"

"ကျွန်တော် သင်တန်းတွေ တက်နေသားပဲ ကိုကြီးသောင်း၊ ကျွန်တော်တို့ အရွယ်မှာ အချစ် ဆိုတာကြီးက အချိန် အတိုင်းအတာတစ်ခု အတွင်းမှာတော့ အရှိန်အဟုန် သိပ် ပြင်းတတ်တယ်ဗျ၊ ခု ကျွန်တော်က အဲ့ဒီအရှိန်အဟုန်ထဲ မှာ ရောက်နေတာ၊ ခုအချိန်မှာ ဉာဏ့်ကို ချစ်နေတဲ့ ချစ် စိတ်တစ်ခုတည်းနဲ့ ကျွန်တော် ဘာမဆို မိုက်မိုက်မဲမဲ လုပ်မိချင် လုပ်မိမှာပဲ၊ အဲ့ဒီအချစ်ကြောင့် ကျွန်တော့်နှလုံး သားမှာ ဒဏ်ရာအကြီးအကျယ်လည်း ရသွားချင်ရသွား မယ်၊ အဲ့ဒီ အချစ်ဆိုတာကြီးကို ကြောင်သွားပြီး၊ ကျွန်တော့် ဘဝ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားချင်လည်း ပြောင်းလဲ သွားမယ် ...

ခုချိန်မှာ ကျွန်တော် ဘာမှ ကြိုမပြောထားနိုင်ဘူး၊ ကျွန်တော် အဖြစ်ချင်ဆုံး ဆန္ဒက ကျွန်တော်ချစ်တဲ့ မိန်း



www.burmeseclassic.com

www.burmeseclassic.com

ကလေးနားမှာ နေခွင့်ရသရွေ့ သူ မရိပ်မိမချင်း ကျွန်တော် မိန်းကလေးယောင်ဆောင်ပြီး နေမှာပဲ၊ ပြီးတော့ သူ့သားနားမှာ ဘယ်ယောကျ်ားမှ မရှိအောင် သူ့နှလုံးသားကလေးမှာ ဒဏ်ရာအနာတရ မရအောင် ကျွန်တော် အစွမ်းကုန်ကာကွယ်စောင့်ရှောက်ပေးမှာပဲ၊ သူ တခြားယောကျ်ားတစ်ယောက်ကို ချစ်နေတာကို ကျွန်တော် မနာလိုဘူး၊ မခံနိုင်ဘူး၊ အဲဒီအချစ်ကို တတ်နိုင်သမျှ နှောင့်ယှက်ဖျက်ဆီးပစ်မှာပဲ"

"မင်း သူ့ကို တော်တော့်ကို ချစ်တယ် ကံကံ၊ ခုအခြေအနေဟာ မင်းဘဝအတွက် သိပ်လည်းအရေးကြီးတယ်လို့ငါ ထင်တယ်၊ ခုအချိန်မှာ မင်းအတွက် ဘာမဆို ဖြစ်နိုင်တယ်"

"သူက ကျွန်တော့်ရဲ့ အချစ်ဦးကိုး ကိုကြီးသောင်းရဲ့၊ လူတစ်ယောက်ရဲ့ ဘဝမှာ သူတို့ရဲ့ အချစ်ဦးတွေက သူတို့ရဲ့ကံကြမ္မာပဲ၊ ဥဏ်ဟာ ကျွန့်တော့်ဘဝအတွက် ကံကြမ္မာတစ်ခုပဲ၊ ဥဏ်ကြောင့် ကျွန်တော် ဘာမဆို ဖြစ်နိုင်တယ်"





သူ့ကို ရူးနေပြီလား ဟူသော အကြည့်မျိုးဖြင့် ကိုကြီးသောင်းက ခပ်ဆဆကြည့်လျက် ရှိ၏။ သူ ကိုကြီးသောင်းကို ပြုံးပြလိုက်သည်။

"လူဆိုတာ ဘဝမှာ အချစ်ကြောင့် တစ်ကြိမ်တော့ ရူးဖူးကြမှာပဲ၊ ကိုကြီးသောင်းရော ကျွန်တော့် အရွယ်တုန်းက မရူးခဲ့ဖူးဘူးလား၊ ပြော"

ဟု သူ ဆိုသောအခါ ကိုကြီးသောင်းက သဘောကျသွားသလို ဟာ့ထိထိသွားသလို ဟက်ဟက်ပက်ပက်ကြီး ရယ်မောပါတော့သည်။

○❥○



www.burmeseclassic.com

www.burmeseclassic.com

သူ့ဘက်က ဗျူဟာကို ချက်ချင်းပြောင်းပစ်လိုက်တဲ့အတွက် မင်းခက်သည် ပထမတော့ အံ့ဩနားမလည်ဟန်ရှိသည်။ မှန်တိုင်းက ဖြန်းခနဲစဲသွားတာ၊ လေပြည်လေညင်းက ဆင်နဲ့သည်ကိုး။

ကံသည် မင်းခက်ကိုမြင်လျှင် အရင်ကလို ဖြူးဖြူးဖြိုးဖြိုးနှင့် ဒုက္ခရောက်အောင် ချောက်ချတာတွေ မလုပ်တော့။ ရိုးရိုးသာသာကလေးနှင့် ပြုံးပြုံးကလေး ပြောင်းလဲဆက်ဆံလိုက်သည်။ မင်းခက်ကို အရမ်းအရေးပေးကာ ဂရုတစိုက် ဆက်ဆံသည်။ အချိန်တိုင်း မင်းခက်ရဲ့ မျက်နှာဆီ မင်းခက် တစ်ယောက်တည်း ရိပ်မိရုံ ခိုးခိုးပြီးတော့ စိုက်စိုက်ငေးကြည့်ပေးသည်။ ကိုယ်က ယောကျ်ားတစ်ယောက်ဆိုတော့ ယောကျ်ားတစ်ယောက်က ဒီမိန်းမ





ငါ့ကို ကြွေနေပြီ ဆိုတဲ့ အသိဝင်စေလောက်သော မိန်းကလေးတွေဆီက သူတို့ရရှိမည့် အထာမျိုးကို သူ တိတ်တဆိတ် ကျွေးလေသည်။ ဉာဏ်တော့ ... မသိစေရ။ မသိမသာ ပါးပါးကလေးပေါ့။

ဥပမာ သူငယ်ချင်းတွေ တစ်ပြုံကြီးစုပြီး Shopping Mall တွေဆီ သွားတယ် ဆိုပါစို့၊ ကံသည် မင်းခက် အနား မသိမသာကပ်ကာ ...

“ကိုမင်း ... ကံ့ကို နှုတ်ခမ်းနီရွေးပေးပါ၊ ဘာအရောင်ယူရကောင်းမလဲဟင်”

ဟု ဘယ်သူမှ မကြားအောင် ခပ်တိုးတိုး မေးလိုက်သည်။ မင်းခက်သည် ယောကျ်ားတစ်ယောက် ဖြစ်သောကြောင့် ကံ့ အထာကို ကောင်းစွာနားလည်ပုံရ၏။ ကံ့ကို လှမ်းကြည့်သော မျက်လုံးတွေကိုက မချိုမချဉ်နဲ့ အသည်းယားစဖွယ်။ ဟိုးအရင်က သူ့ကို အကြမ်းပတမ်း ချောက်ချ ဒုက္ခပေးခဲ့တာတွေကို လွယ်လွယ်နဲ့ မေ့ပစ်လိုက်ပုံရသည်။ နှုတ်ခမ်းနီကို ရွေးပေးရင်း ...


www.burmeseclassic.com

www.burmeseclassic.com

"ကံကံ ... နှုတ်ခမ်းနီကို ဒီအတိုင်း အလကားရွေးပေးလို့ မရဘူး၊ သိလား၊ သူ့မှာ taste ရှိတယ်၊ အဲ့ဒါကို ခံစားကြည့်မှ ကောင်းမကောင်း ပိုသိမှာ"

ဟု ရိသဲ့သဲ့ ပြောသွားတတ်သည်။ ကံ့ နေရာမှာ မိန်းကလေးတစ်ယောက်သာ ဆိုရင်တော့ ဇော်ကားလေခြင်းဟု ဆွေ့ဆွေ့ခုန်နေတော့မှာပေါ့။ ကံကတော့ မင်းခက်ကို တရကြမ်းပင် ထိုးစစ်ဆင်လျက်ရှိသည်။ မင်းခက် ကံ့ဘက် မြန်မြန်နဲ့ အံလွယ်တကူ ပြိုဆင်းလေ ဉာဏ့်အတွက် အန္တရာယ်ပိုကင်းလေပေါ့။

"ကိုမင်းနော် ... သွား၊ ပြောပုံကိုက မုန်းစရာကြီး"

ဩော် ... ဒုက္ခ၊ ကြာရင် သူ အခြောက်ဖြစ်တော့မည်။ မိန်းကလေးတစ်ယောက်လို မူချိုချွဲနွဲ့ကာ သူ့လက်မောင်းကို တဖျပ်ဖျပ် ရိုက်ပစ်လိုက်သည်။ ယောကျ်ားတွေက အဲ့ဒါမျိုးဆို သဘောကျတတ်သည် မဟုတ်လား။ ပြီးတော့ မင်းခက်ရဲ့ အင်္ကျီကို အကြောင်းမရှိ အကြောင်းရှာပြီး ဆောင့်ဆောင့်ဆွဲပစ်





တတ်သေး၏။ မင်းခက်ရဲ့သဘောက သူ့ကို ရန်သူတစ်ယောက်လို အကြမ်းပတမ်း ဆက်ဆံစဉ်တုန်းကသာ ဒေါသတွေတလိပ်လိပ်နှင့် မခံချိမခံသာ ဆွေ့ဆွေ့ခုန်လျှင် ခုန်နေမည်။ ကံ့ဘက်က ရုတ်တရက် နူးညံ့ပြောင်းလဲပစ်လိုက်သော အခါမှာလည်း၊ သူ ချက်ချင်းပင် အလိုက်သင့် ပြောင်းလဲသွားလေသည်။ ကံ့ကို တကယ့် မိန်းကလေးတစ်ယောက် အဖြစ်သာ သူ မှတ်ထင်နေပုံရ၏။

ပြီတော့ ကံသည် ညတိုင်း ညတိုင်း ကိုးနာရီအတိမှာ မင်းခက်ဆီ အကြောင်းမရှိ၊ အကြောင်းရှာပြီး ဖုန်းမှန်မှန်ဆက်လေသည်။ အသံကလေးကို မိန်းကလေးသံပေါက်အောင် ချိုချိုနွဲ့နွဲ့ကလေးနှင့် ခပ်တိုးတိုး ပြောရသည်။

"ဟိုအရင်က ရိုင်းခဲ့မိတာတွေကို ခွင့်လွှတ်မှာလားဟင် ကိုမင်း၊ အဲ့ဒီအချိန်က ကံ့ စိတ်တွေ သိပ်လှုပ်ရှားပြီး ယောက်ယက်ခတ်နေခဲ့တာ ...

အဲ့ဒီလိုတွေ ဘာကြောင့် ဝုန်းဒိုင်းကြဲခဲ့မိတာလဲ၊ ကိုမင်း သိလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ၊ ပြောပြမှ သိမှာပေါ့ ကံကံရဲ့"

"နည်းနည်းကလေးတောင် မရိပ်မိဘူးလားဟင်"

မင်းခက်က လူလည်။ ကံ ဘာပြောတော့မည်ဆိုတာကို သူ သိနေလောက်ပြီ။ ခပ်တိုးတိုး ညုတုတု ရယ်သံဖြင့် ရယ်မောလျက်ရှိလေသည်။ ကံ့ စိတ်ထဲက သူ့မျက်ခွက်ဆီ အချက်ပေါင်းများစွာ လက်သီးဖြင့် တခွပ်ခွပ် ထိုးပစ်နေသလောက် အသံကတော့ မိန်းကလေးသံပေါက်အောင် မိန်းကလေးတစ်ယောက်ရဲ့စိတ်ကို မနည်းသွင်းယူနေရ၏။ ညာဏ်ညာဏ့်လို မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို ပိုင်ဆိုင်ရထားရက်နဲ့တောင် သူ သစ္စာမစောင့်သိချင်။

"ဘယ်ရိပ်မိပါ့မလဲ ကံကံရယ်၊ ဒီကောင်မလေး ဘယ့်နှယ်ကြောင့် ငါ့ကို အသားလွတ်ကြီး တွယ်နေပါလိမ့်လို့ပဲ ဒေါသတွေ ထွက်နေတာပေါ့"

"မိန်းကလေးတစ်ယောက် ဖြစ်ရတာ မကောင်းဘူးနော် ကိုမင်း၊ ကိုယ့်အချစ်ကို စပြီးဖွင့်ဟ,ခွင့် မရှိဘူး၊ စောင့်ပဲ





စောင့်နေရတာ၊ ညာဏ့်ကို ကိုမင်း လိုက်နေတဲ့ အချိန်က စ,ပြီး ကံ ကိုမင်းကို တိတ်တိတ်ကလေး စွဲလမ်းနေခဲ့တာ၊ ကံ့ကို ချစ်ရင် သိပ်ကောင်းမှာပဲလို့ စိတ်ကူးတွေယဉ်ခဲ့မိတာ အရူးလိုပဲ သိလား ...

အို ... မပြောတော့ပါဘူးလေ၊ ကိုမင်းက ကိုယ့်သူငယ်ချင်းရဲ့ ရည်းစားဖြစ်နေပြီ၊ ကံ မပြောသင့်တော့ဘူးလေ"

ကံသည် မိန်းကလေးတစ်ယောက်ရဲ့ မာယာတစ်မျိုးကို သုံးလိုက်သည်။ မိန်းကလေးတွေက မပြောတော့ဘူးဆိုလေ ယောက်ျားတွေက ပိုသိချင်လေ မဟုတ်လား။

"ဟာကွာ၊ ဘာဖြစ်လဲ၊ ပြောစမ်းပါ ကံကံ၊ အဲ့ဒီလို တန်းလန်းကြီး လုပ်မထားနဲ့၊ ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောခွင့်တော့ ရှိတာပဲ၊ သူငယ်ချင်းရဲ့ ရည်းစားဖြစ်တာနဲ့ပဲ ကံကံ့ ခံစားချက်တွေကို မျိုသိပ်ထားရမယ်ဆိုရင် ကံကံ့ အပေါ် ကိုယ် ဘယ်တရားမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း။ ကံသည် ဒီဘက်ကနေ မင်းခက်ကို အသံမထွက်အောင် နှုတ်ခမ်းလှုပ်ပြီး အသံတိတ် ဆဲရေးပစ်၏။ သစ္စာလုံးဝမရှိတဲ့ကောင်။ ဉာဏ်ရဲ့အချစ်ကို လုံးဝတန်ဖိုးမထားတဲ့ကောင်။ ဉာဏ်နဲ့ လုံးဝမတန်တဲ့ကောင်။

"အင်းပေါ့ ... ကိုမင်း မတရားခဲ့ပါဘူး၊ ကံ့အချစ်တွေကို လုံးဝမရိပ်မိခဲ့ဘဲ ဉာဏ်ကို ချစ်ခဲ့တယ်၊ ကံလေ ခံစားလိုက်ရတာ ရှူးမတတ်ဘဲ၊ ကံက ချစ်စရာရှိရင် အရမ်းပုံအောပြီး ချစ်တတ်တဲ့ မိန်းမလေး ကိုမင်းရဲ့၊ အဲ့ဒီတော့ အရူးအမူး ခံစားရတာပေါ့ ...

အဲ့ဒီတော့ ကိုမင်းကို ကံ တစ်မျိုးပြီးတစ်မျိုး ပြဿနာတွေရှာတာ၊ ဒုက္ခတွေ မျိုးစုံပေးတာ၊ အမျိုးမျိုး ချောက်ချခဲ့တာ၊ သိပ်ချစ်လွန်းရာကနေ ထွက်လာတဲ့ အမျက်ဒေါသတွေပေါ့၊ အချစ်ကြီးတော့ အမျက်ကြီးမိတာလေ၊ ကိုယ့်ကို မချစ်ရကောင်းလား ဆိုပြီးတော့ ..."





"ကိုယ် ထင်တော့ ထင်သားပဲ ကံကံရဲ့၊ ဒီကောင်မလေး ငါ့ကိုများ ချစ်နေသလားလို့တော့ တွေးမိတယ်၊ သူ့ကို မချစ်တာနဲ့ ရက်ရမ်းရမ်းပြီး လျှောက်လုပ်နေတာလို့ထင်တာ၊ အခုရော ... ဘယ်လိုခံစားရသေးလဲ"

မင်းခက် အသံက စာနာနားလည်မှု ရှိသလိုလိုနှင့် တကယ်တော့ သူ့ကို အသေအလဲချစ်တတ်သော မိန်းမတစ်ယောက် ထပ်ပေါ်လာတာကို ဂုဏ်ယူကျေနပ်နေသော အသံမျိုးဖြစ်သည်။

"ခုထိလည်း ခံစားရဆဲပဲပေါ့ ကိုမင်းရယ်၊ အချစ်ကို ရပ်ပစ်လိုက်လို့ ရတာမှ မဟုတ်ဘဲ၊ အဲ့ဒီအချစ်ကို ဖိနှိပ်ချိုးနှိမ်ထားလေ၊ ပိုပြီးတော့ အားကောင်းရှန်းကြွလာလေပဲ၊ သိပ်ခံစားရတယ်၊ သိလား ...

တစ်ခါတစ်ခါ ကိုမင်းနဲ့ ဉာဏ်တို့ သိပ်ချစ်နေတာ မြင်ရရင် ကံ သိပ်ငိုချင်တာပဲ၊ အော်ဟစ်ပေါက်ကွဲပစ်လိုက်ချင်တယ်၊ လုံးဝ မနာလိုဘူး"

မင်းခက်၏ ရယ်သံတိုးတိုးကို သူ ဒီဘက်ကနေ အားပါးတရ အသံတိတ် ဆဲပစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကံကံရယ်၊ သနားဖို့ ကောင်းလိုက်တာ"

လဲသေလိုက် မသာရေ။

"သူငယ်ချင်းရဲ့ ရည်းစားကို သိပ်ချစ်မိနေတဲ့ မိန်းမတစ်ယောက်ဟာ အပြစ်ရှိသလားဟင် ကိုမင်း"

ကံသည် အသံကလေးကို တမင်တိုးတိတ် တုန်ယင်အောင် ဖန်တီးရင်း မေးသည်။ တစ်ဖက်က ငြိမ်သက်သွားသည်။

"အပြစ်မရှိပါဘူး ကံကံ၊ လူတိုင်းမှာ ကိုယ်ချစ်တဲ့လူတစ်ယောက်ကို ချစ်ခွင့်ရှိရမယ်လေ၊ ဘယ်သူမို့ ဘယ်ဝါမို့ဆိုတဲ့ စည်းမျဉ်းတွေ ကန့်သတ်ချက်တွေက သိပ်တော့ အဓိပ္ပာယ်မရှိပါဘူး၊ အဲဒါတွေ တွေးနေရရင် အသက်ရှုရကျပ်တယ်"

ကံသည် သက်ပြင်းရှည်တစ်ချက်ကို ဆွဲချပစ်လိုက်သည်။

"သိပ်ချစ်တတ်တဲ့ မိန်းမတွေဟာ ကံမကောင်းတတ်ကြဘူးထင်တယ်နော် ကိုမင်း၊ သူတို့ သိပ်ချစ်တာကို ပြသဖို့ အခွင့်အရေးမှ မရဘဲနော်"





"အခွင့်အရေး မရဘူးလို့ ဘယ်သူပြောသလဲ ကံ၊ မင်းကိုယ့်ကို ချစ်တယ်မလား၊ ချစ်ပေါ့၊ ဒါကို ဘယ်သူမှ လာတားဆီးလို့ မရပါဘူး"

"ဒါပေမဲ့ ကိုယ်သိပ်ချစ်တဲ့ ယောကျာ်းဆီက တုံ့ပြန်မယ့် အချစ်ကိုတော့ မျှော်လင့်ခွင့် မရှိဘူးပေါ့လေ"

"မျှော်လင့်စမ်းပါ ကံကံရယ်၊ ကံ့မှာ မျှော်လင့်ခွင့် ရှိပါတယ်"

"ကိုမင်းမှာ ဉာဏ် ရှိနေတယ်လေ၊ ကံ့ကို ကိုမင်း ဘယ်ပြန်ချစ်လို့ရမလဲ"

"ဘာဖြစ်လို့ ပြန်ချစ်လို့ မရ,ရမှာလဲ၊ နှစ်ယောက်စလုံးကို ကိုယ် ချစ်တယ်ကွာ၊ ကဲ ... ဘာဖြစ်လဲ"

ကြည့်စမ်း ... လူယုတ်မာ။

"အို ... ကိုမင်း၊ ကိုမင်း ကံ့ကိုချစ်တယ်၊ ဟုတ်လားဟင်၊ မယုံပါဘူး၊ မယုံရဲပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မယုံရဲတာလဲကွယ်၊ ဉာဏ့်ကိုလည်း ချစ်တယ်၊ ကံ့ကိုလည်း ချစ်တယ်၊ ကံ့ကိုကျတော့ ဉာဏ် မသိအောင် ကိုယ် ပြန်ချစ်မယ်၊ နှစ်ယောက်စလုံးကို ချစ်တယ်ကွာ၊ နော် ... အဲ့ဒါကို ကံ ကျေနပ်လိုက်"

အံမယ် ...။ သူကပဲ စွန့်လွှတ်အနစ်နာခံပြီး ကံ့ကို သနားသောအားဖြင့် အားနာပါးနာ ပြန်ချစ်ရဟန်မျိုး။ ကံသည် သူ့အသံကို ကက်ဆက်ဖြင့် အသံသွင်းထားလေသည်။ တစ်ချိန်ချိန်မှာ ဉာဏ့်ကိုပေးနားထောင်ရန် ဖြစ်၏။

"အို ... ကျေနပ်ပါတယ်၊ ကိုမင်း မိန်းကလေး ဘယ်နှယောက်ကိုပဲချစ်ချစ်၊ ကံ့ကို ချစ်တယ်ဆိုရင်ပဲ ကံ ကျေနပ်တယ်၊ အပြည့်အဝကြီး မရနိုင်ပေမဲ့ ကိုမင်း ပေးသလောက်ကလေးနဲ့လည်း ကံ ရောင့်ရဲနိုင်ပါတယ်"

ကံသည် သနားစဖွယ် အသံကလေးဖြင့် ပြောနေရင်း ဒီဘက်မှာ ရယ်ချင်လွန်းသဖြင့် တလိပ်လိပ် တက်နေလေသည်။





"ကံက ချစ်ဖို့ကောင်းပါတယ်၊ သိပ်ပွဲကြမ်းခဲ့တုန်းကတော့ ဘီလူးမလိုပဲ၊ မုန်းစရာ သိပ်ကောင်းပေမဲ့ ခုကျတော့လည်း သနားဖို့တောင် ကောင်းနေတယ်"

ဒီလိုနဲ့ မင်းခက်သည် ရည်းစားနှစ်ယောက်ကို တစ်ပြိုင်တည်း ထားလေသည်။ ဒါတောင် ကံ မသိသော ကွယ်ရာမှာ ဘယ်နှယောက် ရှိသေးသည် မသိရ။

○❥○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ကံသည် မင်းခက်ရဲ့ စိတ်တွေအားလုံး ညာဏ့်ဆီသို့ အမြဲရောက် မနေနိုင်အောင် တစ်ဖက်လှည့်နှင့် သိမ်းသွင်းဆွဲဆောင်ထားလျက် ရှိသည်။ ညာဏ်နှင့် ကိုယ့်ကိုယ်ကိုယ် ပြိုင်ဘက်မိန်းကလေးတစ် ယောက်သဖွယ် ထားသည်။ ကံက လုပ်ပိုင်ခွင့်တွေ အများကြီ ရသည်ပေါ့လေ။ မိန်းကလေးတစ်ယောက် လုပ်နိုင်သော အတိုင် အတာတွေထက် ကံက အများကြီးပို၍ သည်းနိုင်၏။

ဥပမာ မနက်မိုးလင်းလျှင် ကံသည် မင်းခက်ဆီ ဖုန်းဆက်ပြီး နှိုးသည်။ ကိုယ့်ရည်းစား တစ်ယောက်ကို နှိုးသ မျိုး။

"ကိုမင်း ဒီနေ့ ဘာစားချင်လဲ၊ ကံ လာပို့ပေးမယ်"





"ဟာ ... လိမ္မာလိုက်တာကွာ၊ ဒီလောက် စွာစလန်တဲ့ ကောင်မလေးက ဒီလောက် အလိုက်သိတတ်လိမ့်မယ်လို့ ကိုယ် တစ်ခါမှ မတွေးခဲ့မိဘူး"

"မုန့်ဟင်းခါး စားမလားဟင်"

"လာမပို့ပါနဲ့ ကံရယ်၊ ကံ ပင်ပန်းပါတယ်"

သို့သော် ကံသည် မင်းခက် အိမ်သို့ မဖြစ်,ဖြစ် အောင် သွားပို့လေသည်။ မင်းခက်က အံ့သြလျက် ရှိလေသည်။

"ဟာ ... ကံကံ၊ တကယ်လာတယ်၊ ကိုယ်က နောက်နေ တယ်မှတ်တာ"

မင်းခက်က သူငယ်ချင်း နှစ်ယောက်နဲ့ အတူနေခြင်း ဖြစ်သည်။ သူ့သူငယ်ချင်း နှစ်ယောက်က ပြုံးစိစိ။

"လာ ... ကံကံ၊ အတူတူ စားရအောင်"

"နောက်ဆို မနက်တိုင်း ကံ လာပို့မယ်၊ ကိုယ့်ချစ်သူနဲ့ အတူတူ breakfast စားရတဲ့ အရသာကို ဘာနဲ့မှ မလဲနိုင် လောက်အောင်ကို မက်မောတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com

ဟု ကံက မိန်းကလေးတစ်ယောက်ဟန်ဖြင့် ခေါင်းကလေးငဲ့ကာ ပြောလျှင် သူက ညှို့ပြုံးဖြင့် စိုက်ကြည့်ရင်း ကံ့လက်တစ်ဖက်ကို ဆွဲယူဆုပ်ညှစ်ထား၏။ အသည်းယားစရာပါလား။

"ကံကံက ချစ်ဖို့ကောင်းသားပဲ၊ မွှေးမွှေးပေးချင်လိုက်တာ"

"ကိုမင်းနော်၊ ကံက ကိုမင်းဆီက အချစ်ကို တစ်ယောက်တည်း အပြည့်အဝ လိုချင်တာ၊ ကိုမင်းကို ကံ တစ်ယောက်တည်း ပိုင်ပြီဆိုတဲ့ အချိန်ကျရင် ကိုမင်း သဘော၊ ခုအချိန်မှာတော့ ကိုမင်း ကံ့ရဲ့အချစ်နဲ့ စိတ်ကိုပဲရမယ်၊ တခြား အခွင့်အရေးတွေ မရသေးဘူး"

မင်းခက်က တသိမ့်သိမ့် ရယ်မောလေသည်။

"ညဏ်နဲ့ ကံကံ သူငယ်ချင်းနှစ်ယောက် ထိပ်တိုက်ဆုံကြရင် ဘယ်လိုလုပ်မလဲ ကံ"

"မဆုံစေရပါဘူး၊ မဆုံအောင် ကံ နေမှာပေါ့၊ ကိုမင်းက ညဏ့်ကို ချစ်လို့လား၊ တကယ်ချစ်တာလား"





"ဟာ ... တကယ်ချစ်တာပေါ့ကွ"

"ကြည့်စမ်း"

"ဒါပေမဲ့ ကံကံ့ကိုလည်း ချစ်တယ်လေ၊ နှစ်ယောက်စလုံးကို ချစ်တယ်"

"ဘယ်သူ့ကို ပိုချစ်သလဲ၊ ပြောလေ"

"ကံကံ့ကို ပိုချစ်တာပေါ့၊ ကံကံက ပိုပြီး အလိုက်သိတယ်လေ"

ကံသည် စိတ်ထဲကနေ ဟားတိုက်ပြီးတော့ အော်ဟစ်ရယ်မောမိလေသည်။ အဲဒီလို မနက်တိုင်း breakfast ပို့ပေး၊ မင်းခက် အတွက် လက်ဆောင်တွေ ဝယ်ဝယ်ပို့ပေး၊ တစ်နေ့ကို ဆယ်ကြိမ်ထက်မနည်း တဒီးဒီး ဖုန်းတွေဆက်ပေးနှင့် မင်းခက်ကို ဆွဲဆောင်ကာ ညဏ်နှင့် သွေးခွဲထားလျက်ရှိ၏။

မင်းခက်လို ယောက်ျားတစ်ယောက်သည် လက်သာရာမှာပျော်သည့် ကလေးလို ယောက်ျားမျိုး ဖြစ်သည်။ ဥပမာ ညဏ်နှင့် မင်းခက် ရုပ်ရှင်သွားကြည့်ဖို့ ချိန်းထားတယ် ဆိုပါစို့။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါကို ကံက ဉာဏ့်ဆီမှ သိပြီးနှင့်ပြီ။ ထိုအချိန်နှင့်ကိုက်ပြီး မင်းခက်ဆီသို့ ရောက်အောင်သွားကာ မင်းခက် ဉာဏ့်ဆီသို့ သွားလို့မရအောင် အမျိုးမျိုး မြူဆွယ်ဖမ်းစားထားတော့သည်။ အဲ့ဒါဆို မင်းခက့် အကျပ်တွေ့လျက်ရှိပြီ။

"အမှန်အတိုင်း ပြောရရင် ကိုယ် ဉာဏ်နဲ့ ချိန်းထားတယ် ကံကံ"

"ကိုမင်း သွားချင်လို့လားဟင်၊ သွားချင်ရင် သွားလေ၊ ကံကတော့ မပြန်သေးဘူး၊ ကိုမင်း အိမ်ကို သန့်ရှင်းရေး လုပ်ပေးဖို့ ကျန်ခဲ့မယ်၊ ထမင်းဟင်းတွေလည်း ချက်ပေးထား ခဲ့မယ်"

"ဟာ ... အဲ့ဒီလိုကြီးတော့ မထားခဲ့ချင်ပါဘူးကွာ၊ ဒီလို လုပ်၊ ကံကံပါ လိုက်ခဲ့လေ၊ သုံးယောက်အတူတူ ကြည့် ရအောင်"

မင်းခက်က ကံ့ ပခုံးကိုဖက်ကာ ရင်ခွင်ထဲ ဆွဲသွင်း ထားပြီး ကံ့ပါးကို နမ်းသောအခါ ကံသည် အသည်းတယားယား





နှင့် အော်ဂလီ ဆန်သွားလေသည်။ ကံက ဖွတ်အတင်း ရှန်းထွက် ပစ်ရ၏။ အဲ့ဒီထက်တော့ မပိုစေရပေ။

"ဟင့်အင်း၊ မကြည့်ချင်ပါဘူး၊ ကိုယ့်ချစ်သူကို ကိုယ့်သူငယ် ချင်းနဲ့ ချစ်နေတာ ကံ မကြည့်နိုင်ပါဘူး၊ ကံ ခံစားရအောင် မလုပ်ပါနဲ့ ကိုမင်းရယ်၊ ကံ့ကို ငဲ့ညှာပါဦး"

"ကဲ ... ဒါဖြင့်လည်း မသွားတော့ဘူးကွာ ... နော်၊ ကံကံ နဲ့ပဲ နေမယ်၊ ကံကံ ဘာလုပ်မှာလဲ၊ ကိုယ် ကူပေးမယ်၊ ဟုတ်ပြီလား"

မင်းခက် ဉာဏ့်ဆီ မသွားဖြစ်တော့အောင် ကံက အဲ့ဒီလို ဆွဲဆောင်ခဲ့တာ ဖြစ်လေသည်။

○ ❥ ○



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်ကနေ နှစ်ကြိမ်၊ နှစ်ကြိမ်ကနေ သုံးကြိမ်၊ ချိန်းဆိုထားတိုင်း မင်းခက် ဉာဏ့်ဆီ မသွားဖြစ်အောင် ကံက တစ်ဖက်ကနေ လိမ္မာပါးနပ်စွာ မြှူဆွယ်ဖြားယောင်းထားသော အခါ ကြာတော့ မင်းခက် ႏွင့် ဉာဏ် ပြဿနာတွေ တက်ကြပါလေတော့သည်။ မင်းခက်က ဆင်ခြေတွေ အမျိုးမျိုး ရှာဖွေပေးသည်။ ဉာဏ်က စိတ်တွေဆိုးသည်။

"သူ ပြောင်းလဲသွားပြီ ကံကံ၊ ငါ့မှာတော့ သူ့ကို ယုံလိုက်ရတာ၊ ချစ်လိုက်ရတာ၊ အစကဆို ငါ့ကို လိုက်တုန်းက အသည်းအသန်၊ ဖုန်းဆို တဂျိဂျိ ဆက်နေတာ၊ ညညဆိုလည်း ဖုန်းကျွေးတာ အကြာကြီးပဲ၊ တွေ့ချင်လိုက်တာ၊ တွေ့ချင်လိုက်တာနဲ့ သူပဲ အကဲပိုနေတာ ...





ခုကျတော့ ဖုန်းလည်း သိပ်မဆက်တော့ဘူး၊ ငါ သူ့ဆီ ဆက်လိုက်ရင်လည်း ဖုန်းက အမြဲ အဲန်ဂေ့ဂျ်ဖြစ်ဖြစ်နေတယ်၊ သူ တစ်ယောက်ယောက်နဲ့ ဖုန်းကျွေးနေတာပဲ ဖြစ်မှာပဲ၊ တစ်ခါတစ်ခါ ည ဆယ့်နှစ်နာရီလောက် အထိ သူ့ဖုန်းက မအားတုန်း၊ အဲ့ဒါ ဘာသဘောလဲဟင်၊ ယောကျ်ားတွေဟာ ဒီလိုပဲလား၊ မရခင်ကတော့ အသည်းအသန်ကြီးနဲ့၊ ချစ်သူတွေလည်း ဖြစ်ပြီးရော ဘာမှတောင် မကြာဘူး၊ ရိုးသွားပြီလား ...

ချိန်းလိုက်ရင်လည်း ခဏခဏ ပျက်ကွက်တယ်၊ ပြောလိုက်ရင် သူ့မှာ ဆင်ခြေက အပြည့်"

ဉာဏ်က ကံ့ထံမှာ ရင်ဖွင့်ရှာသည်။ ကျန်တဲ့သူငယ်ချင်းတွေကလည်း မင်းခက် ရုတ်တရက် ပြောင်းလဲသွားတာကို မယုံနိုင်သလို အံ့ဩလျက် ရှိကြသည်။ ကံသည် ဉာဏ့် ဆံပင်လေးတွေကို ဆော့ကစားရင်း ...



www.burmeseclassic.com

www.burmeseclassic.com

"ငါ မပြောဘူးလား ညာဏ်၊ မင်းခက်ဟာ အကျင့်မကောင်းပါဘူးလို့၊ လူရုပ်လူပွေကလေးပါလို့၊ နင့်ကို ရအောင်လိုက်တယ်၊ ရတော့ တန်ဖိုးမထားချင်တော့ဘူး၊ နင့်ကွယ်ရာမှာ သူ တခြားကောင်မလေးတွေနဲ့ ခြေရှုပ်နေမှာပေါ့၊ နင်တစ်ယောက်တည်းမှ မဟုတ်တာ၊ သူ့မှာ ရည်းစားတွေက အများကြီး"

ဟု မသိမသာကလေး အတို့အထောင် လုပ်သည်။

ညာဏ်သည် အစမှ စ,ချစ်ကာစ အချစ်ဦး ဖြစ်သောကြောင့် အရူးအမူးလည်း ဖြစ်နေဟန်ရှိသည်။

"ငါ ဘယ်လိုလုပ်ရမလဲ ကံကံ၊ ငါက သူ့ကို သိပ်စွဲလမ်းနေပြီ၊ အရမ်းလည်းချစ်တာ၊ သူ ငါ့ကို ပစ်သွားရင် ငါ သေလိမ့်မယ်"

သူ ရင်နင့်သွားပါသည်။ ညာဏ်သည် တကယ်ခံစားနေရခြင်း ဖြစ်သည်။ အဲ့ဒီလို အချစ်မျိုး သူ့ကိုသာ ညာဏ်ကပေး





လိုက်လျှင် သူ ဘယ်လောက်ပျော်ရမည်နည်း။ ဘာနဲ့မှလဲ တန်ဖိုးမဖြတ်နိုင်အောင် တန်ဖိုးထားမှာပင်။ အဲ့ဒါကို ညာဏ်သိအောင် သူ ဘယ်လိုပြောပြရမည်နည်း။

"ညာဏ်ရယ် ... ယောကျ်ားတစ်ယောက် အတွက် နင် အဲဒီလောက် မခံစားပါနဲ့ငါ မကြည့်ရက်လို့ပါ"

"မခံစားလို့ မရဘူး၊ ငါ့ကို သူ တကယ်ချစ်ပြခဲ့တာပါ၊ အစမှ ဘာလို့ ပြောင်းလဲသွားရတာလဲ၊ ငါ သိချင်တယ်"

"သူ အသစ်တွေ့နေလို့ ဖြစ်မှာပေါ့"

ကံသည် မလုံမလဲ အသံဖြင့် ပြောလိုက်သည်။

ကေကေတို့က မင်းခက်ကို မကျေနပ်ကြတော့။

"ဖြောင့်ဖြင့်ပေးလိုက်ဟာ ညာဏ်၊ နင် ဒီလို ခံစားမနေနဲ့၊ မေးလိုက်တော့ သိမှာပဲ၊ သိရင်လည်း ဖြတ်စရာရှိ ဖြတ်လိုက်တော့ပေါ့၊ သူမှ မကောင်းတာ၊ နင် ဘာဖြစ်လို့ အဲ့ဒီလောက် ချစ်နေမလဲ ညာဏ်"



www.burmeseclassic.com

www.burmeseclassic.com



နဂိုကမှ စိတ်ဆတ်သော ကေကေက မင်းခက်ကို ပြောင်ဖွင့်မေးဖို့ ဆုံးဖြတ်တော့ ရင်ဆိုင်ရမည့် အခြေအနေတစ်ခုကို ကံ ကြိုတင်ရင်လေးသွားမိသေး၏။ သို့သော် ရင်ဆိုင်ရမှာပင်။

မင်းခက်နှင့် ဉာဏ်ကို ဖြတ်တောက်ဖို့ ကံသည် မားတစ်လက်သာ ဖြစ်ရမည်။

○●○



BURMESE CLASSIC .com



နေရာက ဘုပ်ကလပ်ဘက်မှာ ဖြစ်သည်။ ဉာဏ်တို့ သူငယ်ချင်းတွေလည်း စုံစုံညီညီ။ ကံလည်း မပါလို့ မဖြစ်။ မင်းခက်ကတော့ ထုံးစံအတိုင်း၊ ပေါ့ပေါ့ပါးပါး ချိုချိုမြမြပင်။

“မင်းကို မေးစရာရှိတယ်”

ဟု ဉာဏ်က စတင်လိုက်၏။

“မေးစရာရှိတာများ မေးပေါ့ ဉာဏ်ရယ်၊ ခဏနေဦး၊ ကိုယ် ဟာသပုံပြင်ကလေးတစ်ပုဒ် ဖတ်ဖူးတာ ပြောပြမယ်၊ ရှေးခေတ်က လူတွေဟာ အပြောအဆို ယဉ်ကျေးသိမ်မွေ့ရတယ်တဲ့၊ ဘုရင်ခေတ်ကဆိုရင် အောက်စ,လွှတ်နေတယ်လို့ တဲ့တိုးကြီး မပြောရဘူးတဲ့၊ ဘယ်လိုပြောသလဲဆိုရင် ဒီးကွက်တို့မည်သည် ညအခါမှာသာ ထွက်ရိုးထုံးစံ ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည် နေ့ဘက် မထွက်သင့်ပါဘူးရားလို့ သွယ်ဝိုက်ပြီး လျှောက်ထင်ရတယ်တဲ့၊ ရယ်စရာကြီးနော်၊ ဟားဟားဟား”

ဟု ပြောပြီး မင်းခက်က ရယ်သောအခါ ကျန်တဲ့ မိန်းကလေးတွေ ကိုယ်များအောက်စလွတ်များ နေမလားဟု ကပျာကယာ ငုံ့ကြည့်ကြပြီးမှ ဘောင်းဘီတို့၊ စကတ်တို့ ဝတ်ထားကြတာမို့ အောက်စလွတ်စရာ မရှိတာကိုသိကာ ပြုံးမိကြလေသည်။ မင်းခက်က အဲ့ဒီလို ရယ်စရာလည်း ပြောတတ်သေးသည်။

“ဟာသတွေ လုပ်မနေပါနဲ့၊ မင်း ဉာဏ်နောက်ကွယ်မှာ ရည်းစားတစ်ယောက် ထပ်ရှိနေသလား၊ ဉာဏ် သိချင်တယ်”

“ဟာ ... ဘာဖြစ်လို့ အဲ့ဒီလို မေးတာလဲ”

မင်းခက်က ကံဆီ ဖျတ်ခနဲ လှမ်းကြည့်ကာ မေးလိုက်သည်။ မိန်းကလေးတွေ အားလုံးက မင်းခက် မျက်နှာဆီသို့သာ မမှိတ်မသုန် အကဲခတ်လျက် ရှိကြကာ စောင့်ကြည့်နေကြ၏။



“ဟာ ... လူကို သူခိုးဖမ်းသလို အကြည့်မျိုးနဲ့ ဝိုင်းကြည့်နေကြပါလား၊ ဒုက္ခပဲ၊ ဉာဏ်ကလည်းကွာ၊ ဘာတွေလျှောက်မေးနေတာလဲ၊ ဘာကြားထားလို့လဲ၊ မယုံပါနဲ့ကွာ၊ ကောလာဟလတွေ”

“မဟုတ်ပါဘူး မင်းရယ်၊ ချိန်းတိုင်း ပျက်ကွက်တယ်၊ ဖုန်းဆက်တိုင်း အဲန်ဂေ့(ဂျ်)ဖြစ်နေတယ်၊ ဉာဏ့်ကို အရင်ကလို အသည်းအသန် ကြွေမပြတော့ဘူး၊ မင်းရဲ့စိတ်တွေကို တစ်ယောက်ယောက်က သိမ်းပိုက်ထားသလိုမျိုး၊ မင်းမှာ ဉာဏ့်အပြင် တခြားတစ်ယောက် ရှိနေသေးတယ်လို့ ဉာဏ်ရော သူငယ်ချင်းတွေ အားလုံးက ထင်နေကြတယ်၊ အဲ့ဒါကို အမှန်အတိုင်း သိချင်တယ်”

မင်းခက်က ချက်ချင်း အဖြေမပေးဘဲ ခဏတာ ငြိမ်တိတ်နေသည်။ ကံသည် ခုအချိန်မှာ မင်းခက်ကို ဘယ်လို အလဲထိုးရမလဲ ဆိုတာကို တွေးနေလေသည်။ ခုအချိန်ဟာ အရေးကြီးပြီ။ ဉာဏ်နဲ့ မင်းခက် ကွဲကွာဖို့ အကောင်းဆုံးအချိန်ပဲ။ ကံ ပါးနပ်ဖို့သာ လိုသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ဥက္ကာ"

မင်းခက်က ဝန်ခံလိုက်သည်။ တစ်ခါတစ်ရံ မင်းခက်မှာ ချစ်စရာကောင်းသော ရိုးဖြောင့်မှုကလေးတွေ ရှိတတ်ပါသေးသည်။

"ဘယ်သူလဲ"

"ဟင် ... အဲဒီလို နှစ်ယောက်ပြိုင်ထားလို့ ဘယ်ရမလဲ"

"ကြည့်စမ်း၊ မှန်းဖို့ကောင်းလိုက်တာ"

"ဥက္ကာ့ကိုများ အဲဒီလို နှစ်ယောက်ဝေမျှပြီး တွဲစရာလား"

စသဖြင့် သူငယ်ချင်းတွေရဲ့ တစ်ယောက်တစ်ပေါက် အသံဗလံတွေ ဆူညံပွက်သွားလေသည်။ မင်းခက်က ကုံဆီလှမ်းကြည့်ရင်း ခေါင်းကိုလက်နှစ်ဖက်ဖြင့် ညှပ်ထားကာ ...

"သူ ဘယ်သူလဲ ဆိုတာတော့ ပြောလို့မဖြစ်ဘူး ဥက္ကာ၊ အဲ့ဒါကိုတော့ တောင်းပန်ပါတယ်၊ မပြောပါရစေနဲ့၊ ဥက္ကာတို့ သူငယ်ချင်းချင်း ကိုယ့်ကြောင့် စိတ်ဝမ်းကွဲမှာမျိုး မဖြစ်စေချင်ဘူး"





ဟု ပြောင်းလိုက်လျှင် ...

"ဘာ"

"ဟင်"

ဆိုသော အာမေဋိတ်သံတွေနှင့်အတူ သူငယ်ချင်းတွေ အားလုံး ဇဝေဇဝါ ဖြစ်သွားကြကာ တစ်ယောက်မျက်နှာ တစ်ယောက် နဝေတိမ်တောင်နှင့် သံသယအကြည့်တွေ ကိုယ်စီနှင့် လိုက်ကြည့်မိကြသည်။

"ဘာဖြစ်တယ်၊ အဲဒီ နောက်တစ်ယောက်က ဒီအုပ်စုထဲကပေါ့၊ ဟုတ်လား၊ ဘယ်သူတုံး"

"ငါ မဟုတ်ဘူးနော်၊ ငါ လုံးဝ မဖြစ်နိုင်ဘူး"

"ငါက ပိုတောင် သေချာသေးတယ်၊ မင်းခက်ကို ဘာလို့ ကြိုက်ရမှာတုံး၊ ငါ့ သူငယ်ချင်းရဲ့ရည်းစားကြီးကို"

"ငါ အဲဒီလောက် စိတ်ဓာတ်အောက်တန်းမကျဘူးဟေ့၊ ငါ့ကို လာမကြည့်နဲ့၊ အဲ့ဒါမျိုးဆို သေးသေးတင်ကလေးတောင် ထင်ယောင်ထင်မှား အဖြစ်မခံနိုင်ဘူး သိလား"

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေဆီမှ ခါးခါးသီးသီး ငြင်းဆိုသံတွေ တစ်ယောက်တစ်ပေါက် ထွက်ကျလာကြသည်မှာ ဝရုန်းသုန်းကား။ ငယ်ငယ်တုန်းက အုပ်စုဖွဲ့ကာ ထိုင်ကြတုန်း အီးပေါက်သံထွက်လာလျှင် ကိုယ်မဟုတ်ကြောင်း အလုအယက်၊ ပျာပျာသလဲ ငြင်းကြဟန်မျိုးနှင့် တူလှစွာ။ အားလုံး မျက်ကလဲ ဆန်ပြာ။

ငြိမ်သက်နေသည်မှာ ကံကံ တစ်ယောက်တည်း။ ပြီးတော့ မင်းခက် စိုက်ကြည့်လျက် ရှိသည်မှာ ကံကံ့ မျက်နှာဆီသို့။

ဆူညံနေကြသော သူငယ်ချင်းတွေ ဖြုန်းခနဲ အသံတိတ်သွားကြကာ အဖြစ်အပျက်ကို ချက်ချင်းရိပ်မိသွားကြဟန် ရှိသည်။ ကံ့ကို ဝိုင်းကြည့်နေကြသော မျက်လုံးတွေမှာ စွပ်စွဲရှုတ်ချရိပ်တွေသီးလျက်။

"ကံကံ ... အဲ့ဒါ နင်လားဟင်"

ဉာဏ့်ဆီမှ ထွက်ပေါ်လာသော အသံကလေးမှာ မယုံကြည်နိုင်သော လေသံကလေး။ ကံသည် ဉာဏ်နှင့် မင်းခက်





ကိုခွဲဖို့ အရေးကြီးဆုံး အနေအထားကို ရောက်ပြီဟု နားလည်လေသည်။ သက်ပြင်းကိုရှိုက်ကာ ခေါင်းကိုညိတ်ပြလိုက်၏။

"ကိုမင်း ... ဉာဏ့်ကို ပြောပြလိုက်ပါ"

အံ့မယ်။ ကံသည် ကိုယ့်ကိုယ်ကိုယ်ပင် အံ့ဩသွားလေသည်။ မုဒ်ကို အပြည့်သွင်းလိုက်သဖြင့် ချက်ချင်း မျက်ရည်တွေ ဘာတွေ ဝိုင်းလာ၏။

"ကံကံ့ကို အပြစ်မတင်ပါနဲ့ ဉာဏ်၊ ဟုတ်တယ် ကိုယ် ဝန်ခံပါတယ်၊ ကိုယ်နဲ့ ကံကံ ချစ်နေကြတယ်"

"ဟင်"

"ကံကံ ... နင် သစ္စာမရှိလိုက်တာ၊ နင်လုပ်ရက်လိုက်တာ ဟယ်"

ဉာဏ်သည် နောက်ကျောကို ဓားနှင့် အထိုးခံလိုက်ရသော သူတစ်ယောက်၏ မယုံကြည်နိုင်ပုံမျိုးဖြင့် တအံ့တဩ မျက်လုံးအဝိုင်းသားကလေးဖြင့် ကြည့်လေသည်။ ထိုအကြည့်ကို သူ မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



“ဟင့်အင်း၊ ငါ့ကို အဲ့ဒီလို မကြည့်ပါနဲ့ ဉာဏ်၊ နင့်ရဲ့ မျက်လုံးတွေကို ငါ မခံနိုင်ဘူး၊ ငါ သစ္စာမရှိတာ မဟုတ်ပါဘူး ဉာဏ်၊ ငါ မရှောင်လွှဲနိုင်ခဲ့တာပါ၊ တကယ်တမ်း သစ္စာမရှိတဲ့လူက မင်းခက်ပါ၊ သူ ... သူ ... ငါ့ဆီကအချစ်ကို အတင်းအဓမ္မ အရယူခဲ့တာပါ”

“ဟာ ... ကံကံ၊ မင်း မဟုတ်တာတွေ မလုပ်နဲ့နော်၊ ငါ ဘယ်တုန်းက ...”

မင်းခက် ဆွေ့ဆွေ့ခုန်သွားလေသည်။ ဉာဏ်နှင့် တကွ သူငယ်ချင်းတွေရဲ့ အကြည့်တွေအားလုံးသည် မင်းခက် အပေါ်သို့ စုပြုံရောက်ရှိသွားကြ၏။ အဲ့ဒီ မျက်လုံးတွေနှင့်ပင် မင်းခက် သေနိုင်လောက်ပါသည်။

“ဟုတ်တယ် ဉာဏ်၊ သူ ငါ့ကို ဇွတ်အတင်း ဖက်နမ်းခဲ့ပြီး ငါ့ရဲ့အချစ်ကို ဓားပြတိုက်ယူခဲ့တာပါ”

“ဟာ ဟာ ... ကံကံ၊ မင်း ယုတ်မာပြီပေါ့လေ၊ ဒီအကြံနဲ့ ငါ့ဆီ မင်း ဝင်လာတာကိုး၊ ကြည့်စမ်း၊ အင်မတန် မာယာများတဲ့ မိန်းမပါလား”





“ဉာဏ် ... ငါတို့ သူငယ်ချင်း နှစ်ယောက်စလုံးကို သူ လှည့်စားခဲ့တာ၊ သူ လူယုတ်မာ သိလား၊ ငါတို့အပြင် ကွယ်ရာမှာလဲ နောက်ထပ်မိန်းကလေးတွေ အများကြီးပဲ၊ သူ ငပွေ၊ ငရှုပ်၊ လူလည်၊ လုံးဝသစ္စာမရှိဘူး၊ သိလား”

ကံကံသည် တရစပ် စက်သေနတ်ပစ်သလို အဆက် မပြည် စွပ်စွဲထိုးနှက်လျက် ရှိလေသည်။ မင်းခက်သည် အံကိုကြိတ် ကာ မျက်လုံးကြီးပြူးပြီး ကံကံ့ကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။ သူ့ကြည့်ရသည်မှာ ကံ့ကို စိတ်ရှိလက်ရှိ ခြေမွပစ်ချင်နေဟန်မျိုး ဖြစ်၏။

“ဉာဏ် ... နင် ဘယ်လိုဆုံးဖြတ်မှာလဲ၊ ပြတ်ပြတ်သားသား ဆုံးဖြတ်ဟာ”

ကေကေ့ အသံက စိတ်ဆိုးနေသံ။

“မဟုတ်သေးဘူး ဉာဏ်၊ ကိုယ်ပြောတာ နားထောင်ဦး၊ ကံကံက ကိုယ့်ကို ...”



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ၊ ဆက်မပြောနဲ့တော့ မင်း၊ ဉာဏ့်သူငယ်ချင်း အပေါ်မှာတောင် မင်း သစ္စာမစောင့်စည်းတာ၊ ရှေ့ဆက် ဘယ်လိုလုပ်ပြီး ယုံကြည်စိတ်ချထားရမှာလဲ၊ ကံကံ တစ်ယောက်လုံးကို ဘယ်လိုမျက်နှာမျိုးနဲ့ ရင်ဆိုင်ပြီး မင်းကို ဉာဏ် ဆက်ချစ်ရမှာလဲ၊ ပြောပါဦး၊ ဉာဏ် ဒီ့ထက်ပိုမခံစားချင်ဘူး၊ သစ္စာမရှိတဲ့ လူတစ်ယောက်ကိုတော့ ကိုယ့်ကို သစ္စာဖောက်ခဲ့မှန်း သိသိကြီးနဲ့ ဆက်မချစ်နိုင်တော့ဘူး သိလား၊ အဲ့ဒီတော့ စောစောစီးစီး လမ်းခွဲကြတာပဲကောင်းတယ်၊ ဉာဏ်က သိပ်ချစ်တတ်တယ်၊ သိပ်ခံစားတတ်တယ်၊ ဒါပေမဲ့ ဟင် ဆိုရင်လည်း လှည့်မကြည့်တော့ဘူး၊ မှတ်ထားလိုက်၊ ဒီနေ့ကစပြီး ဉာဏ်နဲ့ မင်း ပြတ်ပြီ ...

ကံကံ ... နင်ရော ဘယ်လိုလဲ၊ သူ့ကိုပြတ်သလား၊ ဆက်ချစ်နေမှာလား၊ နင် ဆုံးဖြတ်"

ကံသည် ရင်ထဲမှာ တထိတ်ထိတ် ပျော့ရွှင်ခုန်ပေါက်လျက်ရှိသည်။ အပြင်မှာတော့ မျက်နှာကိုမဲ့ရွဲ့ရှုံ့မဲ့ထားကာ ...





"အမယ်လေး ဉာဏ်ရယ်၊ ဉာဏ်တောင် ပြတ်နိုင်မှတော့ ကံက ဘာလို့ မပြတ်နိုင်ရမှာတုန်း၊ ပြတ်ပြတ် ပြတ်ပြတ်နဲ့တောင် မြည်သေးတယ်၊ မင်းခက်ရေ ... get out "

ဟု ပြောလိုက်သည်။

"အေးလေ၊ မင်းခက် တော်တော် တရားလွန်တယ်၊ သူငယ်ချင်းနှစ်ယောက်စလုံးကိုများ"

"မင်းခက် ပြန်ဖို့သင့်ပြီ"

"နောက်ကို ကျွန်မတို့သူငယ်ချင်းတွေကို လမ်းမှာတွေ့ရင်တောင် နှုတ်မဆက်နဲ့ သိလား၊ ကျွန်မတို့လည်း ပြတ်တယ်"

သူငယ်ချင်းတွေက ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတာနှင့်တင် မင်းခက် ဘာပြောရမှန်းမသိတော့ချေ။ ဘာမှလဲ ရှင်းပြခွင့် မရလိုက်။

"တော်သေးတာပေါ့၊ ယောကျာ်းတစ်ယောက်ကြောင့် သူငယ်ချင်းနှစ်ယောက် စိတ်ဝမ်းတွေ ဘာတွေ မကွဲကြလို့၊ ဒီအတိုင်း ဆက်သွားရင် သူငယ်ချင်းတွေ ရန်သူတွေဖြစ်ကြရတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားဆိုတာက အစားထိုးလို့ရတယ်၊ သူငယ်ချင်းကောင်းဆိုတာ နောက်တစ်ယောက် ထပ်ရှာလို့ ဒီလို စိတ်တူ၊ သဘောတူ၊ တိုက်(ပ်)တူတဲ့ သူငယ်ချင်းမျိုး တွေ့ချင်မှ တွေ့တော့မှာ"

ကံကံသည် မင်းခက် ဘယ်လောက်စိတ်ဆိုးကာ သူ့ကို မုန်းတီးနေမှာကို လုံးဝဂရုမစိုက်။ ဉာဏ်သည် တစ်ခုခုကို ခံစားနေရဟန်တော့ရှိကာ အံကလေး ကြိတ်ထားသည်။ ကံသည် ဉာဏ့်မျက်နှာကို အရိပ်ကြည့်နေမိကာ ဉာဏ် အသည်းများကွဲကြေဦးမှာလားဟု စိုးရိမ်ပူပန်လျက် ရှိလေသည်။

"ကံကံ ... မင်း သတိထားပြီးတော့နေ၊ မင်း ငါ့ကို ဒီနည်းနဲ့ ဖြတ်ခဲ့တယ်နော်၊ မင်းကို ငါ မရ,ရအောင်နိုးပြေးပစ်မယ်၊ စောင့်ကြည့်နေ"

မင်းခက်က ကံ့ကို ဒေါသတကြီး လက်ညှိုးညွှန်လျက် ကြိမ်းဝါးသွားကာ ကံတို့ အုပ်စုထဲမှ လှည့်ထွက်သွားလျက် ဆိုင်ကယ်လ်ကို ဝေါခနဲမြည်အောင် ခပ်ကြမ်းကြမ်း မောင်းထွက်သွားလေသည်။





မင်းခက် ထွက်သွားပြီဆိုမှ ဉာဏ်သည် ကံ့ပခုံးကို ဖက်ကာ မျက်နှာအပ်လျက် ငိုကြွေးပါလေတော့သည်။

"ကံကံရယ်၊ ငါ သူ့ကို တကယ်ချစ်ခဲ့တာ၊ ငါ့ အသည်းတော့ ကွဲပါပြီ၊ နင့်ကို သူ အဲ့ဒီလို လုပ်ခဲ့တယ် ဆိုလို့သာ ငါ စိတ်ဆိုးလွန်းလို့ ဖြတ်လိုက်မိတာ၊ ငါ ခံစားရလိမ့်ဦးမယ်"

"မင်းခက်ဟယ်၊ ရုပ်ကလေးနဲ့ ချောသလောက် ယုတ်မာလိုက်တာနော်၊ ထင်တောင် မထင်ရဘူး"

"ငါ သူ့အကြောင်းကို သိတယ်ဟဲ့၊ ငါနဲ့သူ ချစ်သူတွေဖြစ်တော့ ကံကံက သူ့ကို ဒုက္ခတွေ ပေးဖူးတယ်၊ လိုက်နှောင့်ယှက်တာတွေ ရှိတယ်၊ အဲ့ဒါကို သူ ငြိုးထားတာဖြစ်မယ်၊ ကံ့ကို သူ တကယ်ချစ်တာ မဟုတ်ဘဲ၊ အသည်းခွဲချင်လို့ တမင် မာယာသုံးပြီး ကံ့ရဲ့ အချစ်ကို ဖွတ်ယူခဲ့တာ၊ ကံကံက ဘာအတွေ့အကြုံမှ မရှိတာ၊ သူက လက်ရဲဇက်ရဲနဲ့ ဖွတ်ချစ်တယ် ဆိုတော့ ဘယ်ငြင်းနိုင်ပါ့မလဲ၊ ကံ့ကို ငါ နားလည်တယ်၊ စိတ်လည်း မဆိုးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သည် သူမဘာသာ ဆက်စပ်တွေးယူလျက် တစိမ့်စိမ့် စိတ်မကောင်း ကြေကွဲနေဟန်ရှိသည်။ ကံကလည်း ဉာဏ့်ကို တင်းတင်းကလေး ပြန်ဖက်ထားလိုက်ပြီး တသိမ့်သိမ့် ကျေနပ်နေလေသည်။ ဉာဏ့်ဆီးမှာ ဘယ်ယောက်ျားမှ မရှိတော့။ ဉာဏ်သည် ဘယ်သူ့ကိုမှ ချစ်မနေတော့။ ဉာဏ့်ရဲ့ စိတ်တွေကိုလည်း ဘယ်သူကမှ အပိုင်စီးမထားနိုင်တော့။ ဉာဏ့်ရဲ့ လွတ်လပ်ပေါ့ပါးနေသောစိတ်ကို သူ ပြန်လည်ရရှိခဲ့ပြီ။

"ကံကံ ... နင် သတိတော့ထားနော်၊ မင်းခက်က ကြိမ်းသွားတယ် တွေ့လား၊ နင့်ကို မရ,ရအောင် ခိုးပြေးပစ်မယ်တဲ့"

ကံ ရယ်ချင်သွားသည်။

"ခိုးပြေးရဲ ခိုးပြေးကြည့်ပေါ့ကွယ်၊ ဟင်း ဟင်း ... သူ ငါ့ကို ပြန်အမ်းလိုက်ရလိမ့်မယ်"

"ဘာဖြစ်လို့တုံး"





"ဟား ဟား၊ သူ ငါ့ကို တကယ်ချစ်တာမှ မဟုတ်တာ၊ ဉာဏ် ပြောသလိုပဲ၊ ငါ့ အသည်းကို ခွဲချင်တာလေ၊ အဲဒီတော့ ခိုးပြေးပြီးလည်း သူ ငါ့ကို ပြန်အမ်းရမှာပဲ"

"ဟယ် ... ဒါပေမဲ့ နင် နာမည်ပျက်တာပေါ့ ကံကံရဲ့၊ ယောက်ျားတစ်ယောက် ခိုးပြေးတာ ခံရဖူးတယ်ဆိုတဲ့ အမည်းစက်ကြီး၊ နင့်သမိုင်းမှာ တင်သွားမှာပေါ့၊ ဘာပဲဖြစ်ဖြစ် သတိတော့ ထားနေပါဟာ"

"ဟုတ်တယ် ကံကံ၊ မင်းခက်က လူတစ်မျိုးနော်"

သူငယ်ချင်းတွေအကြား ဟိုးအရင်က ပျော်ရွှင်ဖွယ်စည်းလုံးချစ်ကြည်မှုကို ပြန်လည်ရရှိလိုက်လေသည်။ ဉာဏ် ကြေကွဲခံစားနေရမှာ စိုးသောကြောင့် သူငယ်ချင်းတွေက ဉာဏ့်အိမ်မှာ လိုက်အိပ်ပေးကြသည်။ ခါတိုင်းလိုပဲ စားကြသောက်ကြ၊ ရယ်ကြမောကြ၊ DVD ကြည့်ကြနှင့် စကားတွေ ပြောကြသည်။

မင်းခက်က လွယ်လွယ်နှင့် လက်မလျှော့သူပီပီ၊ ဉာဏ့်ဆီသို့ ဖုန်းဆက်ပြီး ရှင်းပြဖို့ ကြိုးစားသေး၏။ ဉာဏ့်က



www.burmeseclassic.com

www.burmeseclassic.com



မပြော။ ကံကံနှင့်တကွ ကျန်သူငယ်ချင်းတွေက တမြိမြိနှင့် ကျီးကန်းတွေအာသလို တစ်ယောက်တစ်ခွန်း ဝိုင်းအာလိုက်ကြပြီး ဖုန်းချပစ်လိုက်လေသည်။

မင်းခက် တစ်ယောက် အတော်တော့ အခံရခက်မှာပင်။ ဘလိုင်းကြီး လုပ်ကြံခံလိုက်ရသည် မဟုတ်လား။ ကံ့ကိုလည်း တစ်စစီ ဖွဲ့ခြွေမွပစ်ချင်နေမှာ မလွဲကောန်ပင်။

O❥O





## အခန်း(၇)

တစ်ပတ်လောက် အကြာမှာ ပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီ။ ဉာဏ်လည်း အသည်းကွဲမနေတော့။ သူငယ်ချင်းတွေ စုရုံးကာ သင်တန်းတွေ တက်လိုက်ကြ၊ Shopping ထွက်လိုက်ကြ၊ ဆိုင်တွေမှာ သွားစားလိုက်ကြနှင့် ပြန်လည်ပျော်ရွှင်စရာကောင်းလာသည်။ ကံလည်း ပျော်ပျော်ရွှင်ရွှင် ဖြစ်နေသည်။ ဉာဏ်နှင့် တပူးတွဲတွဲ၊ မခွာမခွာရှိကာ ပို၍ ချစ်နေသည်။

အဲ့ဒီနေ့ကတော့ ကွန်ပျူတာသင်တန်းမှာ ဖြစ်၏။

"ဉာဏ် ... နင် ဘာဖြစ်နေတာလဲ"

"အိပ်ငိုက်လို့ဟ၊ အချဉ်ထုပ်တွေလည်း ပါမလာဘူး"

"ငါ သွားဝယ်ပေးမယ် ဉာဏ်"



www.burmeseclassic.com

www.burmeseclassic.com

"တွေ့လား၊ ကံကံဟာ အဲဒီလို ချစ်ဖို့ကောင်းတာ၊ ငါ့အပေါ် အရမ်းအလိုက်သိတတ်တာပဲ"

ဟု ဉာဏ်က ပြုံးပြုံးကလေး ပြော၏။ ကံသည် သည့်တန်းမစခင်ကလေး ခပ်သွက်သွက် ပြေးဆင်းခဲ့ကာ သင်တန်းရဲ့ မျက်နှာချင်းဆိုင်ရှိ မုန့်ဆိုင်ကလေးဆီသို့ ထွက်ခဲ့လေသည်။ ကံ့ စိတ်အာရုံက မုန့်ဆိုင်ကလေးဆီမှာသာ ရှိသဖြင့် အဲဒီပလက်ဖောင်းနံဘေးမှာ ရပ်ထားသော ကားတစ်စင်းကို မမြင်မိ။ အဲဒီမှာ အငိုက်မိသွားခြင်း ဖြစ်လေသည်။

"ခဏတက်ပါဦး ကံကံ"

ဟူသော အသံနှင့်အတူ ကံ့လက်ကို ဆွဲကာ ကားပေါ်သို့ ခပ်ကြမ်းကြမ်းကလေး တွန်းတင်ခံလိုက်ရသည်။ ရုတ်တရက်မို့ ငြင်းဆန်ရန်းကန်ချိန် မရလိုက်။ ဝရုန်းသုန်းကားနှင့် ကားထဲ ရောက်သွားချိန်တွင် ကားက တစ်ရှိန်ထိုး မောင်းထွက်သွားလေသည်။





"ဟဲ့ ... ဟဲ့ ... ဘာလုပ်ကြတာတုံး၊ ဟင် ... မင်းခက်၊ နင် ... နင် ငါ့ကို ဘာလုပ်တာလဲ"

ကံ့ဘေးမှာ ပြုံးပြီးထိုင်နေသူက မင်းခက်။

"မင်းကို ကားပေါ်တင်လာတာ ဆိုတော့ အမိပွာယ်က ကားတင်လာတာပေါ့ကွာ၊ မင်းနဲ့ငါ ဆွေးနွေးစရာကလေး တွေရှိတယ်၊ မင်းကို သွန်သင် ဆုံးမစရာကလေးတွေ ရှိတယ် ...

မင်း ငါ့ကို အကြိမ်ကြိမ် ဒုက္ခပေးခဲ့တာတွေ မှတ်မိသေးတယ် မဟုတ်လား၊ မင်းကို ပြန်ပို့ပေးမှာပါ၊ ဒါပေမဲ့ တစ်ရက် နှစ်ရက်လောက်တော့ မင်းကို ငါ သင်ခန်းစာကလေးတွေ ပေးချင်တယ်၊ နောက်ကို သူများသမီးရည်းစား မကွဲ့ကွဲအောင်၊ မနာလိုဝန်တိုစိတ်နဲ့ မဖျက်ဆီးရဲတော့အောင်ရယ်၊ မိန်းမမာယာတွေ အပြည့်သုံးပြီး ယောကျ်ားတစ်ယောက်ကို လှည့်စား ကပ်ဖြုတ်သွားရင် ဘယ်လို ပြန်ခံစားရတယ် ဆိုတာရယ် ... ဟား ဟား"


www.burmeseclassic.com

www.burmeseclassic.com

မင်းခက်က ခနိုးခနဲ့ ရယ်ရင်း အငြိုးတကြီး ပြောလေသည်။ ဘုရားရေ ... အဲ့ဒါမှ ဒုက္ခ။ သူက ကံကံ့ကို မိန်းကလေးပဲ ထင်နေတုန်း။ ကံကံကလည်း ကံကံပါပင်။ စပို့ရှပ်အကျပ်ကလေးနှင့် စကတ်သရီးကွာတားကလေးဝတ်ကာ၊ ခြေအိတ်နှင့် ဝါကင်းရှူးကလေး စီးထားသည်မှာ မိန်းကလေးတစ်ယောက်အတိုင်း။ ဆံပင်စပရိန်ကောက်ကွေးကလေးတွေ ဖားလျားချထားကာ မျက်နှာမှာ မိတ်ကပ်ဖုံဖုံ နှုတ်ခမ်းနီနှင့်။ Triumph ဘရာပုံလုလုကလေးက မိန်းကလေးတစ်ယောက်အတိုင်း ရင်ကလေးချီလို့။

"မင်းခက် ... နင် မှားလိမ့်မယ်နော်၊ ခုချက်ချင်း ကားကိုရပ်လိုက်စမ်း၊ နင် နောင်တ ကောင်းကောင်း ရလိမ့်မယ်"

ကံသည် ကိုယ့်အဖြစ်ကိုယ် ဖြစ်မှဖြစ်ရလေဟု အော်ဟစ်လူးလိမ့်ကာ ရယ်ချင်သွားလေသည်။ ခုတ်ရာတခြား ရှရာတခြားတော့ ဖြစ်ပြီ။





"ငါက နောင်တ ရစရာ မလိုဘူး ကံကံ၊ မင်းသာ နောင်တရရမှာ၊ မင်းပဲ မိန်းမတန်မဲ့ အရှက်မရှိ ပြောခဲ့တာလေ။ မင်းကိုပဲ ငါက အခမ္မနဲ့ မင်းရဲ့အချစ်ကို ဓားပြတိုက်ယူခဲ့တာဆို ...

ငါက အခုမှ ယူမှာဟေ့ ... ဟား ဟား"

"မင်းခက် ... ဒုက္ခပါပဲ၊ နင် လျှောက်လုပ်မနေနဲ့နော်၊ ရယ်စရာတွေ ဖြစ်ကုန်လိမ့်မယ်"

ကံသည် မင်းခက်ကို ရယ်လို့သာ နေချင်သည်။ ပြီးတော့ ကံသည် မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာကို မင်းခက် မသိစေချင်။ မင်းခက် သိသွားလျှင် မင်းခက်က ငြိမ်နေလိမ့်မည် မဟုတ်။

"ဘာရယ်စရာတွေလဲ၊ ငါ့အတွက်တော့ ရယ်စရာပေါ့၊ မင်းအတွက်တော့ ငိုစရာပေါ့ ကံကံ"

မင်းခက်သည် ကံကံ့ကို ခြံတစ်ခြံဆီသို့ ခေါ်လာလေသည်။ ခြံထဲမှာ တစ်ထပ်တိုက်ပုပုကလေး။

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် … မိုးဇော်၊ မင်း ပြန်လို့ရပြီ၊ နောက်နှစ်ရက်နေမှ လာခေါ်ကွာ၊ ကျေးဇူးပဲ"

ဟု ကားမောင်းသူကို ပြန်လွှတ်လိုက်ပြီး မင်းခက်က ကံ့ လက်တစ်ဖက်ကို ခပ်တင်းတင်း ဆောင့်ဆွဲကာ ခေါ်လာသည်။ ယောကျ်ားချင်းဆိုပေမဲ့ မင်းခက်က ကံ့ထက်ပိုပြီးထွားကာ အားကောင်းမောင်းသန် ဖြစ်သည်။ ကံက မိန်းကလေးတစ်ယောက်လိုပင် သွယ်လျလျကလေးဖြစ်ရာ မင်းခက် လက်ကနေ မရုန်းနိုင်ပေ။ ကပိုကရိုပင် ပါသွားလေသည်။ ကိုယ့်အဖြစ်ကို ရယ်လည်း ရယ်ချင်ကာ၊ ငိုလည်း ငိုချင်လေသည်။

ငါ မိန်းကလေးတစ်ယောက် မဟုတ်ဘူးကွ ဟု အော်ပစ်လိုက်ရင် ဘာတွေ ဖြစ်ကုန်မလဲ။ ကံသည် မင်းခက်၏ ညံ့ဖျင်းပုံကိုသာ အထင်သေးမဆုံး ဖြစ်နေတော့သည်။ ယောကျ်ားနဲ့ မိန်းမတောင် ခုချိန်ထိ သူ မခွဲခြားနိုင်သေးတဲ့ကောင်။

ဒီလိုနှင့် အိမ်ကလေး၏ ဧည့်ခန်းသို့ ရောက်လာသည်။ မင်းခက်က ကံ့ကို သိမ်းကြုံးပွေ့ဖက်ကာ ရွတ်အောင် နမ်းလေသောအခါ သူ အကြီးအကျယ် ဒေါသထွက်လာ၏။





"မင်းခက် … နင် မယုတ်မာနဲ့နော်၊ နင် ငါ့အသားကို မထိနဲ့၊ နင် ဒီလိုဖွတ်လုပ်ရင် ငါ့ရဲ့ကိုယ်ခန္ဓာကိုပဲရမယ်၊ ငါ့ရဲ့ အချစ်နဲ့ စိတ်ကို နင် ဘယ်တော့မှ မရဘူးမှတ်"

အံမယ် …။ သူက ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲက မိန်းကလေးတွေ မကြာခဏ အော်လေ့ရှိတတ်တာကို အမှတ်ရကာ မှင်နှင့်မောင်းနှင့် သရုပ်သဏ္ဍာန်ပီပြင်အောင် အော်ပစ်လိုက်၏။

မင်းခက်က ဘာပြန်ပြောတယ် ထင်ပါသနည်း။

"အေး … ငါကလည်း ခန္ဓာကိုယ်ကိုပဲ လိုချင်တာဟ၊ အချစ်ကို လိုချင်တာ မဟုတ်ဘူးဟ၊ နားလည်ပြီလား၊ မကြာခင်မှာ နင် ဒူးကလေးပေါ် မေးတင်ပြီး တရှုတ်ရှုတ်နဲ့ ငိုပေတော့"

ကြည့်စမ်း။ ဘယ်လောက် ယုတ်မာလိုက်တဲ့ကောင်လဲလို့။ ကံသည် တတ်နိုင်သရွေ့ မင်းခက် မသိစေရအောင် ကြိုးစားပြီး ရှောင်ရှားလျက် ရှိပါသည်။ ဧည့်ခန်းထဲမှာ မင်းခက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကံသည် လိုက်တမ်းပြေးတမ်း ကစားနေသလို ယောက်ယက်ခတ်ကာ ဝရုန်းသုန်းကား ဆူညံဝုန်းဒိုင်းကြဲနေလေသည်။ ကံက ပြေး။ သူက လိုက်နှင့်။

အတော်လေး ကြာလာတော့ ကံ တော်တော်စိတ်ဆိုးလာပြီ။ စိတ်ကိုလည်း မထိန်းနိုင်တော့။

"မင်းခက် ... နင် အဲဒီမှာ ရပ်နေစမ်း၊ ငါ ပြောမယ်၊ နင် ငါ့ကို ဆက်ပြီးမကြိုးစားနဲ့တော့၊ ငါ နင်ထင်သလို မိန်းမ မဟုတ်ဘူးဟဲ့၊ တဏှာရူးရဲ့၊ နွားဘူးရဲ့"

ဟု ဒေါသတကြီး အော်ပစ်လိုက်လေသည်။ ကံ့စကားကြောင့် မင်းခက်က အလွန်ပြောင်မြောက်သော ဟာသတစ်ခုကို ကြားလိုက်ရသလို ဗိုက်ကိုနှိပ်ပြီး အော်ကြီးဟစ်ကျယ် ရယ်မောလေသည်။

"ဟား ဟား ... နင်က မိန်းမ မဟုတ်တော့ ဘာလဲ၊ အခြောက်လား၊ မယုံဘူးကွာ၊ ကဲ ... သက်သေပြ"





"တောက် ... ဒီလောက်တောင် ဖြစ်လှတာကွာ"

ကံသည် စပို့ရှပ်ကလေးကို ဒေါသတကြီး ဆွဲချွတ်ပစ်လိုက်ကာ ဘရာကို ဆောင့်ဆွဲချွတ်ပစ်လိုက်လျှင် မင်းခက်သည် မျက်လုံးကြီးပြူးထွက်လာပြီး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"ပြရဦးမလား သက်သေ ... ဟင်"

ကံသည် စကတ်ကလေးကို လက်နှစ်ဖက်နှင့်ကိုင်ကာ ဆွဲချွတ်တော့မည့်ဟန် ပြင်လိုက်စဉ် မင်းခက်သည် ဗလုံးထွေး အော်ဟစ်လေသည်။

"အား ... မလုပ်နဲ့၊ မလုပ်နဲ့၊ တော်ပြီ၊ ဟော့ကောင် ... မင်း ဘာသဘောလဲကွ၊ အဲ့ဒါ ဘာအဓိပ္ပာယ်လဲ၊ ကြည့်စမ်း၊ မင်း လူလိမ်၊ လူညာ၊ လူယုတ်မာ၊ ဘာကိစ္စ မိန်းကလေးဟန်ဆောင်ထားရတာလဲ၊ ဟမ် ... တောက် ... သွားပါပြီကွာ၊ နာလိုက်တာ၊ ငါ့မှာတော့ တကယ့်မိန်းကလေးအစစ် ထင်နေတာ၊ လုံးဝမရိပ်မိခဲ့ဘူး၊ ထွီ ... ဝေါ့ ... ယောကျ်ားချင်းကြီး နမ်းမိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းခက်သည် ဆွေ့ဆွေ့ခုန်နေကာ မျက်နှာကြ ရှုံ့မဲ့တွန့်လိမ်ပြီး အော်ဂလီဆန် မဆုံးတော့ချေ။

"ဟော့ကောင်၊ ငါလည်း ရွံတာပဲကွ၊ ဒါပေမဲ့ အခြေအနေ အချိန်အခါအရ ကြိတ်မှိတ်ပြီး ခံခဲ့ရတာကွ"

"နေစမ်းပါဦး၊ မင်းက အခြောက်လား"

"ဘာကိစ္စ ငါက ခြောက်ရမှာတုံး၊ ယောက်ျားကွ"

"ဟာ ... ဒါဆို ဘာဖြစ်လို့ မိန်းကလေးလို ဝတ်ထားပြီး ဉာဏ်ဉာဏ်တို့နဲ့ ပေါင်းနေသေးလဲ၊ ပုံစံကလည်း တကယ့် မိန်းကလေးအတိုင်းပဲ၊ ပြောစမ်း ဟော့ကောင်၊ မင်းမှာ ဘာအကြံရှိလဲ၊ အကြံသမား၊ မင်း ကောင်မလေးတွေကို မိန်းကလေးယောင်ဆောင်ပြီး ဖက်လှဲတကင်း၊ ပွတ်သီးပွတ် သပ်နဲ့ အသားတွေ ယူနေတာပေါ့လေ၊ ဟာ ကြည့်စမ်း မင်း ဉာဏ်ဉာဏ်တို့နဲ့ ညတွေ ဘာတွ အတူအိပ်ကြသေး တယ် မဟုတ်လား၊ ယုတ်မာတယ် ကြည့်စမ်း"





မင်းခက်က သူ့ကို လက်ညှိုးတထိုးထိုးနှင့် တအံ့ တသြ၊ တရစပ် စွပ်စွဲလျက် ရှိလေသည်။

သူက အပေါ်ပိုင်းအကျႌ မပါသော ကိုယ်ခန္ဓာဖြင့် ဒူးကိုထောင်၍ထိုင်ကာ ...

"ဘာဖြစ်လဲကွ၊ ငါ ဉာဏ့်ကို ချစ်နေတာ၊ ဉာဏ့်အနားမှာ နီးနီးကပ်ကပ် အမြဲနေခွင့်ရအောင် ငါ ဒီပုံစံနဲ့ ဒီလိုနေခဲ့ တာ"

ဟု ဝန်ခံလိုက်သည်။

"ဟား ... မင်းကို ဉာဏ်နဲ့တိုင်မယ်၊ မင်း အကျင့်တန် တာကို ဉာဏ် သိသွားလို့ကတော့ ပွဲကပြီးပြီ ကိုယ့်လူ၊ ဉာဏ့် အချစ်ကို ငါ အသာလေး ပြန်သိမ်းပိုက်နိုင်ပြီပဲ"

မင်းခက်က တက်တက်ကြွကြွ ပြော၏။

"ဟော့ကောင် မင်းခက်၊ မင်း ဉာဏ့်ကို ပြန်မပြောနဲ့ကွာ၊ မင်းနဲ့ငါ သူငယ်ချင်းဖွဲ့မယ်၊ ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖြစ်မလဲကွ၊ ငါကလည်း ဉာဏ်ကို ချစ်နေတာ၊ မင်းကလည်း ဉာဏ်ကို ချစ်နေတာ၊ မင်းနဲ့ငါ ပြိုင်ဘက်တွေ ဖြစ်နေပြီကွ၊ သူငယ်ချင်း မဖြစ်နိုင်တော့ဘူး၊ ငါ ဉာဏ်ကို ရအောင် ပြန်လိုက်မယ်၊ မင်းနဲ့ ငါ့ကို အထင်လွဲပြီး ဉာဏ်က ငါ့ကို ဖြတ်တာလေ၊ မင်း မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာ ဉာဏ် သိသွားမှ ငါ ဖြေရှင်းလို့ရမှာ ...

မင်းကို ဉာဏ် ဘယ်လောက် စိတ်ဆိုးအမျက်ရှမလဲဆိုတာ မင်း တွေးကြည့်စမ်း၊ မင်းရဲ့ပြစ်မှုက တော်တော်ကြီးတယ် လူလိမ်ရဲ့"

"တောက် ... မင်း"

ကံသည် မင်းခက်ကို ပြေးပြီးတော့ ခုန်အုပ်ကာ ကြမ်းပြင်ပေါ်မှာ လုံးထွေးပြီး နပန်းလုံးတော့လေသည်။ သူတစ်ပြန်၊ ကိုယ်တစ်ပြန် ထိုးသတ်ကြ၏။ နှစ်ယောက်စလုံး မောပန်းနှမ်းနယ်ကာ ခြေကုန်လက်ပန်း ကျသွားကြသည်အထိ။





"မင်း ပြန်တော့၊ သွား"

မင်းခက်က သူ့ကို နှင်၏။

"ဘာဖြစ်လို့ ပြန်ရမလဲ၊ မင်း ငါ့ကို ခေါ်လာတာ ငါ့ကို ပြန်ပို့ပေးရမှာပေါ့"

"မင်းကို မိန်းမမှတ်လို့ ခေါ်လာတာပေါ့ကွ၊ ယောကျ်ားချင်းကြီး လာမတင်စီးနဲ့၊ ပြန်မပို့ပေးနိုင်ဘူး၊ မင်းဘာသာပြန်ချင်တာနဲ့ပြန်၊ ငါကတော့ ပြန်ပြီ"

မင်းခက်က တစ်ဟုန်ထိုး ထွက်ပြေးသွားလေသည်။

သူ ကျန်ရစ်ခဲ့လို့ မဖြစ်ပါ။ ထို့ကြောင့် မင်းခက်နောက်မှ ဒရောဘောပါး ပြေးလိုက်ခဲ့၏။ သူ့ရင်ထဲမှာ တလှပ်လှပ် ဟာလျက်ရှိသည်။ မင်းခက်ကို ဘာနှင့်မှ တားဆီး၍ရမှာမဟုတ်။

သိပ်မကြာခင် ကာလမှာ သူသည် ဉာဏ့်ဘေးမှ လွင့်စဉ်သွားရတော့မည်။ သူ့ကို လူလိမ်၊ လူညာ တစ်ယောက်အဖြစ် ဉာဏ် ဘယ်လောက်မုန်းတီး စွံရှာသွားမည်လဲ၊ သူ တွေးရပါ။



www.burmeseclassic.com

www.burmeseclassic.com



ညဏ် သူ့ကို ခွင့်လွှတ်ပါတော့မလား။ ဘာကြောင့် အဲ့ဒီလို လုပ်တာလဲ ဟု ညဏ် သူ့ကိုမေးလျှင် ကောင်းမည်။ သူ သိပ်ဖြေချင်သောကြောင့် ဖြစ်ပါသည်။

"ဘာကြောင့်လဲ ဆိုတော့ ညဏ့်ကို သိပ်ချစ်လို့ပါ ညဏ်" ဟု သူ အရဲစွန့်ပြီး ဖြေမည်။

၀ ❥ ၀



# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

ဉာဏ်တို့ သူငယ်ချင်းတွေ အားလုံးရဲ့ ပူပန်သောကကို ဘယ်လို သောကမျိုးကမှ လိုက်မီနိုင်တော့မည် မထင်။ ကံကံ ရုတ်တရက် ပျောက်ချင်းမလှ ပျောက်ဆုံးသွားခြင်းကြောင့် ဉာဏ်တို့အားလုံး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဗျာများလျှက်ရှိ၏။

ရှေ့ကမုန့်ဆိုင်ကလေးမှာ စုံစမ်းကြည့်ကာမှ ...

"ဪ ... ကောင်လေးတစ်ယောက်နဲ့ ပါသွားတာ မြင် လိုက်သလိုပဲ၊ ကားအနက်ရောင်၊ ကောင်လေးက အရပ် မြင့်မြင့် ချောချောကလေးပဲ"

ဟူသော စကားကို အကြားမှာ သူငယ်ချင်းလေး ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပို၍ စိုးထိတ်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒုက္ခပဲ၊ ကံကံတော့ ကားအတင်ခံရပြီ၊ အဲဒါ မင်းခက်ရဲ့ လက်ချက်ပဲ၊ ဘယ်လိုလုပ်ကြမလဲ၊ သူ့အစ်ကို့ကို ဘယ်လို ပြောကြမလဲ၊ ကံကံတော့ ဒုက္ခရောက်ပါပြီဟယ်"

"အေးလေ၊ ဒီအချိန်မှာ မင်းခက်ရဲ့ အန္တရာယ် ရှိနေမှန်း သိသိကြီးနဲ့ ငါတို့ သတိလက်လွှတ် ဖြစ်သွားကြတယ်၊ ကံကံ တစ်ယောက်တည်း လွှတ်လိုက်မိတယ်၊ အဲဒီ ကံကံ ဟာလေ ဉာဏ့် အတွက်ဆို ဘာကိုမှ ချင့်ချိန်စဉ်းစားမနေ တော့ဘူး၊ တကယ်ပဲ"

"ဘယ်လိုလုပ်ကြမလဲဟင်၊ ရဲတိုင်ရင် ကောင်းမလား၊ ရဲ တိုင်ရင် ကံ နာမည်ပျက်သွားမှာလည်း စိုးရသေးတယ်၊ ကံ့အိမ်ကို လိုက်သွားပြီး သူ့အစ်ကို့ကို အကျိုးအကြောင်း ပြောပြ၊ တိတ်တဆိတ် လိုက်ရှာကြမှ ထင်တယ်"

"အေး ... အဲဒါ ကောင်းတယ်"

လေးယောက်သား ကံကံ့ အိမ်သို့ လိုက်သွားကြ၏။ ကံ့အိမ်သို့ ဉာဏ်တို့ အလည်တစ်ခေါက် ရောက်ဖူးပါသည်။ ကံ





အစ်ကိုနှင့်တွေ့တော့ သူမတို့လေးယောက်သည် ရုတ်တရက် ပြောမထွက်။ ဉာဏ်က မျက်ရည်ကလေးလည်ကာ ...

"အစ်ကို ... ကံကံ ကားအတင်ခံရလို့၊ မင်းခက် ... မင်းခက် ခိုးပြေးသွားတယ်"

ဟု တွန့်ဆုတ်ဆုတ်ကလေး ပြောပြလိုက်စဉ် ကံ့ အစ်ကို၏ မျက်ခုံးများ ပင့်တက်သွားကာ ...

"ဟိုက် ... အဲဒါမှ ဒုက္ခပဲ၊ မဟုတ်တရုတ်တွေတော့ ဖြစ်ပြီ"

ဟု အလန့်တကြား ပြော၏။ ညီမတစ်ယောက် ...တင်ပြေးခံရသော အစ်ကိုတစ်ယောက်၏ ဒေါသမျိုး၊ စိုးရိမ် ...မျိုး မတွေ့ရဘဲ၊ မျက်နှာကြီးက အူလိုက်သည်းလိုက်ပဲ ...ရလိုက်တော့မလို ပြုံးခနဲကြီး ဖြစ်သွားပြီးမှ မျက်နှာပိုးပြန် ...လိုက်တာကို ဉာဏ်တို့ တအံ့တသြ တွေ့လိုက်ရသည်။

"ဘယ်လိုလုပ်ကြမလဲ အစ်ကို၊ ရဲတိုင်ရင် ကောင်းမလား"

"ဟာ ... မတိုင်နဲ့ မတိုင်နဲ့၊ ရှုပ်ကုန်လိမ့်မယ်၊ သူ ပြန် လာပါလိမ့်မယ်"



www.burmeseclassic.com

ဟင် ... ဘယ့်နှယ်။ ဘယ်လိုကြီးတုံးဟု ဉာဏ်တို့ အံ့ဩသွားလေသည်။ ကဲ့အစ်ကို ကြည့်ရတာ သွေးရူးသွေးတန်း ပူပန်ပုံမရ။ ညီမဖြစ်သူ ကားအတင်ခံရတာကို မျက်ကလဲ ဆန် ပြာကြီးလည်း ပူပန်မနေချေ။

"ပြန်လာမှာတော့ သိတာပေါ့ အစ်ကိုရဲ့၊ ဒါပေမဲ့ ကံကံ ဘဝပျက်တော့မယ်လေ၊ ဒုက္ခရောက်တော့မယ်လေ၊ ကျွန်မ တို့ လိုက်ရှာကြရင် ကောင်းမယ်၊ မင်းခက်က ကောင်းတဲ့ ကောင်လေး မဟုတ်ဘူး၊ လူရုပ်လူပွေကလေး၊ သူ ကံကံ ကို ကြောရရုံကြံတာ၊ ကံကံပဲ နာမည်ပျက်မှာ၊ ကျွန်မတို့ စိတ်ပူလွန်းလို့ သေတော့မယ်ရှင့်"

"ညီမလေးတို့ မပူပါနဲ့၊ အစ်ကိုပဲ လိုက်ရှာလိုက်မယ်၊ ညီမလေးတို့သာ မိုးချုပ်တော့မယ်၊ အိမ်ပြန်လိုက်ကြတော့ နော်၊ အိမ်က စိတ်ပူနေလိမ့်မယ်၊ ပြန်ကြ၊ ပြန်ကြ"

ဟု ဆိုသဖြင့် ဉာဏ်တို့လေးယောက် စိတ်လက် မကောင်းစွာဖြင့် ပြန်လာခဲ့ကြလေသည်။





"သူ့အစ်ကိုကလည်း ဂေါက်နေတာလား မသိဘူးနော်၊ ကံကံ ကားတင်ခံရတာကို မျက်နှာကြီးက ဖြီးခနဲ ဖြစ်သွား တယ်၊ ဘာဖြစ်သွားမှန်း မသိဘူး"

"ကံကံ့ကို သနားလိုက်တာဟယ်၊ ခုလောက်ဆိုရင်တော့ ဒုက္ခပဲ"

"နင်တို့ ဒီနေ့ ငါ့အိမ်မှာ အိပ်ပေးကြပါတယ်၊ ငါ တစ်ည လုံး စိတ်ပူပြီး အိပ်လို့ပျော်မှာ မဟုတ်ဘူး၊ ဘာလုပ်ရင် ကောင်းမလဲဆိုတာ ငါတို့ စုပြီးတိုင်ပင်ကြရအောင်"

ဤသို့ဖြင့် ဉာဏ့်အိမ်မှာ စုစည်းကြလေသည်။ ဉာဏ့်မေမေက ...

"ဟဲ့ ... ကံကံ တစ်ယောက်ရော မပါ,ပါလား"

ဟု အမေးခံရစဉ်မှာ ဉာဏ်တို့ မျက်စိမျက်နှာပျက် ချက် ...

"သူ နေမကောင်းလို့ လိုက်မလာဘူး မေမေ"

www.burmeseclassic.com



ဟု မေမေ့ကို ညာလိုက်ရသည်။ အခန်းထဲသို့ရောက်ချိန်တွင် ညဏ်သည် မွေ့ရာပေါ်သို့ ဒိုင်ဗင်ထိုးဝင်ကာ တသိမ့်သိမ့် ငိုကြွေးမိပါလေတော့သည်။

"ကံကံ ဖြစ်တာ ငါ့ကြောင့်ဟဲ့၊ ငါ့ ပယောဂမကင်းဘူး၊ ငါသာ မင်းခက်နဲ့ သွားမချစ်မိရင် ကံ ခုလိုဖြစ်မှာမဟုတ်ဘူး၊ ကံကံလောက် ငါ့အပေါ် ချစ်ရှာတဲ့ သူငယ်ချင်းမျိုး မရှိတော့ဘူး၊ ငါ့အပေါ် သိပ်အနွံအတာ ခံရှာတာဟ၊ ဖိနပ်ကအစ ဝယ်ပေးတာ၊ အတွင်းခံကအစ ဝယ်ပေးတတ်တာ"

"ဟုတ်တော့ ဟုတ်ပါတယ်ဟယ်၊ နင် မင်းခက်နဲ့ ရည်းစားဖြစ်တော့ သူ့မှာ ဆတ်ဆတ်ထိမခံကို ဖြစ်နေတာ၊ နင့်ကို သူ ချစ်ပုံက နော်မယ်လ်တောင် မဟုတ်ဘူးနော်၊ အစွန်းရောက်နေတာ ..."

ငါတို့က ကံကံ နင့်ကို မိန်းမချင်း သဘာဝလွန်ကဲတဲ့ အချစ်မျိုးနဲ့ ချစ်နေတာလို့တောင် ထင်တာ"





"အို ... သူ ဘယ်လိုပဲ ချစ်ချစ်ဟာ ငါလည်း သူ့ကိုချစ်တာပဲ၊ ကံကံ တစ်ခုခု ဖြစ်လို့ကတော့ မင်းခက်ကို ငါ အသတ်ပဲ"

ညဏ်သည် အိပ်ရာပေါ်မှ ဝုန်းခနဲ ပြန်ခုန်ထပြန့်ကာ အခန်းထဲမှာ ဂနာမငြိမ်နိုင်သလို ဗျာယာခတ်ကာနေသည်။ ကံကံ ဒုက္ခရောက်ပြီဆိုမှ ကံကံက ညဏ့် အပေါ် ကောင်းခဲ့ပုံတွေကို ထပ်တလဲလဲ မြင်ယောင်လျက်ရှိသည်။ ညဏ့်ကိုဆိုလျှင် ငါးအရိုးကအစ နွှင်ပေးတတ်တဲ့ ကံကံ။ ညဏ့်အတွက် တစ်လတစ်ခါ EPO ဆေးပုလင်းကလေး လက်ဆောင်ပေးတတ်တဲ့ ကံကံ။ ညဏ် ရေချိုးဖို့ Revlon က ထုတ်သော Whitening Milk Bath ဘူး ဝယ်ပေးကာ ...

"ရေချိုးတိုင်း ငါ့ကို သတိရနော် ညဏ်"

ဟု ပြောတတ်တဲ့ ကံကံ။

ညဏ့် မျက်နှာကို အမြဲ အရိပ်လိုကြည့်နေတတ်ကာ ညဏ် လိုအပ်သမျှ အမြဲဖြည့်ဆည်းပေးနေတတ်ခဲ့သော ကံကံ။ ဤမျှ အလိုက်သိကာ ကိုယ့်အပေါ် ကောင်းနိုင်လွန်းသော



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းကလေးကို သူ ဒုက္ခရောက်နေချိန်ကျမှ ဥာဏ့်ဘက်မှ ဘာမှ မကယ်တင်နိုင်၊ လုပ်မပေးနိုင် ဖြစ်ရသည်ကို နာကျင်ကြေကွဲ မဆုံး ဖြစ်လျက်ရှိလေသည်။

ထိုအချိန်မှာ ဖုန်းမြည်သံ ထွက်လာ၏။ ဥာဏ်သည် ဖုန်းကို ဝရုန်းသုန်းကား ပြေးကိုင်လိုက်လေသည်။

"ဟယ်လို"

"ညီမလေးလား၊ ဥာဏ်လားဟင်"

"ဟုတ်ကဲ့၊ ဟုတ်ပါတယ်၊ ကဲ့ အစ်ကိုလားဟင်၊ ဘာထူး လဲဟင်၊ ကဲ့ သတင်း ဘာထူးလဲ"

ဥာဏ် အလုအယက်၊ အမောတကော မေးမိလေ သည်။

"အေး ... ညီမလေး စိတ်မပူနဲ့တော့၊ ကံကံ ပြန်ရောက် နေပြီ"

"အို ... ကံကံ ပြန်ရောက်နေပြီ၊ သူ ... သူ ဘာဖြစ်ခဲ့ သေးလဲဟင်၊ သူနဲ့ ပြောချင်လိုက်တာ၊ သူ့ကို ဖုန်းပေး လိုက်ပါ အစ်ကို"





ကံ့ အသံကို ကြားချင်လွန်းလှသဖြင့် ဥာဏ်သည် ဖုန်းခွက်ကလေးကို နားမှာတအားဖိထားမကာ မျက်လုံးပြူးကလေး နှင့် အသက်တောင် မရှူမိဘဲ နားထောင်မိလေသည်။

"ဥာဏ်လားဟင်"

ဟင် ...။ ကံ့ အသံလေးလည်း မဟုတ်။ ကောင် လေးတစ်ယောက်ရဲ့ ရှိုသာသြရှသော အသံ။ အို မဟုတ်သေးပါ ဘူး။ အဲဒီအသံဟာ ကံ့အသံလည်း နည်းနည်းပါဝင်သလိုပဲ။

"ဟုတ်တယ်၊ ခု ပြောနေတာ ဘယ်သူလဲဟင်၊ ကံကံ မဟုတ်ပါဘူး"

"ကံကံပါ၊ ကျွန်တော့်နာမည် ရွှေဘုန်းကံပါ ဥာဏ်၊ သူများပြောပြမှ ဥာဏ် သိရတာထက်စာရင်၊ ကျွန်တော် ကိုယ်တိုင်ဝန်ခံမှ ဥာဏ့်အပေါ် တရားရာကျမယ်လို့ ကျွန်တော် ထင်လို့ပါ ...

ကျွန်တော့်ကို ဒီနေ့ မင်းခက်က ကားတင်ပြေးသွား တယ် ဥာဏ်၊ အဲဒီနောက် သူ အမှန်တရားကို သိသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ အဲဒီ အမှန်တရားက ဘာလဲဆိုတော့ ကျွန်တော်ဟာ မိန်းကလေးအစစ်တစ်ယောက် မဟုတ်ဘူး ဆိုတာပါ"

"ဘာ ... ဘာဖြစ်တယ် ကံကံ၊ ဟုတ်ရဲ့လား၊ ဘာတွေဖြစ်ကုန်တာလဲ၊ ဟင့်အင်း"

ဉာဏ်သည် မယုံကြည်နိုင်လွန်းသဖြင့် ဘာတွေပြောမိမှန်း မသိဘဲ ဗလုံးဗထွေးတွေ ဖြစ်နေသည်။

"အဲ့ဒါတွေ မေးမဲ့အစား ဘာကြောင့် အဲ့ဒီလို လုပ်ခဲ့တာလဲလို့ မေးလိုက်ပါ ဉာဏ်၊ ကျွန်တော် ဖြေပါရစေ၊ သိပ်ဖြေချင်လို့ပါ"

"ဟင် ... ဘာကြောင့်လဲ၊ ဘာလို့ အဲ့ဒီလို လုပ်ခဲ့တာလဲ"

"ကျွန်တော် ဉာဏ့်ကို အရမ်းချစ်လို့ပါ"

"ဘာ"

ဉာဏ်သည် ဖုန်းကို ယောင်ယမ်းပြီး အလန့်တကြားလွှတ်ချပစ်လိုက်မိလေသည်။ သူငယ်ချင်းတွေက စိတ်ဝင်စားလွန်း





သဖြင့် မျက်လုံးတွေအားလုံး ဉာဏ့် အပေါ်မှာ ဝိုင်းစုပြုကျလျက် ရှိကာ ...

"ဘာလဲဟင်၊ ဘာလဲ၊ ဘာတွေ ဖြစ်ကုန်ပြီလဲ၊ ကံကံလား၊ ကံကံ ဘာဖြစ်သွားသလဲ"

"မြန်မြန်ပြောပါဟဲ့ ဉာဏ်ဉာဏ်ရဲ့"

နှင့် တစ်ယောက်တစ်ခွန်း ဝိုင်းမေးလျက် ရှိကြလေသည်။ ဉာဏ်သည် အံ့ဩလွန်းသဖြင့် တစ်ကိုယ်လုံး ယိမ်းထိုးကာ တုန်ယင်လျက် ရှိလေသည်။ နှုတ်ခမ်းကလေးများ သူ့အလိုလို တုန်ယင်နေကာ ...

"ကံကံ ... ကံကံက မိန်းကလေးတစ်ယောက် တကယ် မဟုတ်ဘူးတဲ့၊ ယောကျ်ားလေးတစ်ယောက်တဲ့"

ဟု ကတုန်ကယင် ပြောပြလိုက်သည်။

"အမယ်လေး"

"ဘုရားရေ"

"ဟယ် ... ဘယ်လိုဖြစ်တာလဲ၊ ဒုက္ခပါပဲ"


www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် တစ်ယောက်တစ်ခွန်း အာမေဋိတ်တွေ အသီးသီး ရေရွတ်မြည်တမ်းကုန်ကာ ရှက်သွေးတွ တဖြန်းဖြန်း ထ,ကုန်လေသည်။ မိန်းကလေးတစ်ယောက် အမှတ်နှင့် ဖက်လှဲတကင်း နေခဲ့တာတွေ၊ ပူးပူးကပ်ကပ် အတူအိပ်၊ အတူစားခဲ့ကြတာတွေ။

ချစ်ချစ်ကဆို အားခနဲအော်ကာ မျက်နှာကို လက်နှစ်ဖက်နှင့် ကမန်းကတန်း အုပ်ကွယ်ပစ်လိုက်လေသည်။

"ငါကမှ တကယ့် မဟာအရှက်တော်ပုံ ကွဲတာဟဲ့၊ ကံကံနဲ့အတူ တစ်ခန်းတည်း ရေအတူတူချိုးခဲ့မိတာဟဲ့၊ အမယ်လေး ... သွားပါပြီ၊ သွားပါပြီ၊ ငါ့ကို မြင်သွားပါပြီ၊ ဒီမျက်နှာကြီးကို နောက်တစ်ကြိမ် ဘယ်လိုလုပ် ပြမလဲ"

ဟု ဆွေ့ဆွေ့ခုန်ကာ အော်နေတော့၏။

"ဟုတ်ရဲ့လားဟယ်၊ ကံကံ့ ကြည့်ရတာ တကယ့် မိန်းကလေးတစ်ယောက်ပါပဲ၊ ငါတို့ သူ့ကိုသံသယကလေးတောင် နည်းနည်းကလေးမှ မဝင်ခဲ့မိဘူး၊ တကယ့် မိန်းကလေးအစစ်အတိုင်းပါပဲ"





"နေစမ်းပါဦး၊ သူက ဘာဖြစ်လို့ အဲဒီလို လုပ်ခဲ့တာတဲ့လဲ၊ ဘာအကြံနဲ့ မိန်းကလေးဟန်ဆောင်ပြီး ငါတို့အုပ်စုနဲ့ ဝင်ရောခဲ့တာလဲ"

ဉာဏ်သည် မျက်နှာကလေးက ပန်းပွင့်တွေ ကြဲပျံ့သွားသယောင် ပန်းရောင်သမ်းသွားကာ ခပ်တိုးတိုးကလေး ဖြေလိုက်လေသည်။

"သူက ငါ့ကို ချစ်လို့တဲ့"

ဉာဏ့် အဖြေကြောင့် သူငယ်ချင်းတွေ အားလုံး ဝါးစပ်အဟောင်းသားဖြစ်ကာ တအံ့တသြ ငြိမ်သက်သွားကြလေသည်။ သူမတို့အားလုံး၏ အသီးသီးသော အာရုံတွေထဲမှာ ကံကံ၏ ပုံရိပ်တွေ ရုပ်ရှင်တစ်ကားလို ပြန်ကြည့်ရသလို ပြန်မြင်ယောင်ရှိသည်။

ဉာဏ်ကဆို အဆိုးဆုံးပေါ့။ ကံသည် ဉာဏ်နှင့်သာ အျှင် အနီးကပ်ဆုံး၊ အရင်းနှီးဆုံး၊ အငြိတွယ်ဆုံး ဖြစ်ခဲ့တာလေ။ ဉာဏ့်အပေါ် သူ တအားကောင်းခဲ့တာတွေ။ အနွံတာ ခံခဲ့တာတွေ။



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုက်ခဲ့တာတွေ။ ကံကံ့ မျက်နှာကလေးသည် ဉာဏ့်အာရုံ
ထဲတွင် ထင်လင်းဝင်းပွစွာ ပေါ်လာသည်။ ကံ့အပြုံးတွေ၊ ပြီးတော့
ကံ့ မျက်လုံးတွေ၊ ပြီးတော့ ကံ့ရဲ့အပွေ့အဖက် အယုအယတွေ၊
ဂရုတစိုက်ရှိမှုတွေ ... အို ...။ ဉာဏ့်ရင်ထဲ တလှပ်လှပ် လှိုင်း
ထန်လာလေသည်။ သူဟာ ယောကျာ်းတစ်ယောက်ရယ်လို့ နည်း
နည်းကလေးမှပင် မရိပ်မိခဲ့ပါချေ။

"အံ့သြစရာကြီးနော်၊ ကံကံ့နှယ် ကြဲကြဲဖန်ဖန် ပေါက်ပေါက်
ရှာရှာဟယ်၊ သူမို့ ရူးလည်းရူးပ"

"သူ ရူးတာက အရေးမကြီးဘူးဟဲ့၊ ငါတို့က မိန်းကလေး
ချင်းဆိုပြီး အတွင်းသရုပ်တွေနဲ့ နေချင်သလို နေခဲ့တာ၊
သင်းကတော့ မိန်းမတွေ အတော်အနေအထိုင် ပက်စက်
တာပဲလို့ ထင်နေမှာ၊ ရှက်ဖို့ကောင်းလိုက်တာနော်၊ အဲ့ဒီ
ကံကံနဲ့ ပြန်ကို မတွေ့ချင်တော့ဘူး အဟုတ်"

"မတွေ့လို့ ဘယ်ဖြစ်မတုန်း၊ သူက လာတွေ့မှာပေါ့၊
ဉာဏ်ဉာဏ့်ကို သူ ချစ်လို့ပါလို့ ကြွေးကြော်ထားပြီးပြီ





ဥစ္စာ၊ သူ့နည်းသူ့ဟန်နဲ့ ဆက်လိုက်တော့မှာပေါ့ဟဲ့၊ အခု
ဟာက မင်းခက်က သူ့ကို မိန်းမမှတ်လို့ ကားတင်ပြေး
ရာကနေ သူ့လျှို့ဝှက်ချက်ကြီး ပြန်းခနဲ ပေါ်သွားတာကိုး...

သူက လူလည် ဆရာ၊ သူကစပြီးမှ ဒီလို ဖွင့်ဝန်
မခံထားလည်း မင်းခက်ကြီးက ဉာဏ့်ကို လာပြောတော့မှာ
လေ၊ မယုံရင် စောင့်ကြည့်လိုက်၊ မနက်ဖြန်ဆိုရင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

မနက်ဖြန်။ အဲဒီမနက်ဖြန်က အတော်စိတ်လှုပ်ရှားဖွယ် ကောင်းပါသည်။ ကေကေနှင့် ဇာဇာက ကံကံ ရောက်လာ မရောက်လာကို အလောင်းအစားတွေ ဘာတွေပင် လုပ်နေကြသေးသည်။ ဉာဏ်က တော့ ဘာမှမပြော။ စိတ်ထဲမှာ ကံကံ့ကို တွေ့လည်းတွေ့ချင်နေကာ တွေ့လည်းမတွေ့ရဲပြန်။ သူဟာ ဘယ်လို ကောင်လေးတစ်ယောက်လဲ။

"ကံကံဟာ ဉာဏ့်ကို တကယ်ချစ်တယ်၊ တကယ်သတ္တိရှိတယ်ဆိုရင် သူ ဒီနေ့ ဉာဏ့်ကို လာတွေ့ကိုတွေ့မှာပဲ၊ ဉာဏ် ... နင့်သဘောထားက ဘယ်လိုရှိသလဲဟင်"





"မပြောတတ်ပါဘူးဟာ၊ ခုလောလောဆယ်တော့ အလှည့်စားခံခဲ့ရတာ၊ အညာခံခဲ့ရတာကို တုန့်နဲ့ ဖြစ်နေတယ်၊ သူက ငါတို့ရဲ့ လွတ်လပ်တဲ့ ဘဝကလေးထဲကို မရိုးသားမှု တစ်ခုနဲ့ ကျူးကျော်ဝင်ခဲ့တာဟာ၊ အဲ့ဒီအတွက် အပြစ်ဒဏ်ကိုတော့ သူ ခံရလိမ့်မယ်"

ထုံးစံအတိုင်း သင်တန်းရှိရာဆီသို့ လာခဲ့ကြပေမဲ့ ဘယ်သူမှ သင်တန်းတက်ဖို့ စိတ်မဝင်စားကြပါ။ သင်တန်းရှေ့က အအေးဆိုင်ကလေးမှာထိုင်ရင်း ဘာကိုစောင့်နေမှန်းမသိ စောင့်နေကြလေသည်။ ဘယ်သူကမှ သင်တန်းပေါ် တက်ကြဖို့ မလှုံ့ဆော်ကြ။

"ဟော ... HONDA ကားအနီကလေးတော့ လာပြီ"

ဉာဏ့် ရင်ထဲ ထိတ်ခနဲ ဆောင့်ခုန်သွားကာ HONDA ကား အနီရဲကလေးဆီသို့ မသိမသာ ခိုးကြည့်လိုက်မိသည်။

ကံကံ။ သူဟာ ကံကံ ပါပဲ။ သို့သော် မိန်းကလေးတစ်ယောက်လို ရင်ကလေးချီချီ စကပ်(တ်)ကလေးနှင့် မိတ်ကပ်



www.burmeseclassic.com

www.burmeseclassic.com



ဖုံဖုံ နှုတ်ခမ်းနီကလေး ဆိုးထားသော ကံကံတော့ မဟုတ်။ စပရိန်လို ကောက်တွန့်ထားသော ဆံပင်များကို သပ်သပ်ရပ်ရပ် စုစည်းထားကာ ကော်လာကတုံး ရှပ်အင်္ကျီနှင့် ပုဆိုးနှင့်ပါပေ။

"ဟဲ့ ... လာနေပြီ၊ လာနေပြီ၊ ဒီလိုဆိုတော့လည်း မဆိုးဘူးဟဲ့၊ ကောင်လေးက ချစ်စရာလေး"

ကံကံသည် ဉာဏ်တို့ရှိရာဆီသို့ တစ်လှမ်းချင်း စိုးထိတ်ရင်ဖိုစွာ လျှောက်လာခဲ့သည်။ ဉာဏ့် မျက်နှာကလေးကိုက လွဲပြီး သူ ဘာကိုမှမကြည့်။ ဉာဏ့်မျက်နှာထားကလေး တင်းနေကာ နှုတ်ခမ်းကလေး တင်းတင်းစေ့လျက်။ ဉာဏ် စိတ်ဆိုးမှာပေါ့။

အဲ့ဒီအချိန်မှာပဲ ကံ့ရဲ့ ဇီဇဟောင်းက ပြန်ပေါ်လာသည်။ မှန်ကြောင်ဘဝနဲ့တုန်းက ဉာဏ့်ကို ကြောက်တဲ့စိတ်နှင့် အရာရာနဲ့ အကြောင်းကြောင်း ဖြစ်ခဲ့တာတွေ။ အခုလည်း တစ်ခုခုကို ဖွတ်ခနဲ မြည်အောင် နင်းမိလိုက်ပြီ ဆိုတာကို သိလိုက်ရချိန်မှာ သူ နောက်ကျသွားခဲ့ပြီ။





"ဟယ် ... ကံကံ ခွေးချေးပုံကြီး တက်နင်းမိပြီတော့၊ ဟိဟိ"

"စိတ်ပျက်စရာကြီးဟယ်၊ နံတော့မှာပဲ"

ဉာဏ်သည် နှာခေါင်းဖျားလေးကို ကြိုတင်ကာ ပိတ်ထားနှင့်၏။ ကံသည် ဖိနပ်မှာပေသွားသမျှ လမ်းမပေါ်မှာ ပွတ်တိုက်နေသည်။ ပြီးမှ ဆက်လျှောက်လာသည်။ အဲ့ဒီအချိန်မှာပဲ င်းခက်ရဲ့ Horley Davidson ဉာဏ်တို့နံဘေးမှာ ဝေါခနဲထိုး ဆိုက်ကပ်ရပ်လိုက်တာ ဖြစ်၏။

"ဟော ... လာမဲ့လာတော့ နှစ်ယောက်အပြိုင်"

ကေကေက ဘောလုံးပွဲ ကြေညာသလို ဉာဏ်တို့အားလုံးလည်း မြင်နေရက်သားကြီးကို အသံထွက် ကြေညာပေးနေ၏။

"ဟော့ကောင်၊ မင်း လာရဲသေးတယ်၊ ဟုတ်လား၊ ဉာဏ် အဲ့ဒီကောင် လူလိမ်၊ မိန်းမဟန်ဆောင်ကာပြီး စုမ ယောကျ်ားလိုတွေ ဘာတွေဝတ်လို့၊ ဒီကောင် ဉာဏ့်ဆီက အသားတွေ ယူသွားတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

မင်းခက်က ကံ့အရင် စားပွဲသို့ရောက်အောင် လုသွားကာ ပါးစပ်ကလည်း ဦးအောင်ပြောနှင့်လေသည်။ ကံသည် ပြိုင်ဘက်ရှိလာပြီ ဆိုသော စိတ်အတွေးက ဝင်လာသောအခါ စိတ်ကစိုးရွံ့မနေတော့ဘဲ အလိုလို ရဲရင့်လာကာ မင်းခက် ထိုင်ချလုနီးဆဲဆဲ ခုံကလေးကို အနောက်ကနေ ဆွဲယူပြီး သူ့ဘာသာ ခပ်တည်တည် ထိုင်လိုက်၏။

မြေကြီးပေါ်သို့ ဖင်ထိုင်ရက် ကျသွားသော မင်းခက်သည် ဒေါသတကြီး ရှူးရှူးရှားရှား ဖြစ်သွားသည်။

"ဟော့ကောင်၊ မင်း ယုတ်မာပြန်ပြီလား၊ ဟိုးအရင်က မိန်းမဆိုပြီး သည်းခံခဲ့တာနော်၊ ခုယောကျ်ားချင်း အချိန်မရွေး လက်သီးချင်း ယှဉ်လို့ရတယ်ကွ"

ဟုလည်း အော်နေသေးသည်။ မင်းခက် ဖြစ်ပုံကို မိန်းကလေးတွေက ပြုံးစိစိ ဖြစ်သွားကြ၏။ မင်းခက်က ခုံတစ်ခုထပ်ဆွဲယူပြီး သေသေချာချာ ထိုင်သည်။ ကံသည် မင်းခက်ကို အရေးမလုပ်။ ဘာမှ မတုံ့ပြန်ဆဲ ဉာဏ့်ကိုသာ မျက်နှာချင်းဆိုင် လိုက်ပါသည်။





"ဉာဏ် ... ကျွန်တော် ပြောချင်တာလေးတွေ ပြောခွင့်ပြုပါနော်"

"ဟင့်အင်း ... မကြားချင်ဘူး ကံကံ၊ နင် ငါ့ကိုလှည့်စားခဲ့တာ၊ ညာခဲ့တာ၊ ငါ ခွင့်မလွှတ်ဘူး၊ မိန်းကလေးတစ်ယောက်ကို ချစ်တယ်ဆိုရင် ရိုးရိုးသားသား သတ္တိရှိရှိ ပြောလိုက်ပါလား၊ အခုလို မလိုမ့်တပတ်နဲ့ အယောင်ဆောင်ခဲ့တာ၊ တွေးလိုက်တိုင်း အရှမ်းအခံရခက်တယ်သိလား"

"ကျွန်တော် သိပ်ချစ်လို့ ကြံရာမရဖြစ်ပြီး ဉာဏ့်အနားမှာ ရင်းရင်းနှီးနှီး နေခွင့်ရအောင် ကြံစည်မိတာပါ ဉာဏ်ရယ်၊ ဉာဏ်ကို ယောကျ်ားလေးဘဝနဲ့ ကျွန်တော် အသည်းအသန် လိုက်ခဲ့ဖူးသားပဲ၊ ဉာဏ် မမှတ်မိလို့ပါ"

"ဟော့ကောင် ... မင်း ဘာမှ စကားတွေ ရှည်မနေနဲ့တော့ ဉာဏ်၊ ဉာဏ်နဲ့ ကိုယ် မပြတ်တော့ဘူးနော်၊ ဉာဏ်က ကိုယ့်ရည်းစားပဲ၊ ဒီကောင် ကုလားဖန်ထိုးလို့ ဇာတ်လမ်းတွေ ရှုပ်ကုန်တာ"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ မင်းခက်က တစ်မျောင့်။ ဉာဏ်သည် စိတ်ရှုပ်ထွေးနေသော မျက်နှာကလေးနှင့် မျက်ခုံးတွေ ရှုံ့ထားသည်။

“တော်ပြီ၊ ယောကျ်ားတွေဟာ ကောင်းကိုမကောင်းဘူး၊ တစ်ယောက်က လူလည်၊ တစ်ယောက်က လူလိမ်၊ ဘယ်သူ့ကိုမှ မပတ်သက်ချင်တော့ဘူး၊ ဘာရည်းစားမှလဲ မထားတော့ဘူး၊ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးပဲ နေတော့မယ်၊ နှစ်ယောက်စလုံး သွားကြတော့၊ သွား”

ဉာဏ်က ခပ်ဆတ်ဆတ်ကလေး အော်ပစ်လိုက်သည်။ မင်းခက်ကတော့ မခံချိမခံသာဟန်ဖြင့် မျက်နှာရဲသွားကာ ...

“ကိုယ့်ကို အဲဒီလို မောင်းမထုတ်နဲ့ ဉာဏ်၊ ကိုယ့်မှာဘာအပြစ်ရှိသလဲ၊ ဉာဏ့်အပေါ် ဘာမှ လိမ်ညာလှည့်စားမထားဘူး၊ မိန်းမဟန်ဆောင်ပြီး အသားတွေလည်း မယူခဲ့ဘူး၊ ကိုယ်တို့က ယောကျ်ားပီပီသသပဲ ဉာဏ့်ကိုလိုက်ခဲ့တာ၊ ဉာဏ့်အချစ်ကို ရလည်းရခဲ့ပြီးသား၊ ဉာဏ်ဟာ ကိုယ့်ရည်း





စားပဲ၊ ဒီကောင် ဝင်နှောင့်ယှက်လို့ ကမောက်ကမတွေ ဖြစ်ကုန်တာ၊ ကိုယ်ကတော့ ဉာဏ့်ကို ချစ်ဆဲပဲ”

ဟု ပိုင်စိုးပိုင်နင်းဟန်ဖြင့် ဆက်ပြောနေလေသည်။ ကံက သည်းမခံနိုင်တော့။ ဉာဏ့်ကို ပြောချင်တာ ပြောခွင့်မရသေး။ မင်းခက် ဝင်ရှုပ်နေတာနှင့် အခြေအနေက ပိုရှုပ်ထွေးလာသည်။

“မင်းခက် ... မင်း ခဏထွက်သွားပေးမလား၊ မထွက်သွားပေးဘူးလား၊ ငါ ဉာဏ့်ကို ပြောစရာတွေရှိတယ်”

“အောင်မာ၊ ငါက ဘာလို့ထွက်သွားပေးရမှာလဲ၊ ငါ့ရည်းစားကို ကြာကူရီလာရိုက်တဲ့ကိစ္စကို ငါက လက်ပိုက်ကြည့်နေရမလား”

“တောက်”

ကံသည် မင်းခက်ကို လက်သီးနှင့် တစ်ချက်ထိုးပစ်လိုက်၏။ မင်းခက်ကလည်း ပြန်ထိုးပါသည်။ ကောင်လေးနှစ်ယောက် ရန်ဖြစ်လျက်ရှိတာမို့ မိန်းကလေးတွေ အလန့်တကြား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာ နေရာမှ ထ,ပြေးကြလေသည်။ ညာဏ်နှင့်တကွ သူငယ်ချင်း အားလုံးက ကံကံ့ဆီသို့သာ၊ မယုံကြည်နိုင်သော မျက်ဝန်းတွေဖြင့် ငေးစိုက်ကြည့်နေမိရက်သား ရှိကြ၏။

ညာဏ်တို့ သိခဲ့သော ကောင်မလေးတစ်ယောက်လို ကန့်ကလျ ကံကံ မဟုတ်တော့။ ခဏနေသော ဘေးကလူတွေ ဝိုင်းဆွဲဖျန်ဖြေပေးကြတာနှင့် ရန်ပွဲကပြီးသွား၏။ ညာဏ်တို့လည်း သင်တန်းပေါ်သို့ တက်ခဲ့ကြလေသည်။

"နင် ကံကံ့ကို မချစ်ဘူးလား ညာဏ်၊ မင်းခက်ကို ပြန်ယက်ခံမှာလား"

သူငယ်ချင်းတွေက ညာဏ်ရဲ့ သူများနဲ့မတူ၊ ဖြစ်ပုံဆန်းကြယ်သော ဇာတ်လမ်းကလေးကို စိတ်ဝင်စားနေ၏။

"ဟင့်အင်း၊ မင်းခက်ကို ငါ ကြောက်သွားပြီ၊ အဲ့ဒီလို ကားတင်တာတို့ဘာတို့ စရိုက်မျိုးရှိရင် သူဟာ အန္တရာယ်ပဲ၊ ငါ့ကိုရော တစ်ချိန်ချိန်မှာ ကားမတင်ဘူးလို့ ပြောနိုင်မလား၊ အဲ့ဒီစိတ်က မိန်းကလေးတစ်ယောက်ပေါ်မှာ နိုင်ထက်စီးနင်းလုပ်တတ်တဲ့ စိတ်မျိုးပဲ၊ ကြောက်ဖို့ကောင်းတယ် ...





အရင်က မင်းခက်ကို ငါ အရမ်းစွဲလမ်းနေတယ်လို့ ထင်ခဲ့မိတာ၊ သူ့ရုပ်ချောတာရယ်၊ အပြောကောင်းတာရယ်ကြောင့် ငါ စွဲခဲ့တာပါ၊ အဲ့ဒါ အချစ်မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကံကံ့ကို သူ ကားတင်သွားပြီဆိုတဲ့ အချိန်မှာ သူ့ကို သတ်ပစ်ချင်လောက်အောင် ငါ သိပ်မုန်းသွားတယ် ...

အခု မမျှော်လင့်ဘဲ ကံကံက ယောက်ျားလေးတစ်ယောက် ဖြစ်နေခဲ့လို့ မိန်းကလေးတစ်ယောက်ဆို တွေးကြည့်စမ်း၊ အဲ့ဒါ သူများဘဝကို ဖျက်ဆီးတာလို့ခေါ်တယ်၊ အဲ့ဒီလိုစိတ်ဓာတ်မျိုးရှိတဲ့ ယောက်ျားတစ်ယောက်ကို ငါ ဘယ်လိုလုပ်ပြီး ချစ်သူအဖြစ် ဆက်,လက်တွဲရမလဲ၊ အချိန်မရွေး ငါ့မှာ အန္တရာယ်ရှိနိုင်တယ်၊ မင်းခက်က ရုပ်ကလေးချောသလောက် စည်းမစောင့်ဘူး၊ အဲ့ဒီ စိတ်ဓာတ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ငါ ကြောက်သွားတာ၊ ဟင် ဆိုရင် လှည့်မကြည့်ချင်ေ
ဘူး"

ဉာဏ်သည် မင်းခက် အပေါ် စိတ်ပြတ်သွားတာ
တော့ ရှင်းရှင်းလင်းလင်း၊ ပီပီသသ ပြောနိုင်စွမ်း၏။

"ဟုတ်ပါတယ်၊ မင်းခက်ကို ငါတို့လည်း မကြိုက်ပါဘူ
အရမ်းကို ရှုပ်တာ၊ ကံကံ့ကိုတောင် လှည့်စွေတာ ကြ
ပါလား၊ အဲ့ဒီတော့ မင်းခက် ကဏ္ဍကို ထားလိုက်တော
ဒါဆိုရင် ကံကံ့ကို ကျတော့ရော"

ဉာဏ်သည် ဆွံ့အသွားသလို ရုတ်ချင်း တွေ
မှင်သက်သွားကာ စကားလုံးတွေ ဖျတ်ခနဲ ပျောက်ဆုံးသွား
သည်။

"ကံကံ့ကို ငါ စိတ်ဆိုးတယ်၊ သူ ဒီလိုလုပ်ဖို့ မကော
ဘူးပေါ့၊ ဒါလည်း လှည့်စားနည်းတစ်မျိုးပဲ၊ ဒါပေမဲ့
ငါ့အပေါ် အရမ်းချစ်ခဲ့တာ၊ အရမ်းကောင်းခဲ့တာတွေ
တော့ ခံစားလို့ရတုန်းပဲ ...





ဒါပေမဲ့ ငါက သူ့ကို မိန်းကလေးချင်းလို့ ထင်ခဲ့
တာလေ"

"သူ နင့်အပေါ် အခွင့်အရေးတော့ မယူခဲ့ပါဘူး ဉာဏ်၊
ငါတို့ သိသလောက် ပြောရရင်လေ၊ ဒီလောက် ပူးပူးတွဲတွဲ
နီးနီးကပ်ကပ်ကြီး ဖက်လှဲတကင်း တရင်းတနှီး နေခဲ့တာ
တောင် သူ ထိန်းချုပ်နိုင်ခဲ့သားပဲ"

"သူ ငါ့ကို လိုက်ဖူးတယ်တဲ့၊ ဘယ်တုန်းက လိုက်ဖူးလို့
လဲ၊ ငါဖြင့် မမှတ်မိပေါင်"

"အေး ... ငါတို့လည်း မမှတ်မိဘူး"

"ကံကံ့ကို မိန်းကလေးတစ်ယောက်အဖြစ် ဆုံးရှုံးလိုက်ရ
တာကိုတော့ ငါ နှမြောတယ်၊ သူ ယောကျ်ားလေး ဖြစ်
နေတာကိုလည်း အံ့ဩတယ်၊ မသိဘူးဟာ၊ ငါ မတွေးတတ်
တော့ဘူး၊ ဘယ်လောက် စိတ်ရှုပ်စရာ ကောင်းလိုက်တဲ့
အချစ်လဲလို့"



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းသာ ပြီးသွားသည်။ ဆရာ ဘာတွေသင်သွားမှန်းပင် မသိလိုက်။ လေးယောက်သား တိုးတိုးကြိတ်ကြိတ် ဆွေးနွေးညှိနှိုင်းနေကြဆဲ ဖြစ်သည်။

သင်တန်းအောက်ကိုရောက်တော့ မင်းခက်ရော ကံကံပါ နှစ်ယောက်စလုံး ရှိနေကြဆဲပင်။ ညာဏ်တို့က ဘယ်သူ့ကိုမှ အရေးမလုပ်ဘဲ ကားပေါ်တက်လိုက်ကြလျှင်၊ ညာဏ်တို့ကားနောက်မှ Harley Davidson ရော၊ ကံကံ့ရဲ့ HONDA ကားအနီရဲရဲကလေးပါ ပြိုင်တူ လိုက်ပါလာကြလေသည်။

"အံမယ်၊ ညာဏ်ညာဏ်များ စွံနေလိုက်တာနော်၊ အခုမှ နှစ်ယောက်တောင် အပြိုင်လိုက်တာ"

"တော်စမ်းပါဟယ်၊ စိတ်ရှုပ်ရတဲ့အထဲ၊ အိမ်မှာ မေမေက မေးလှပြီ၊ ကံကံရော၊ ကံကံရောနဲ့၊ ကံကံ ယောကျ်ားလေး တစ်ယောက် ဖြစ်နေတယ်ဆိုတာ မေမေ့ကို ငါ ဘယ်လို ပြောရပါ့မလဲ၊ တစ်ခန်းထဲ အတူအိပ် အတူနေလာခဲ့ကြတာ"





"ဟီဟိ ... အေးလေ၊ အသည်းယားစရာကြီး"

ညာဏ့်ကို အရင်ဆုံး လိုက်ပို့သဖြင့် ညာဏ်က ဆင်းကာကျန်ရစ်ခဲ့၏။ ခြံဝမှာ မင်းခက်ရဲ့ ဆိုင်ကယ်လ်ရော၊ ကံကံရဲ့ ကားအနီကလေးရော ရပ်လျက်သား။

သူတို့ ဘာလုပ်ကြဦးမှာပါလိမ့်။

○ ❥ ○



www.burmeseclassic.com

www.burmeseclassic.com



၄

"မင်းက ဘာဖြစ်နေတာလဲ ကံကံ၊ ငါက ငါ့ရည်းစားအိမ် ရှေ့ ငါ့ဘာသာ လာရပ်ကြည့်နေတာ သဘာဝကျတယ်ကွ၊ မင်းက ဘာလဲ၊ ဉာဏ်က မင်းကို လူလိမ်ဆိုပြီး အဖက် တောင် မလုပ်ဘူး၊ ငါ့ကိုတော့ သူ စိတ်ကောက်နေတာကွ"

မင်းခက်က ဆိုင်ကယ်လ်ပေါ်ကနေ လှမ်းပြော၏။ ကံသည် HONDA အနီကလေးရဲ့ အမိုးပေါ်မှာ တက်ထိုင်လျက် ဉာဏ့်အခန်းကလေးဆီမှ လှုပ်ရှားမှုကလေးတွေကိုသာ ငေးကြည့် လျက်ရှိသည်။

အခုအချိန်ဆို ဉာဏ်ဉာဏ်ကလေး အဝတ်အစား လဲနေလောက်ပြီ။ ပြီးလျှင် မွေ့ရာထက်သို့ ဒိုင်ဗင်ထိုးကာ ဝင် အိပ်တော့မည်။





"ငါ ဉာဏ့်ကို ရအောင်လိုက်မလို့ မင်းခက်၊ မင်း အေးအေးဆေးဆေး နေစမ်းကွာ၊ မင်းလို လူရှုပ်လူပွေနဲ့ ဉာဏ်နဲ့ တူသလား တန်သလား"

"အောင်မာ၊ မင်းလို လူလိမ်လူညာနဲ့ရော ဉာဏ်က တူလို့ လား၊ တန်လို့လား"

မင်းခက်က အလျှော့မပေး။ တမင်သက်သက် လိုက်ရစ်နေခြင်းလည်း ဖြစ်မည်။

"ကဲ ... ဟောကောင်၊ မင်းနဲ့ငါ အလောင်းအစားတစ်ခု လုပ်ရအောင်၊ ဒီအလောင်းအစားမှာ ရှုံးတဲ့သူက ဉာဏ့်ကို အနှောင့်အယှက် မပေးဘဲ အေးအေးဆေးဆေး နောက်ဆုတ် ပေးကြေး၊ ဘယ်လိုလဲ"

ကံက မင်းခက်ကို စိန်ခေါ်သလို လှမ်းပြောလိုက်၏။ မင်းခက်တွင် ကောင်မလေး ဒီလောက်မရှားတာလည်း ကံ သိ သည်။ ဉာဏ့်အပေါ် သိပ်ကြီး အရူးအမူးမက်မောစွာ ခုံမင်တွယ် တာလွန်း၍ မဟုတ်တာကိုလည်း ကံသိသည်။ တမင်သက်သက် စားရမည့်အမဲကို သဲနှင့်လိုက်ပက်နေခြင်းသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဘာအလောင်းအစားလဲ၊ ပြောကြည့်လေ"

"ဉာဏ့်အိမ်ထဲ အခု မင်း ဝင်ရဲသလား"

"ဟ ... ပြဿနာတက်မှာပေါ့ကွ၊ သူ့အဖေကြီး လိုက်ရိုက်မှာပေါ့"

"အေး ... ဝင်ရဲတဲ့သူ အနိုင်ကွာ၊ ဝင်ပြီးရင်လည်း ဉာဏ့်မေမေနဲ့ဖြစ်ဖြစ် ဆယ့်ငါးမိနစ်လောက် ထိုင်စကားပြောရမယ်၊ ငါ ဝင်ရဲတယ်၊ ဘယ်လိုလဲ၊ လောင်းမလား၊ ငါ နိုင်ရင် မင်း နောက်ဆုတ်၊ မင်း ဝင်ရဲတယ်ဆိုလည်း ငါ နောက်ဆုတ်ပေးမယ်"

မင်းခက်သည် ကောင်မလေးတွေကိုသာ လက်ရဲဇက်ရဲနှင့် မျက်နှာပြောင်တိုက်ကာ အခွင့်အရေး ယူကောင်းယူမည်။ ကောင်မလေးတွေရဲ့ မိဘတွေနှင့် တွေ့ဖို့ကတော့ သတ္တိရှိဟန်မတူချေ။

"မင်းက အဲ့ဒီအိမ်ကို အမြဲ ဝင်ထွက်နေတာကိုးကွ၊ ဘယ်ဖြစ်မလဲ"





"ငါ ဝင်ထွက်နေတုန်းက မိန်းကလေးတစ်ယောက် ပုံစံနဲ့လေကွာ၊ အခု ငါက ယောကျ်ားတစ်ယောက် ပုံစံနဲ့ ဝင်ရမှာ၊ ငါ လိမ်ညာခဲ့သမျှကို သူ့မိဘတွေရှေ့မှာ ပြောင်ဝန်ခံရမှာ၊ ဘယ်လောက် စွန့်စားရမလဲ၊ အခန့်မသင့်ရင် သူ့အဖေကြီးရဲ့ လက်သီးစာမိမှာကွ ...

ငါက မိန်းကလေးလိုဘာဝနဲ့ သူ့သမီးနဲ့ တစ်ခန်းထဲမှာ ဖက်လှဲတကင်း အတူအိပ်၊ အတူစားခဲ့တာ ဒါကို ဘယ်သူက ဖွင့်ဟဝန်ခံရဲမလဲ"

သူ့စကားကြောင့် မင်းခက် စိတ်တော့ ဝင်စားသွားဟန်ရှိလေသည်။ သူ့ သေတွင်း သူပြန်တူးရမည့် အဖြစ်လေ။

"ကောင်းပြီလေ စိန်လိုက်၊ မင်း အရင်ဝင်သွား"

ဟု မင်းခက်က ပွဲကြီးပွဲကြောင်း စောင့်ကြည့်မည့်ဟန် ကောက်ကျစ်စွာ ဆိုလေသည်။

"မင်း ယောကျ်ားကတိနော် မင်းခက်၊ ငါ နိုင်သွားရင် မင်း လုံးဝကင်းကင်းရှင်းရှင်း နောက်ဆုတ်သွားကြေးနော်၊ ဉာဏ့်ကို စိတ်အနှောင့်အယှက် မပေးကြေး"


www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ငါ ယောက်ျားပါ၊ မင်း သွားပါ၊ ငါ စောင့်ကြည့်နေမယ်"

သူ ကားအမိုးပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းလိုက်သည်။ တကယ်တမ်းကျတော့ အတော်ရင်တုန်ဖို့ ကောင်းသားပင်။

ဒါပေမဲ့ တစ်ဖက်ကကြည့်လျှင်တော့ သူ မရိုးဖြောင့်ခဲ့တာကို ရိုးသားစွာ လာရောက်ဝန်ခံတောင်းပန်ခြင်းသည် လုပ်သင့်လုပ်ထိုက်သော အလုပ်တစ်ခုလို့ သူ ထင်သည်။ လိမ်လည်လှည့်စားခဲ့တာသည် စော်ကားခဲ့ခြင်း တစ်မျိုးပဲ မဟုတ်လား။

သူ ခြံတံခါးရှိ လူခေါ်ဘဲလ်ကို နှိပ်လိုက်၏။ အိမ်ဖော်ကောင်မလေး ပြေးလာပြီး သူ့ကိုမြင်တော့ တအံ့တသြ ကြောင်ငေးသွားပါသည်။

"ဟယ် ... ကံကံ မဟုတ်လား၊ ဟီဟိ ... ယောက်ျားလို ဝတ်လာတယ်တော့"

ဟု ရယ်ကာမောကာပင် တံခါးဖွင့်ပေး၏။ သူလည်း ဘာကိုရှက်မှန်းမသိ ရှိုးတိုးရှန့်တန့်တော့ ဖြစ်နေလေသည်။





"အန်တီတို့ ရှိလား မအေး"

"ရှိတယ် ကံကံ၊ ဦးဦးတော့ မရှိဘူး"

"အဲ့ဒါ ကောင်းတယ်"

သူ ဧည့်ခန်းထဲ ရောက်တာနှင့် ညဏ်မေမေ အန်တီက သိုးမွေးထိုးရက်တန်းလန်းမှာ မြဝတီ တရုတ်ဇာတ်လမ်းတွဲ ကြည့်နေသည်။

"ဟော ... ကံကံ ပါလား၊ အယ် ... ဒါက ဘယ်လိုဖြစ်တာတုံး၊ ယောက်ျားလိုတွေ ဘာတွေဝတ်လို့၊ ဟင် ... မဟုတ်သေးဘူး၊ ယောက်ျားလေးမှလားဟဲ့၊ ဟောတော်၊ ဘာတွေ ဖြစ်ကုန်တာတုံး၊ ကံကံ အစ်ကိုတွေ ဘာတွေများလား"

အန်တီက မျက်မှန်ကို ကမန်းကတန်း ကောက်တပ်ကာ ရင်သတ်ရှမော အံ့သြတကြီးတွ ဖြစ်ကုန်ကာ နားမလည်နိုင် ယုံကြည်နိုင် ဖြစ်နေလေသည်။ သူ့ကို ငေးကြည့်နေသော အန်တီ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကံကံ ပါပဲ အန်တီ၊ ရွှေဘုန်းကံပါ"

"ဟေ ... မင်းက ယောကျ်ားလေးလား၊ မိန်းကလေးလား ဟဲ့ ... ဉာဏ်ဉာဏ်၊ ဒီမှာလာပါဦး၊ ဘာတွေဖြစ်ကုန်ပြီတုံး အန်တီ မခွဲတတ်တော့ဘူး"

အန်တီ့ အော်သံကြောင့် ဉာဏ်သည် အခန်းထဲမှ ထွက်လာခဲ့သည်။ ကံ့ကိုမြင်တော့ ဉာဏ့် မျက်နှာကလေး တင်းသွားကာ ...

"နင် ဘာလာလုပ်တာလဲ ကံကံ၊ နင် လာရဲသေးတယ် ဟုတ်လား၊ အရှက်မရှိတဲ့ မျက်နှာနဲ့ မေမေ၊ သူ မိန်းက လေး မဟုတ်ဘူး၊ လူလိမ် လူညာ မိန်းကလေး ဟန်ဆောင် ပြီးတော့ ဉာဏ်တို့ကို လာပေါင်းခဲ့တာ၊ ဉာဏ်တို့ လုံးဝ မရိပ်မိခဲ့ဘူး၊ သွား သွား ကံကံ၊ နင့်မျက်နှာကို ငါ လုံးဝ မမြင်ချင်ဘူး"

ဉာဏ်သည် ရှက်စွံ့နာကျင်နေသော အသံကလေး ဖြင့် မျက်ရည်ရစ်ဝိုင်းကာ အသံတုန်တုန်နှင့် အော်ပစ်လေသည်။





အန်တီက မျက်လုံးအဝိုင်းသား ပါးစပ်အဟောင်းသားဖြင့် အံ့မခန်း ရှိကာ ရင်ဘတ်ကို ဖိထား၏။

"ကျွန်တော် တောင်းပန်ပါတယ် အန်တီ၊ ကျွန်တော် မိကောင်းဖခင်သား တစ်ယောက်ပါ၊ ဉာဏ်ဉာဏ့် အပေါ် ဘယ်လို ကောက်ကျစ်ယုတ်မာစိတ်မျိုးနဲ့မှ အဲ့ဒီလိုလုပ်ခဲ့ တာ မဟုတ်ပါဘူး ...

ဉာဏ်ဉာဏ့်ကို သိပ်ချစ်လွန်းလို့ ဉာဏ်ဉာဏ့်အနား မှာ ဉာဏ်ဉာဏ့်ရဲ့ အခင်မင်ဆုံး လူတစ်ယောက် ဖြစ်ခွင့် ရချင်လွန်းလို့ ကြံမိကြံရာ ကြံခဲ့တာပါ၊ ကျွန်တော့်မှာ မကောင်းတဲ့ အကြံအစည်၊ စိတ်ကူးစိတ်သန်းမျိုး လုံးဝ မရှိခဲ့ပါဘူး အန်တီ၊ ကျွန်တော် သစ္စာဆိုရဲပါတယ်"

"ဟယ် ... ဘယ့်နှယ်ဟာတွေတုန်း၊ မင်းတို့ခေတ်က အတတ်ဆန်းထွင်လှချည်လား၊ အန်တီတို့လည်း မရိပ်မိခဲ့ ပေါင်ဟယ်၊ တကယ့် မိန်းကလေးအစစ်ပဲ ထင်ခဲ့တာ၊ သမီးလေးတစ်ယောက်လို ချစ်လို့၊ မင်းဟာက၊ မင်းဟာက



www.burmeseclassic.com

www.burmeseclassic.com



ကျူးကျော်လုချည်လားကွယ်၊ ဉာဏ်ဉာဏ့် အိပ်ခန်းထဲအထိ ရောက်နေခဲ့တာပါလား"

အန်တီက ရင်ဘတ်ကလေး တထုထုဖြင့် မခံချိ မခံသာ မချင့်မရဲဖြင့် အော်လေသည်။

"ဒါပေမဲ့ ကျွန်တော် ဉာဏ်ဉာဏ့်ကို မပြစ်မှားခဲ့ပါဘူး ခင်ဗျာ၊ စိတ် ... စိတ်ကလေးနဲ့တော့"

"တော် ... တော် ... တိတ်လိုက်၊ တိတ်လိုက်၊ မင်းတို့ လူငယ်တွေ အတတ်ဆန်းထွင်တာ လွန်လွန်းတယ်ကွယ်၊ လူငယ်ချင်း ချစ်လို့ ပိုးတာ၊ ပန်းတာ၊ လိုက်တာ ရိုးရိုး သားသားလိုက်ပေါ့၊ ခုတော့ မိန်းကလေးဟန် ဆောင်ရတယ် လို့ပဲ၊ ဒါမျိုးတွေ ရုပ်ရှင်တွေထဲမှာပဲ ကြည့်ဖူးခဲ့တာပါအေ၊ ဖြစ်မှဖြစ်ရလေ ငါ့သမီးလေး မှည့်တစ်ပေါက် မစွန်းသေးလို့"

"ကျွန်တော် အဲ့ဒီလောက်ကြီးတော့ မယုတ်မာ မရိုင်းစိုင်း ပါဘူး အန်တီ၊ အကြံပက်စက်စွာနဲ့ ကျွန်တော် ဟန်ဆောင် ဝင်လာခဲ့တာ မဟုတ်ပါဘူး"





"ဒါပေမဲ့ မင်း မလုပ်သင့်တာကို လုပ်ခဲ့တာပဲ ကံကံ"

"ကျွန်တော် တောင်းပန်ပါတယ် အန်တီ၊ ရှိခိုးပြီးတော့ တောင်းပန်ပါတယ်"

သူ တကယ်ပင် အန်တီ့ကို ထိုင်ပြီးတော့ ရှိခိုးကန်တော့လိုက်၏။ ဉာဏ်ဉာဏ်ကတော့ နံရံကလေးမှာ လက်ကလေး ပိုက်၍ မှီရပ်နေကာ နှုတ်ခမ်းကလေးကို ခပ်တင်းတင်း ကိုက်ထားရင်း ကံကံ့ဆီ စူးရှတောက်ပသော မျက်ဝန်းတွေဖြင့် လှမ်းကြည့်နေလေသည်။

ဒီအခြေအနေကြီးကြောင့် သူ့ ရင်မောသွားပါသည်။

"ကဲ ကဲ ... သွားတော့ ကံကံ၊ ဉာဏ့် ဖေဖေ သိရင် မင်း မလွယ်ဘူး၊ တကယ်တော့ ဒါ ဇော်ကားတာပဲကွယ့်၊ လိမ် လည်မှုမြောက်တယ်၊ သွား သွား"

သူ ဉာဏ့်ဆီသို့ လှမ်းကြည့်လိုက်ချိန်မှာ ဉာဏ်က ချာခနဲ လှည့်ဝင်သွားကာ အခန်းတံခါးကို ဆောင့်၍ပိတ်သွားလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲတွင် ဗလာကျင်းကာ မှောင်အတိ ကျသွားတော့သည်။ သူ ပြန်ထွက်လာချိန်တွင် မင်းခက် ရှိမနေတော့။ သူ စိန်ခေါ်တာကို အသိအမှတ် မပြုတဲ့သဘောနဲ့ ပြန်သွားတာလည်း ဖြစ်နိုင်သည်။ သို့သော် ခုအချိန်မှာ သူ့အတွက် မင်းခက်က အရေးမကြီးပါ။ သူ့အတွက် အရေးကြီးသည်က ဉာဏ့်ရဲ့ ခွင့်လွှတ်ကြည်ဖြူမှု ဖြစ်လေသည်။

○✦○





## အခန်း(၁၀)

သူ့ရင်ထဲတွင် အချစ်ကပေးသော သတ္တိတွေ အလိုလိုဝင်ရောက်လာခဲ့ချိန်မှာ ဟိုးအရင်အချိန်ကလို ဉာဏ့်အပေါ် ကြောက်ရွံ့စိုးထိတ်နေခြင်း မရှိတော့ချေ။ သူသည် ဉာဏ့်ကို ရင်းနှီးနေသည်။ ဉာဏ်နှင့်သူ ခင်မင်စွာ အတူတကွ နေထိုင်ခဲ့ဖူးကြသည်ကပင် သူ့အတွက် အင်အားတစ်ခု ဖြစ်လာခဲ့ပြီ။

အဲ့ဒီတော့ သူ ဉာဏ်သွားရာနောက်သို့ တကောက်ကောက်လိုက်သည်။ ဉာဏ်က ...

"နင် ငါ့နောက်ကို လျှောက်လိုက်မနေနဲ့နော်၊ နင့် မျက်နှာကို ငါ မကြည့်ချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလျှင် ဉာဏ် သူ့မျက်နှာကို မမြင်ရလေအောင် မျက်နှာမှာ မျက်နှာဖုံးတပ်သည့် အခါတပ်၊ ဂျာနယ်ကွယ်သည့် အခါကွယ်လုပ်ကာ ဉာဏ့်နောက်သို့ လိုက်လေသည်။

"နင် ဘယ်လိုဖြစ်နေသလဲ၊ နင့်ကို ငါ ခွင့်မလွှတ်ဘူးလို့ ဆိုနေ"

ဉာဏ်က သူ့ကိုမြင်တာနဲ့ အော်သည်။ သူငယ်ချင်းတွေကတော့ သူ့ကို ရန်လိုခြင်းလည်း မရှိသလို၊ ဖိတ်ခေါ်ခြင်းလည်း မရှိလျက် မသိချင်ဟန် ဆောင်နေကြလေသည်။ ဉာဏ်ကသာ သူ့ကို ဘာကြောင့် မကြိုက်နိုင်မှန်း မသိချေ။ ပြီးတော့ ဘာကြောင့် ခွင့်မလွှတ်နိုင်ပါသနည်း။

ပိုဆိုးတာက မင်းခက်ကလည်း ဉာဏ့်ကို ရအောင် ပြန်လိုက်နေလေသည်။ ဉာဏ်က မင်းခက်ကို အရေးမလုပ်တော့။ အဲ့ဒီတော့ မင်းခက်က ပို၍အခံရခက်ဟန် ရှိသည်။

ကိုကြီးသောင်း ကတော့ သူ့ကို အားပေးပါသည်၊





"ကံကံ ... ခုအချိန်မှာ မင်း ဖွဲ့မလျှော့လိုက်နဲ့၊ မင်း လက်လျှော့လိုက်တာနဲ့ ဉာဏ်ဉာဏ့်ကို မင်း ဘယ်တော့မှ ရတော့မှာ မဟုတ်ဘူး၊ ခုအချိန်မှာ မင်းအတွက် မျှော်လင့်ချက်လည်း ရှိတယ်၊ မျှော်လင့်ချက် မရှိတော့ဘူးလို့ ထင်ရပေမဲ့ မင်းဘက်က technique (နည်းနာနိဿယ)တွေ တရကြမ်း သုံးမယ်ဆိုရင် မင်း ဉာဏ့်အချစ်ကို ရနိုင်မယ်"

ထို့ကြောင့် သူ ဖွဲ့မလျှော့ပါ။ ဉာဏ်နှင့် ပတ်သက်လျှင် သူ နည်းနည်းတော့ ရူးချင်ရူးလိမ့်မည်။ သူ ဘာလုပ်သလဲဆိုတော့ ဉာဏ့်အဖေတ်ပုံကလေးတွေကူ စတစ်ကာဒီဇိုင်းဖော်ခိုင်းကာ တီရှပ်အင်္ကျီတွေမှာ စတစ်ကာဒီဇိုင်းတွေ ရိုက်နှိပ်ပြီး သူကိုယ်တိုင်လည်း ဝတ်သလို ဉာဏ်တက်သမျှ သင်တန်းတွေမှ ကျောင်းသားတွေကို ဝေငှသည်။ ကျောင်းသားတွေက သူ့ရဲ့အချစ်ကြောင့်ရူးသော လုပ်ရပ်ကို အားကျဂုဏ်ယူစွာ အကူအညီပေးတဲ့အနေနဲ့ ဉာဏ်ဉာဏ့်ပုံစတေကာပါသော တီရှပ်အဖြူတွေကို ဆင်ဘူဝတ်ပေးကြသည်။ ကံကံက ဉာဏ့်ကို ချစ်နိုင်ပုံကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့အံ့သြကြ၏။ ပထမတုန်းက သူ့ မိန်းကလေးတစ်ယောက် ပုံစံနှင့် ဉာဏ်တို့အုပ်စုထဲမှာ ရှိနေခဲ့တာကိုလည်း သူတို့ သိကြလေသည်။

"မင်းလောက် မိန်းမတစ်ယောက်ကို ချစ်တတ်တဲ့ကောင်မျိုး မတွေ့ဖူးသေးဘူး"

ဟုလည်း ဆိုကြသည်။

ဉာဏ်သည် သူငယ်ချင်းတွေနှင့် သင်တန်းပေါ်သို့ တက်လာချိန်တွင် ကောင်လေးတွေရဲ့ ကျောပြင်တွေမှာ၊ ရင်ဘတ်တွေမှာ ဉာဏ့်မျက်နှာကြီးကို ပြုံးပြုံးကြီး တွေ့ရသောအခါ အံ့သြမဆုံးနိုင်ဖြစ်လျက်ရှိ၏။ ကောင်လေးတွေရဲ့ မျက်နှာကိုယ်စီကလည်း ပြုံးစိစိ။

"ကြည့်စမ်း၊ ငါ့ပုံတွေကို တီရှပ်တွေမှာ ရိုက်ထားတာ၊ ကံကို လက်ချက်ပဲဖြစ်မယ်၊ သူ အဲ့ဒီလောက် ပေါကြောင်ကြောင် နိုင်ရသလားဟင်၊ ရှက်ဖို့ကောင်းလိုက်တာ"

"အွန်စောနဲ့ တူတယ်ဟဲ့"





ကေကေတို့က သဘောတွေ ကျနေသည်။

"ဟဲ့ ... အောက်မှာစာတန်းပါသေးတယ်ဟဲ့၊ I Love Nyan တဲ့၊ ကံကံ တကယ်ရူးတယ်"

ဉာဏ်သည် ထိုတီရှပ်တွေနှင့် လူတွေကို မြင်ရတိုင်း ရှက်ကိုးရှက်ကန်းကြီး ဖြစ်ဖြစ်သွားသည်။ ဘယ်သူကို မဲရမှန်းမသိသဖြင့် ကောင်လေးတစ်ယောက်ကို ရန်လုပ်မိသည်။

"ဟဲ့ ... နင် အဲ့ဒီတီရှပ်ကို အခုချွတ်စမ်း"

"ဟ ... ဘာလို့ ချွတ်ရမှာလဲ၊ အလကားရလို့ ဝတ်ထားတာ၊ နင် မကျေနပ်ရင် ရွှေဘုန်းကံကို သွားပြောပေါ့၊ ဒီကောင် ဝတ်ခိုင်းတာ"

ဟု ပြန်ပြောခံရလေသည်။ ဉာဏ်သည် ကံကံ့ကို လိုက်ရှာ၏။ ကံကံက သင်တန်းမတက်တော့ပါ။ သို့သော် သင်တန်းအောက်ရှိ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်တွေမှာတော့ ထိုင်လေ့ရှိတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သည် အဖော်တွေနှင့် သင်တန်းအောက်ရှိ လက်ဖက်ရည်ဆိုင်ဆီသို့ ဆင်းလာခဲ့သည်။ ကြည့်စမ်း၊ လက်ဖက်ရည်ဆိုင်ရှိ ကောင်လေးတွေရဲ့ ကိုယ်ပေါ်မှာလည်း ဉာဏ့်ပုံနှင့် တီရှပ်တွေ ဝတ်ထားလျက်သား။ ဉာဏ့်ကိုမြင်တော့ ပြုံးစိစိမျက်နှာပေးကလေးတွေနှင့် ကြည့်ကြကာ သူတို့တီရှပ်ရင်ဘတ်ပေါ်မှ ဉာဏ့်ပုံကိုကြည့်လိုက် ဉာဏ့်ကို ကြည့်လိုက်နှင့်လုပ်ကြသည်။

ကံကံက ခုံတစ်ခုံတွင်ထိုင်လျက် ဉာဏ့်ကို လှမ်းကြည့်နေသည်။

"ကံကံ ... နင် သိပ်တရားလွန်နေပြီနော်၊ နင် မရှက်ပေမဲ့ ငါ ရှက်တယ်ဟဲ့၊ သိလား၊ ငါ့ရဲ့ခွင့်ပြုချက်မရဘဲ ငါ့ပုံတွေကို တီရှပ်တွေမှာရိုက်ပြီး ဖြန့်ဝေတာ နင့်ကို ငါ တရားစွဲလို့ရတယ်"

"သိပ်ချစ်လို့ပါ ဉာဏ်ရယ်"

သူ အဲ့ဒီစကားလေးကို ပြုံးပြုံးကလေးပြောကာ ဉာဏ့်ကို ငေးကြည့်နေသောအခါ ဉာဏ် ဘာဆက်ပြောရမှန်းမသိ။





"မလိုဘူး၊ မလိုဘူး၊ အဲ့ဒီ တီရှပ်တွေ ပြန်သိမ်းပေး၊ ငါ့ပုံကြီးတွေနဲ့ ငါ ရှက်တယ်"

"ငါ ဉာဏ့်မျက်နှာကလေးကို နေရာအနှံ့မှာ မြင်ချင်လို့ပါကွာ၊ ဒါပေမဲ့ ဉာဏ်မကြိုက်ဘူးဆိုရင် ပြန်သိမ်းပေးပါ့မယ်"

သူက အေးအေးသက်သာကလေး ပြောသည်။ ဉာဏ်သည် ကံ့မျက်နှာကို မြင်ဖို့တိုင်း မိန်းကလေးတစ်ယောက်လို အတူနေခဲ့ချိန်တွေကို ပြန်သတိရသွားတတ်သည်။ ကံသည် ဉာဏ် ဘာကိုကြိုက်သလဲ၊ ဘယ်အချိန် ဉာဏ် ဘာဖြစ်တတ်သလဲ၊ ဘာလိုအပ်သလဲ ဆိုတာ သိနေလေ့ရှိသည်။

ဘယ်ရက်မှာ ဉာဏ် နေမကောင်းဖြစ်လေ့ ရှိသည်ဆိုတာကို သိနေတတ်သော ကံသည် အဲ့ဒီရက်နားတစ်ဝိုက်ရောက်လျှင် EPO ဆေးပုလင်းကလေး လာပေးတတ်မြဲပင်။

"ဒုက္ခပါပဲ၊ ငါ့ အတွင်းရေးတွေကို သူ အကုန်သိနေပြီ"

ဉာဏ်သည် ရှက်ကိုးရှက်ကန်း ဖြစ်သွားရတတ်၏။ ကံ့ကို တစ်ခါတစ်ခါ မိန်းကလေးတစ်ယောက်လို မြင်နေလိုက်၏၊



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားလေးတစ်ယောက်လို မြင်နေလိုက်နှင့် အူကြောင်ကြောင်ကြီးလည်း ဖြစ်နေတတ်သည်။ တစ်ခါတစ်ခါ သိပ်ရင်းနှီးနေသလို ခံစားရလိုက်၊ တစ်ခါတစ်ခါ သိပ်စိမ်းနေလိုက်နှင့် ဘယ်လိုကြီးမှန်းမသိ။

"နင် ကံကံ့ကို တကယ်ခွင့်မလွှတ်နိုင်ဘူးလား ဉာဏ်"

ဟု သူငယ်ချင်းတွေက မေးကြလျှင် ဉာဏ် တော်တော်နှင့် မဖြေနိုင်။

"ငါ မသိဘူးဟယ်၊ သူ လုပ်မှတာကြီးကို ငါ ခွင့်လည်း မလွှတ်ချင်ဘူး၊ ဒါပေမဲ့ ခွင့်မလွှတ်နိုင်လောက်အောင် အပြစ်ကြီးက ကြီးသလားဆိုတော့လည်း မကြီးပါဘူး။ ခွင့်လွှတ်လိုက်ရင် ဘာတွေဖြစ်မလဲ"

"နင် ... ကံကံ့ကို ချစ်နေသလား"

"အဲဒါကို ငါ မတွေးနိုင်တာပေါ့၊ ငါ သူ့ကို မိန်းကလေးတစ်ယောက်လို ဘဝတုန်းက အရမ်းချစ်ခဲ့တယ်၊ အရမ်းလိုအပ်ခဲ့တယ်၊ သူက အစစအရာရာ အကုန်လုပ်ပေးနေကျကို၊ အဲဒီတော့ တစ်ခုခု လိုအပ်ရင် သူ့ကို အရမ်းသတိရတယ် ...

ဒါပေမဲ့ ခုအချိန်မှာ သူက ကောင်လေးတစ်ယောက်ပါလား ဆိုတဲ့ အသိကြီး ဝင်နေတဲ့အခါကျတော့ သူ့ကို ငါ ချစ်သလား မချစ်ဘူးလား ဆိုတာ တွေးလို့မရပြန်ဘူး၊ စိတ်ဆိုးနေတဲ့ အရှိန်ကလည်း ရှိနေတယ်လေ"

"ငါ့အထင် ပြောရရင် အခုအချိန်မှာ ကံကံက နင့်ကို အရမ်းလိုက်တောင်းပန်နေလို့ နင့်ဘက်က တင်းခံပြီး ခွင့်မလွှတ်နိုင် ဖြစ်နေတာလည်း ဖြစ်နိုင်တယ် ဉာဏ်၊ ကံကံ နင့်ကို မတောင်းပန်တော့ဘူး ဆိုတဲ့အချိန်မှာ နင် ဘယ်လို ခံစားရမလဲ၊ အခု ကံကံက နင့်နောက်မှာ အရိပ်တစ်ခုလို တကောက်ကောက် လိုက်နေတယ်၊ အကယ်၍ ကံကံ့ကို နင် မမြင်မတွေ့ရတော့ဘူးဆိုတဲ့ အချိန်ကျရင် နင် သူ့ကို ချစ်နေသလား၊ မချစ်ဘူးလားဆိုတာ အဖြေပေါ်လာလိမ့်မယ်"




www.burmeseclassic.com

www.burmeseclassic.com

ကေကေက အဲ့ဒီလို ပြောခဲ့ပါသည်။ အရေးထဲ မင်းခက်က တမှောင့်ဖြစ်သည်။ သူနှင့် ရည်းစားဖြစ်ခဲ့ဖူးတာနှင့်ပင် ရာသက်ပန် ရည်းစားဖြစ်ရတော့မလိုပင်။ ဉာဏ်က သူ့ကို ဖြတ်ခဲ့တာကို လုံးဝအသိအမှတ်မပြုဘဲ၊ ဖွတ်တရွတ်ပင် ရည်းစားတစ်ယောက်အတိုင်း ပိုင်စိုးပိုင်နင်း ဆက်ဆံနေမြဲ။ သူ နည်းနည်းကလေးမှ အရှက်မရှိ။ ကံကံ ရှိနေသဖြင့် ပြိုင်ဘက်ရှိနေတာမို့ ဉာဏ့်ကို လွယ်လွယ်နှင့် လွှတ်ကြောက်ခွင့် မပေးချင်တာလည်း ဖြစ်နိုင်ပါသည်။ ပြီးတော့ မင်းခက်ရဲ့ စိတ်ထဲမှာ ဉာဏ့်အပေါ် မစားရတဲ့အမဲ သဲနဲ့ပက်ချင်သော စေတနာမျိုးလည်း ရှိနေပုံရသည်။ ဉာဏ့်အပြင် နောက်ထပ်မိန်းကလေးတွေ သူ့မှာ ရှိနေပါလျက်နှင့် ဉာဏ့်ကိုလည်း မပြတ်စဲချေ။ သူ့ပုံစံက ကံကံ့ကို အနိုင်ယူလိုဟန်လည်း ရှိ၏။

ကံကံကတော့ မင်းခက်ကို ဂရုမစိုက်။ ဉာဏ့်နောက်မှာ အရိပ်ပမာ တကောက်ကောက် လိုက်နေမြဲ။





ဉာဏ်သည် အချစ်ဆိုသောအရာကို ဘာပါလိမ့်ဟု နားလည်စ ပြုလာခဲ့ပြီ။ အရင်က မင်းခက်ကို အရူးအမူး မက်မောစွဲလမ်းကာ ချစ်နေတယ်ဟု ထင်ခဲ့မိသည်။ ခုအချိန်မှာ မင်းခက် အပေါ် အထင်သေး စက်ဆုပ်သွားခဲ့ခြင်းနှင့်အတူ အချစ်ဆိုသော အရာလည်း တစ်ပါတည်း ပျောက်ကွယ်သွားခဲ့လေပြီ။ မင်းခက်ကို အထင်ကြီးလို့ပင် မရတော့။ အထင်မကြီးတော့သော အခါ ချစ်လို့လည်း မရတော့။ မျက်နှာကိုပင် မကြည့်ချင်တော့ချေ။ သူ ဘယ်လောက်ပဲ ချောမောသားနားနေစေဦးတော့ အဲ့ဒီ ရုပ်ချောတာကိုလည်း ခံစားလို့ မရတော့ပါ။

မင်းခက်ကတော့ ဉာဏ့်ကို အပြစ်ဆိုသည်။

"နေစမ်းပါဦး ဉာဏ်ရယ်၊ ကိုယ့်မှာ ဘာအပြစ်ရှိသလဲ၊ ပထမ ဉာဏ် ကိုယ့်ကို ဖြတ်တယ်ဆိုတာက ကံကံနဲ့ ငြိနေလို့ဆိုပြီး အပြစ်ရှာတယ်၊ ထားလိုက်တော့၊ အခု ကံကံက ယောကျ်ားတစ်ယောက် ဖြစ်နေတာကို သိပြီပဲ၊ ဘာဖြစ်လို့ ကိုယ့်ကို ပြန်လက်မခံချင်ရတာလဲ၊ အဲ့ဒါကို ကိုယ်မခံချင်တာ၊ ကိုယ့်မာနကို တော်တော်ထိခိုက်တယ် ဉာဏ်...


www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရာဇဝင်မှာ မိန်းကလေးတွေကို ကိုယ်ကပဲ ငြီးငွေ့သွားရင် စ,ဖြတ်ခဲ့တာချည်းပဲ၊ ကိုယ် ထားခဲ့လို့ ကျန်ရစ်ခဲ့ရတဲ့ မိန်းမတွေပဲရှိတယ်၊ ဘယ်မိန်းမကမှ ကိုယ့်ကို ထားခဲ့တာမျိုး မရှိဘူးကွ"

မင်းခက်က မာနနှင့် မခံချင်စိတ် ရောစွက်နေသော အသံဖြင့် ပြောလေသည်။ ညဏ်ကလည်း ခံစားလို့မရတော့ဘူး ဆိုလျှင် မုန်းအောင်ပြောပစ်ဖို့လည်း ဝန်မလေးတတ်။

"အေး ... ငါကတော့ နင့်ရာဇဝင်မှာ နင့်ကို ထားပစ်ခဲ့နိုင်တဲ့ မိန်းမလို့ပဲ မှတ်လိုက်ပေါ့ မင်းခက်ရယ်၊ နင့်လို စည်းမစောင့်တဲ့ ယောကျ်ားမျိုးကို ငါ လုံးဝ ဖီးလ်မလာတော့ဘူး၊ အဲဒီတော့ ငါ့ဘက်ကတော့ ပြတ်တယ်"

"ကိုယ့်ဘက်ကတော့ မပြတ်ဘူး ညဏ်၊ ကိုယ်တို့ ပြန်ပြီး လက်တွဲကြမယ်"

"No way"





ညဏ်သည် ခပ်ရင့်ရင့် ခပ်မာမာပဲ ပြောလိုက်သည်။ မင်းခက်သည် ညဏ့်ရင်ထဲမှာ အမှန်တကယ် မရှိတော့ခြင်းဖြစ်သည်။ ထို့ကြောင့် ပြတ်ပြတ်သားသားပင် ပြောနိုင်၏။

"ဘာဖြစ်လို့လဲ ညဏ်၊ ညဏ် အစက အဲဒီလောက် မမာပါဘူး၊ ရွှေဘုန်းကံကြောင့်များလား"

ဟု မင်းခက်က မေးလျှင် ညဏ်သည် ဆတ်ခနဲ တုန်သွား၏။ ကံကဲ့ကြောင့်လား ဆိုသော အတွေးကို ညဏ် တွေးမိသေးပါ။ သို့သော် ကံကံသည် ညဏ့်နောက်သို့ အရိပ်မှာ တကောက်ကောက် လိုက်နေတာကိုတော့ ခါးခါးသီးသီး ငြင်းဆိုမဆိုနိုင်တော့တာကို ဝန်ခံချင်ပါရဲ့။ တစ်ခါတစ်ရံ ပျော်သလိုလို ဘာလေးတောင် ခံစားမိသလိုရှိသည်။

ဥပမာ ဟိုတစ်နေ့က ဆို ကံသည် ညဏ့် နောက်က လိုက်ရင်း အားခနဲ အော်သံကြားလိုက်သဖြင့် သူ့ ဘာများဖြစ်ပြီလဲဟု ညဏ်က အထိတ်တလန့် လှည့်ကြည့်လိုက်မိ၏။ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ကဲ့ကို မတွေ့ရ။ ဘယ်ရောက်သွားပါလိမ့်ဟု ဟိုဟိုဒီဒီ ရှာသော်လည်း မတွေ့ချေ။ ခဏနေမှ မြေအောက်မြောင်းထဲမှ ပေပေရေရေ တက်လာ၏။ မြောင်းထဲသို့ သူ ပြုတ်ကျသွားခြင်းဖြစ်သည်။ သူ့ပုံစံကိုကြည့်ပြီး ဉာဏ်တို့ မရယ်ဘဲ မနေနိုင်။ ကဲ လိုက်နေခြင်းသည် အနှောင့်အယှက် ပေးနေတာနဲ့မတူ။

မင်းခက်ကတော့ တမင်သက်သက်ကို အနှောင့်အယှက် လိုက်ပေးနေခြင်းဖြစ်သည်။

"တွေ့လား၊ ကဲကဲ့ နာမည် ကြားတာနဲ့ မင်းရဲ့မျက်လုံးတွေ လက်သွားတယ်၊ မင်းရဲ့နှုတ်ခမ်းတွေ ပြုံးသွားတယ်။ အဲ့ဒါကို ကိုယ် မခံနိုင်တာပဲ ဉာဏ်၊ ကိုယ်နဲ့ယှဉ်ပြီး ဘာမှ မဟုတ်တဲ့ကောင် တစ်ကောင်ကြောင့် ကိုယ့်ကိုထားခဲ့တာ ကိုယ် မခံချင်ဘူး ..."

ဒီကောင်က ဘာများ အထင်ကြီးစရာ ကောင်းလို့လဲ၊ မိန်းမတစ်ယောက်ရဲ့ အချစ်ကိုရဖို့ ပြောင်မလိုက်ဘဲ



မိန်းမဟန်ဆောင်ပြီး ဉာဏ့်ကို အသားတွေ ယူခဲ့တာ၊ ဉာဏ့်ကို လိမ်ညာလှည့်စားခဲ့တာ၊ ခုလောက်ဆို ကွယ်ရာမှာ သူ ဘယ်လောက် လှောင်ကြွားနေမလဲ၊ ဉာဏ်ဉာဏ်နဲ့ သူ ခုတင်တစ်ခုတည်းမှာ အတူတူ အိပ်ဖူးတယ် ဆိုတာမျိုးတောင် သူ ပြောချင်ပြောနိုင်တယ်"

မင်းခက်၏ ရင့်သီးလှသော စကားကြောင့် ဉာဏ့်တစ်ကိုယ်လုံး ထူပူယောင်အမ်းသွားသလို ခံစားလိုက်ရသည်။

"တော်တော့ မင်းခက်၊ နင် ကိုယ့်စိတ်နဲ့နှိုင်းပြီး လှောက်ရိုင်းမနေနဲ့၊ သူ အဲ့ဒီလောက် အကျင့်ယုတ်တဲ့ လူစားမျိုး မဟုတ်ဘူး၊ သူ မရိုင်းဘူး"

"ယောကျ်ားတစ်ယောက်ရဲ့စိတ်ကို ဉာဏ် ဘယ်လောက် သိနိုင်မှာလဲကွာ၊ သူ အသားယူပြီး ပြောချင်ပြောမှာပေါ့၊ သူ ဒီလောက် ဉာဏ့်အပေါ် လှည့်စားပြီး အသားယူခဲ့တာကိုကျတော့ ဉာဏ်က ခွင့်လွှတ်ချင်နေတယ် ...

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုကျတော့ ဘာအပြစ်မှ မရှိဘဲ အသားလွတ်ကြီး ဖြတ်တယ်၊ မရဘူး ညက်၊ မင်းဟာ ကိုယ့်ချစ်သူပဲ"

"သေလိုက်ဟော့၊ သေလိုက်၊ သေလိုက်"

ညက် ဒေါသတကြီး အော်ပစ်လိုက်သည်။ မင်းခက်တွင် ဤမျှ ကောက်ကျစ်ချင်သော ဗီဇဆိုးကလေးရှိကြောင်း အခုမှပင် သိခွင့်ရလာခဲ့သည်။

"မင်း ကံ့ကို မချစ်ရဘူး ညက်၊ ကိုယ့်ကိုပစ်ပြီး သူ့လိုကောင် အခြောက်လို၊ ဂန်ဒူးလိုလို ပျော့ခွဲ့ခွဲ့ကောင်ကို ရွေးလိုက်တယ်ဆိုရင် ကိုယ် တော်တော်နာတယ် ...

ဒီတစ်ခါ ကိုယ့်အလှည့်ပေါ့၊ ကိုယ်ကတော့ နှောင့်ယှက်ရမှာပဲ"

"ကောင်းပြီလေ မင်းခက်၊ နင်က စိန်ခေါ်မှတော့ ငါလည်း တိမ်ပေါ်အထိ လိုက်ရသေးတာပေါ့၊ ကံကံ့ကို ငါ အဖြေပေးကို ပေးလိုက်ဦးမယ်၊ သူ ငါ့အပေါ် သိပ်ကောင်းခဲ့တာ ငါ မေ့ထားလို့ ဘယ်ဖြစ်မလဲ"





ညက်က စိတ်လိုက်မာန်ပါ ပြောလိုက်သည်။ မင်းခက်ကြောင့်ပင် ညက်သည် ကံကံ့ကို ခွင့်လွှတ်လိုက်ဖို့အထိ ဆုံးဖြတ်လိုက်မိခြင်း ဖြစ်သည်။

သို့သော် မင်းခက်ကြောင့်ပင် ကံကံ့မှာ အန္တရာယ်ကျရောက်နိုင်မှန်း ညက် ကြိုမတွေးခဲ့မိပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

ယိုနေ့က မနက် ခုနစ်နာရီကတည်းက ခြံထဲမှာ ဘဲလ်မြည်သံ ကြားရသည်။ ဉာဏ်သည် ဒီနေ့ တမင်မနက်စောစော နိုးနေခဲ့သည်။ ဉာဏ့် မွေးနေ့ဖြစ်သောကြောင့် သူငယ်ချင်းတွေနှင့် ဘုရားအတူတူတက်ဖို့ တစ်ဆိုင်ဆိုင်မှာ တစ်ခုခု လိုက်ကျွေးဖို့ စီစဉ်ထားသောကြောင့် ဖြစ်၏။

ခဏနေလျှင် မအေးသည် အခန်းထဲသို့ ဝင်လာကာ ...

"ဉာဏ်ရေ ခြံဝမှာ ကံကံရယ် ရောက်နေတယ်၊ ယောကျ်ား လေးလိုဝတ်လို့၊ စတစ်ကော်လာ ရှပ်အဖြူနဲ့ ချည်ပုဆိုးနဲ့ ဘာနဲ့တော့၊ ဆံပင်ကလည်း ခါတိုင်းလို စပရိန်ကောက် မဟုတ်တော့ဘူး၊ ခပ်တိုတိုကလေး ညှပ်ပစ်လိုက်ပြီ၊ ဒီလို ကျတော့လည်း ချောသား ဉာဏ်ရဲ့ ...

လက်ထဲမှာ ပန်းစည်းနှစ်စည်းနဲ့ ဖွင့်ပေးလိုက်ရမလား ဟင် ..."

"ဖေဖေနဲ့ မေမေရော မအေး"

"လမ်းလျှောက်ထွက်သွားကြတယ်၊ အပြန် ဈေးပါတစ်ခါ တည်း ဝင်ဝယ်လာကြမှာဆိုတော့ နောက်ကျလိမ့်ဦးမယ် ဉာဏ်၊ ကံကံက တွေ့ခွင့်ပေးပါတဲ့၊ သနားပါတယ်၊ မအေး ဖွင့်ပေးလိုက်ရမလား"

မအေး ကြည့်ရတာ တော်တော်ဖွင့်ချင်နေပုံ။

"ကဲပါ၊ ကဲပါ၊ ဖွင့်ပေးလိုက်ပါ"

ဉာဏ်သည် အိမ်နေရင်း ဂါဝန်ရှည်ကိုပဲ ဝတ်ရ မလား။ အင်္ကျီပဲလဲရမလား ဝေခွဲမရချေ။ ဟိုးအရင်က သူနှင့် အတူတူ နေခဲ့ချိန်တုန်းက ကြိုးတစ်ချောင်း ဂါဝန်တိုကလေးနဲ့ လည်း နေခဲ့တာပင်။ အခုမှ အင်္ကျီထလဲနေရမှာကို စိတ်ထဲက

www.burmeseclassic.com

တစ်မျိုးကြီး ခံစားရ၏။ သူက ဉာဏ့်ရဲ့အတွင်းသရုပ်တွေကို အကုန်သိမြင်ပြီးသားလေ။

မထူးပါဘူးလေဟု တွေးကာ အိမ်နေရင်း ဂါဝန် ရှည်ဖြင့်ပင် ဧည့်ခန်းသို့ ထွက်ခဲ့၏။ ဘာဖြစ်လို့ ကံကံ့ကို ကြာ ရှည်စိတ်ဆိုးလို့ မရတာပါလိမ့်။

ဧည့်ခန်းအဝမှာ သူ ရပ်နေသည်။ ယောကျ်ားလေး တစ်ယောက်လို ဆံပင်တိုတို ရုပ်အကျီအဖြူ ပုဆိုးနီညိုရင့်ရင့်နှင့် ကံကံ။ သူက ဉာဏ့်ကို အလွန်တရာ နူးညံ့ညင်သာသောမျက်လုံး တွေဖြင့် ငေးစိုက်ကြည့်နေ၏။ သူ့လက်ထဲမှာ ပန်းစည်းနှစ်စည်းနှင့်။

"ဘာတုံး၊ ဘာလာလုပ်တာတုံး"

ဉာဏ်က စိတ်ဆိုးမပြေသေးဟန်၊ လေသံခပ်ဆတ် ဆတ်ကလေးဖြင့် မေးလိုက်သည်။

"ဉာဏ့် မွေးနေ့လေ birthday wish လာလုပ်ရင်း လက် ဆောင်ကလေး လာပေးတာပါ ဉာဏ်၊ ဒီနေ့ ကံ့ကို အချိန် နည်းနည်းပေးပါ"





ပန်းစည်းနှစ်စည်းလုံးက နှင်းဆီတွေချည်း။

"ဒီပန်းတွေကို တစ်ညလုံး ငါ ကိုယ်တိုင်ဆွးတွေနွှင်ခဲ့ပြီး သားပါ ဉာဏ်၊ ပြီးမှ ပါကင်ကို သေချာစည်းတာ၊ တစ် စည်းက ဘုရားတင်ဖို့ပါ ...

နောက်တစ်စည်းက ဉာဏ်နဲ့ငါ ရွှေတိဂုံဘုရားမှာ အတူတူသွားပြီး သစ္စာဆိုမလို့ပါ၊ ဒါလေးက ဉာဏ့်အတွက် မွေးနေ့လက်ဆောင်"

ကံက ဘူးကလေးတစ်ဘူး လှမ်းပေးသဖြင့် ဉာဏ် ယူလိုက်သည်။

"ဘာကို သစ္စာဆိုမှာလဲ ကံကံ၊ နင့်ကို ငါ ခွင့်မှမလွှတ် သေးတာ၊ နင်နဲ့ငါ ဘာမှ,မှ မဟုတ်ဘဲ၊ နင်က ဘာကို သစ္စာဆိုဦးမှာလဲ"

"အဲ့ဒီသစ္စာဟာ နင့် မွေးနေ့အတွက် ငါ ပေးတဲ့ မမြင်ရတဲ့ လက်ဆောင်တစ်ခုပါ ဉာဏ်ရယ်၊ သိချင်ရင် ခဏလေး လိုက်ခဲ့ပါ၊ နင့်ကို ငါ လက်ဖျားကလေးနဲ့တောင် မတို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငါ့ကို ယုံယုံကြည်ကြည်နဲ့ လိုက်ခဲ့ပေးပါ၊ နင် ဘာမှ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး ဉာဏ် ... နော်၊ ဒီနေ့ကလေး တစ်နေ့ပဲ ငါ့ကို ပေးပါ ဉာဏ်၊ နင့်ဆီက ငါ ဘာမှ ထပ်မတောင်းတော့ပါဘူးနော်"

ကုံရဲ့အသံက စေယယ ညင်ညင်သာသာကလေးမို့ ဉာဏ့်စိတ်တို့ပင် အလိုလို ပျောင်းနွဲ့၍လာသည်။ ပြီးတော့ သူ ဘာကို သစ္စာဆိုမလဲ ဆိုတာကို စိတ်ဝင်စားသလိုလိုရှိ၏။

"ပြီးရော ကုံကုံ၊ အေး ... နင် တစ်ခုခု ကြံစည်ရင်တော့ တစ်သက်လုံး ခွင့်မလွှတ်တော့ဘူးနော်"

"အေးပါကွာ၊ အေးပါ၊ ဘူးကလေးကို ဖွင့်ကြည့်လိုက်ဦး ဉာဏ်၊ ငါက ငါ့ရဲ့လက်ဆောင်ကလေးကို နင့်ပါးပြင်လေးနဲ့ အနီးကပ်ဆုံး နေရာကလေးမှာ အမြဲရှိနေစေချင်လို့"

ဉာဏ်သည် ဘူးကလေးကို ဖွင့်လိုက်၏။ ဖြူဖွေးဝင်းအိနေသော ပုလဲလုံးကလေးနှစ်လုံး။ ပုလဲနားကပ်ကလေး တစ်ရံ ဖြစ်သည်။





"အဲ့ဒါ ပုလဲအစစ် ဉာဏ်၊ နင် အဲ့ဒါလေးဝတ်ခဲ့ပေးနော်"

"ခဏစောင့်နေ၊ ငါ အဝတ်အစား သွားလဲဦးမယ်"

ဉာဏ်သည် အခန်းထဲသို့ ချက်ချင်းပြေးဝင်လာခဲ့ကာ မှန်တင်ခုံရှေ့မှာ ဖြုန်းခနဲ ထိုင်ချလိုက်၏။ နားဆီမှ စိန်နားကပ်ကလေးကို ချက်ချင်းချွတ်လိုက်ကာ ပုလဲနားကပ်ကလေးကို ပြောင်းလဲတပ်ဆင်လိုက်မိချိန်မှာ ဉာဏ့် မျက်နှာကလေး ပြုံးနေလေသည်။ ပုလဲလုံးပြောင်ပြောင်ကလေးတွေကို ဉာဏ် အလွန်ချစ်သည်။

ပုလဲနားကပ်ကလေးနှင့် လိုက်ဖက်အောင် ဉာဏ်သည် ခရင်(မ်)အရောင် အကျီလက်ပြတ် ကော်လာထောင်ကလေးနှင့် နက်ပြာခံပေါ်မှာ ခရင်(မ်)ရောင် ပွင့်ခက်ခွေနွယ်ကလေးတွေ ပြန့်ကျဲနေသော စကတ်ရှည်ကလေးကို ဝတ်လိုက်သည်။ အို ... ငါ လုပ်နေတာ မှန်မှ မှန်ရဲ့လားမသိ။

ကြေကျေဆီ ဖုန်းခေါ်လိုက်သေး၏။

"မိကေ ... ငါ ဘုရားသွားနှင့်မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ငါတို့နဲ့ ချိန်းထားတာ ကိုးနာရီမှလေ"

"အေး ... အခု ကံကံ ရောက်နေလို့၊ သူ့ကို အချိန်နည်းနည်း ပေးပါတဲ့၊ ဘုရားမှာ သစ္စာဆိုမလို့တဲ့"

"အောင်မာ၊ နင်တို့က ဒီလိုလား၊ ဩော် ... ဩော်၊ မိန်းမ၊ မိန်းမ၊ ပြောတော့ ခွင့်မလွှတ်လို့ပဲနော်၊ ငါ သိပါတယ်၊ သဘောပေါက်ပါတယ်၊ ငါတို့ လိုက်စရာမလိုဘူးပေါ့၊ ဟုတ်လား၊ နင်ကိုက ယိုင်ချည့်ချည့်ပါ ဉာဏ်ဉာဏ်ရယ်၊ ခွင့်လွှတ်ချင်ရက်နဲ့ ခွင့်မလွှတ်နိုင်ဟန် ဆောင်နေတာ ပင်ပန်းပါတယ်၊ သူ့ကို ခွင့်လွှတ်လိုက်ပါ ...

ကဲ ... သွား ... သွား၊ နင် ပြန်လာမှပဲ ငါ့ဆီ ဖုန်းပြန်ဆက်၊ ဟိုကောင်တွေကို ငါ ပြောထားနှင့်မယ်"

ကေကေက နားလည်သဘောပေါက်စွာပင် ဖုန်းချသွားလေသည်။

○❥○





ကံကံနှင့် အတူယှဉ်တွဲပြီး ဘုရားအတူလာရတာကို ဉာဏ့်စိတ်ထဲမှာ ပျော်သလို၊ ရင်ခုန်သလို၊ ကြည်နူးသလို၊ နွေးဖိုသော ခံစားချက်တစ်မျိုးကို ခံစားနေရသည်။ ဒါဟာ သာယာမှုတစ်ခုလား။ ဉာဏ်ဟာ ကံ့ အပေါ် စိတ်ပြောင်းလဲ သာယာနေပြီလား။ အဲ့ဒါကို ဉာဏ် မသိပါ။ ခုချိန်အထိ ကံကံ့ကို မိန်းကလေးတစ်ယောက်လို မြင်လိုက်၊ ယောကျ်ားလေးတစ်ယောက်လို မြင်လိုက်နှင့် ဉာဏ့် စိတ်ထဲမှာ သံယောဇဉ်လိုလို ငြိတွယ်မှုလိုလို တစ်ခုခုတော့ ရှိပြီ။

ဗုဒ္ဓဟူးဂြိုဟ်ထောင့်မှာ ကံက ထိုင်ချလိုက်၏။

"ဉာဏ် ဘေးမှာထိုင်ပြီး သေသေချာချာ နားထောင်နော်၊ ငါ သစ္စာဆိုတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ဥဏ်သည် ကံကံ့ မျက်နှာ တစ်မျိုးထူးခြားနေသည်ကို အခုမှပင် သတိထားမိလေသည်။ သူ့မျက်နှာကလေးက ကြည်လင်ကာ လေးနက်လျက်ရှိသည်။

"အရှင်ဘုရား ... တပည့်တော်သည် ယနေ့မှစ၍ သစ္စာတစ်ခု ပြုဆိုပါမည်။ ယနေ့မှစ၍ အသက်ထက်ဆုံး ရာသက်ပန်တိုင်ထိ သတ္တဝါတို့၏ အသက်ကို ပေးလှူပါ၏။ သတ္တဝါတို့၏ အသက်ကို စားသုံးခြင်းမှ ရာသက်ပန် ရှောင်ကြဉ်ပါမည်၊ အရှင်ဘုရား၊ ဤသစ္စာကို မပျက်မယွင်းနိုင်မြဲစွာ ကျင့်ကြံပါမည်၊ ဤကုသိုလ်ကောင်းမှုကို ဘုရားတပည့်တော် ချစ်မြတ်နိုးသော ဥဏ်လင်းပွင့်အား အမျှဝေပေးပါသည်။ ကျွန်ုပ်နှင့် ထပ်တူထပ်မျှ ကုသိုလ်ရပါစေ၊ အမျှ ... အမျှ ... အမျှ"

ကံကံ ရေရွတ်တိုင်တည်နေသံကို ဥဏ်သည် မျက်လုံးအဝိုင်းသားဖြင့် တအံ့တဩ နားထောင်လျက်ရှိသည်။





"အဲဒါ ဥဏ်ကို ကံ ပေးတဲ့ မမြင်ရတဲ့ ကုသိုလ်လက်ဆောင်ပဲ ဥဏ်"

"ကံ ... နင် တကယ် ရာသက်ပန် သက်သတ်လွတ်စားတော့မယ်၊ ဟုတ်လား၊ နင့်အသက် ငယ်ငယ်ကလေးရှိသေးတယ်၊ နင် တကယ်လုပ်နိုင်ပါ့မလား ကံကံ"

"ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ ဥဏ်ရယ်၊ နင့်ကို ငါဘယ်လောက်ချစ်သလဲဆိုတာ ငါ သက်သေပြချင်တယ်၊ သစ္စာဆိုချင်တယ်၊ ငါ့ဘဝနဲ့ ရင်းရဲတယ်၊ နောက်တစ်ခုပေးစရာ ကျန်သေးတယ် ဥဏ် ...

ငါက ငါ့ချစ်တဲ့ မိန်းကလေးကို မြင်ရတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေထက်၊ မမြင်မတွေ့ရတဲ့ ထိတွေ့ကိုင်တွယ်လို့မရတဲ့ လက်ဆောင်မျိုးလည်း ပေးချင်သေးတယ်၊ နင့်ကို ငါ သိပ်ချစ်တယ် ဥဏ်"

ဥဏ့် ရင်ထဲတွင် သိမ့်ခနဲ လှိုက်ဖိုသွားကာ တွေဆွေ့ ငေးသွားပါသည်။ ဘာပြန်ပြောရမှန်း မသိအောင်ပင် ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



သွားမိခြင်းဖြစ်၏။ ကံကံရယ်ဟု နင့်သည်းတိုးတိတ်စွာ ညည်းညူလိုက်မိတော့မတတ်ပင် နှလုံးသားကို လာရိုက်ခတ်သွားခြင်းဖြစ်သည်။

"ငါ မိန်းကလေးယောင်ဆောင်ပြီး နင့်ဆီ ချဉ်းကပ်ခဲ့တာကလည်း နင့်ကို သိပ်ချစ်လို့၊ နင့်အနားမှာ နေခွင့်ရဖို့၊ နင်နဲ့ ခင်မင်ရင်းနှီးခွင့်ရဖို့၊ နင့်ကို ချစ်နေခွင့်ရဖို့ကလွဲပြီး တခြား ဘာအကြံအစည် ဘာကောက်ကျစ်မှုမှ မပါဘူးဆိုတာ ငါ သစ္စာဆိုရဲပါတယ် ဉာဏ်၊ ငါ ရိုးသားစွာမှားယွင်းခဲ့တာပါ ...

နင် အဲ့ဒါကို ခွင့်မလွှတ်နိုင်ဘူးလားဟင်"

ဉာဏ်သည် သက်ပြင်းရှည်တစ်ချက် ရှိုက်သွင်းကာ ခွင့်လွှတ်နိုင်ပါတယ်ဟယ်ဟု ပြောဖို့ကို နှုတ်ဆွံ့တွန့်ဆုတ်နေပြန်သည်။

သူ့ကို ခွင့်လွှတ်ပြီးရင် နောက်ဆက်တွဲရလဒ်ကဘာဖြစ်နိုင်မလဲ။ သူ့ကိုချစ်ဖို့ပဲ ရှိတော့သည်လေ။





"ဆောရီး၊ ဆောရီး၊ နင့်ကို ငါ စိတ်အနှောင့်အယှက်မပေးပါဘူးလို့ ကတိပေးထားတယ်လေ၊ ဘာမှ မမေးတော့ဘူးနော်၊ မဖြေပါနဲ့၊ ရတယ် ဉာဏ်၊ နင့်ရဲ့ ခွင့်လွှတ်မှုကို ငါ စိတ်ရှည်ရှည်နဲ့ စောင့်နိုင်ပါတယ်၊ ကဲ ... လာ ... နောက်တစ်နေရာကို သွားရအောင် ဉာဏ်ဉာဏ်"

○ ➧ ○



www.burmeseclassic.com

www.burmeseclassic.com

သူ ခေါ်သွားသော နောက်တစ္ဆုံနေရာက ညွှန်ကုံ၏ ပင့်သက်များကို ဆွဲယူပစ်လိုက်နိုင်တဲ့အထိ စိတ်လှုပ်ရှားဖွယ် ကောင်းလှပါသည်။ မျက်စိအထူးကုဆေးရုံကြီး၏ မျက်ကြည်လွှာ အလှူခံဌာန ဖြစ်၏။

"ကျွန်တော် မျက်ကြည်လွှာ လှူချင်လို့ပါ ခင်ဗျာ၊ လှူရတဲ့ ရည်ရွယ်ချက်က ကျွန်တော့်ချစ်သူရဲ့ မွေးနေ့အထိမ်းအမှတ် ပါ"

ကျွန်တော့်ချစ်သူ ဆိုသော စကားလုံးကို အထန မကောက်နိုင်လောက်စွာ ညာဏ် ငြိမ်သက်သွားခဲ့သည်။ ဂုဏ်ပြု မှတ်တမ်းလွှာကတ်ကလေးနှင့် မျက်ကြည်လွှာလှူထားသော လက်ခံ ဖြတ်ပိုင်းကလေးကို သူက ညာဏ် လက်ထဲသို့ လှမ်းထည့်ပေးလိုက် ရင်း ...





"ဒါလည်း ညာဏ့်ကို ကံ ပေးတဲ့ လက်ဆောင်ပါ၊ ငါ သေ သွားတဲ့အခါ ဒီဖြတ်ပိုင်းကလေးနဲ့ ငါ့ရဲ့ မျက်ကြည်လွှာကို လှူဖို့ ညာဏ်က ကူညီပေးပေါ့"

"ဒါ ဘာအဓိပ္ပာယ်လဲ ကံကံ"

ညာဏ့် အသံက တိုးတတ်တုန်ယင်နေခဲ့သည်။ ကံ ကတော့ ဘာမှ မထူးခြားသလို ခပ်အေးအေးကလေးပင်။

"ဘာအဓိပ္ပာယ်လဲ ဆိုတော့ ငါက ငါ အသက်ရှင်နေသရွေ့ ကာလပတ်လုံးမှာလည်း ငါ ချစ်တဲ့ ညာဏ့်ကို မြင်ခွင့်ရနေ ချင်တယ်ကွာ၊ ယုတ်ဆွအဆုံး ငါ သေသွားခဲ့ရင်တောင် ငါ့ရဲ့ မျက်ကြည်လွှာက တခြားတစ်ယောက်ရဲ့မျက်လုံးမှာ ဆက်ရှင်သန်ခွင့်ရပြီး၊ ညာဏ့်ကို ဆက်မြင်ခွင့် ရချင်တယ် ဆိုတဲ့ သဘောပေါ့၊ နောင်ဘဝအထိ ချစ်နေချင်တယ်တို့ ဘာတို့ အပိုတွေ ငါ မပြောပါဘူး၊ ဒီဘဝမှာပဲ ညာဏ့်ကို ငါ သေပြီးရင်တောင် ဆက်မြင်ခွင့် ရနေချင်တဲ့ အဓိပ္ပာယ် ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကံကံရယ်၊ နင် စိတ်ကူးယဉ် ဆန်လိုက်တာ၊ နင် အဲဒီလောက်တောင် စိတ်ကူးယဉ်တတ်သလားဟင်"

ကံက ဘာမှပြန်မပြောဘဲ ပြုံး၍သာ နေပါသည်။

ဉာဏ်သည် ကံ့ ရင်တွင်း မှိုးခပ်နက်နက် တစ်နေရာဆီက အချစ်ကို တနက်တရှိုင်းပင် ခံစားနေနိုင်ခဲ့သည်။

ကံဟာ ဉာဏ့်ကို သိပ်ချစ်တယ်။ အဲ့ဒါကို စုအချိန်မှာ ဉာဏ် သိပ်ယုံကြည်နေပြီ။

သို့သော် ... အဲ့ဒါကို ကံ သိအောင်တော့ ဖွင့်ဟဝန်မခံဖြစ်သေးပါ။

"ဒီနေ့ ဉာဏ့်မွေးနေ့မှာ ငါ့ကို အခုလောက် အချိန်တွေ ပေးခဲ့တဲ့အတွက် ကျေးဇူးသိပ်တင်ပါတယ် ဉာဏ်၊ နင့်ကို ငါ ပြန်ပို့ပေးပါ့မယ်"

ဉာဏ့်ဆီမှ သူ ဘာတစ်ခုမှ မတောင်းဆိုပါ။

○❥○





## အခန်း(၁၂)

"မင်း ယောကျ်ားတစ်ယောက် ဖြစ်နေပြီဆိုတော့ မင်းနဲ့ငါ ယောကျ်ားစကား ပြောကြရအောင် ကံကံ"

အဲ့ဒီနေ့က သူ ကားမယူလာခဲ့ပါ။ ကိုကြီးသောင်း ကိစ္စရှိ၍ ကားကို ကိုကြီးသောင်း ယူသွားပါသည်။ ထို့ကြောင့် သူ တက္ကစီနှင့်ပဲလာကာ ဉာဏ်တို့ သင်တန်းတက်နေစဉ် သူက လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်နေခဲ့ခြင်း ဖြစ်၏။ အဲ့ဒီအချိန်မှာ မင်းခက်က သူ့ရဲ့ Harley Davidson ဆိုင်ကယ်ကြီးဖြင့် ရောက်လာကာ သူ့ကို လှမ်းပြောလိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း စကားပြောတာ ကြည့်ပြော မင်းခက်၊ မင်းနဲ့ ငါ ကြားမှာ ဘာစကားမှ ပြောစရာမရှိဘူး"

"ရှိတယ်ကွာ၊ မင်း ညက်နားကပ်ပြီး မိန်းမညက်နဲ့ မြူဆွယ်သိမ်းသွင်းနေတာကို ရပ်တန်းက ရပ်ဖို့ကောင်းပြီ"

"မင်းနဲ့ ဘာဆိုင်လဲကွာ၊ ညက်နဲ့မင်း ပြတ်သွားပြီပဲ"

"မပြတ်ဘူးကွ၊ ငါ ဘလိုင်းကြီး ခံလိုက်ရတာကို နည်းနည်းမှ မကျေနပ်ဘူး၊ ငါက စပြီးပြတ်ချင် ပြတ်မယ်၊ ငါ့ကို စပြီးပြတ်တာကို ငါ မခံချင်ဘူး"

"မင်းကလည်း တမျှော်"

"မင်း ငါနဲ့လိုက်ခဲ့၊ မင်းနဲ့ငါ အေးအေးဆေးဆေး တစ်နေရာရာမှာ တစ်ခုခုစားရင်း စကားပြောရအောင်"

"ငါက မင်း ဆိုင်ကယ်လ်နဲ့ လိုက်ရမှာလား"

"အေး … လိုက်ခဲ့"

သူ ရှည်ရှည်ဝေးဝေး ငြင်းဆန်မနေတော့ပါ။ မင်းခက်ရဲ့ ဆိုင်ကယ်လ်နောက်မှ လိုက်ပါလာခဲ့သည်။ တကယ်တော့





ဘာပြောစရာ ရှိပါသနည်း။ ညက်ဆီက ခွင့်လွှတ်မှုကိုတောင် သူ မရသေး။ သူ ကိုယ်တိုင်တောင် ညက်ကို လိုက်နေဆဲပဲ ရှိသေးသည်။ မင်းခက်က ညက်ရဲ့အဖြတ်ကို ခံရသဖြင့် စော်ကား ခံရခြင်းဟု ဆတ်ဆတ်ခါ နာနေခြင်း ဖြစ်သည်။ ညက်က ပြန်ပြီးလက်မခံလေ မင်းခက်က ပိုခံပြင်းလေ ဖြစ်နေသည်။

"မင်းခက် ဖြည်းဖြည်းမောင်းကွာ"

မြို့လယ်ကောင် ကားတွေ ရှုပ်ထွေးနေတဲ့ကြားမှာ မင်းခက်က ဆိုင်ကယ်လ်ကို အရှိန်မလျှော့။ ဖွတ်အတင်းဝင် အတင်းဖြတ်ကျော်တက်ကာ မြွေလိမ်မြွေကောက်လို မောင်းနေသည်။

ခဏကြာလျှင် ယာဉ်ထိန်းရဲက လှမ်းတားပြီး …

"နောက်ကစီးတဲ့ ညီလေး၊ ဆိုင်ကယ်လ်စီးဦးထုပ် ဆောင်းမထားတဲ့အတွက် အစ်ကို ဒဏ်ရိုက်ရလိမ့်မယ်"

"ကျွန်တော့်မှာ ဦးထုပ်က တစ်လုံးတည်းပါတယ်ဗျာ၊ အစ်ကို ဒဏ်ရိုက်မယ်ဆိုလည်းရိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီတို့ အန္တရာယ်များလို ပြောတာပါ၊ မတော်တဆ တစ်ခုခုဖြစ်ရင် ဦးထုပ်မပါတဲ့အတွက် ဘာအကာအကွယ်မှ မရှိဘူး၊ ပလက်ဖောင်းနဲ့ နောက်စေ့ ဒါရိုက်ထိခိုက်နိုင်တယ်"

ယာဉ်ထိန်းရဲက ချလန် ဖြတ်လိုက်တာကို မင်းခက်က စိတ်ဆိုးသည်။ ထို့ကြောင့် ဆိုင်ကယ်လ်ကို ပို၍ကြမ်းရမ်းစွာ မောင်းလေသည်။

"အလကားသက်သက် ရစ်တာ"

ဟု ဆိုသေးသည်။

"မင်း ဘယ်သွားမှာလဲ မင်းခက်"

"Silom village သွားမယ်ကွာ"

"မင်းကွာ၊ စကားပြောတာပဲ၊ နီးနီးနားနားမှာ ပြောလည်း ရတာပဲကွ"

မင်းခက်က ဘာမှ ပြန်မပြောပါ။ ပြည်လမ်း တလျှောက်မှာ ကားတွေကလည်း အရှိန်ပြင်းသလို မင်းခက်ရဲ့ ဆိုင်ကယ်လ်ကလည်း အရှိန်ပြင်းလွန်းသည်။





"မင်းခက် ဖြည်းဖြည်းကွ"

"ဘာလဲ၊ မင်းက ကြောက်သလား၊ မင်း ယောက်ျားမဟုတ် ဘူးလား"

"ဟော့ကောင်၊ ကြောက်တာမဟုတ်ဘူးကွ၊ အန္တရာယ်ရှိလို့ ပြောတာ"

သို့သော် မင်းခက်က အရှိန်ကို မလျှော့ပါ။ ပိုလို့ တောင် တွန့်လိမ်ကောက်ကွေးပြီး စတန့်ထွင်မောင်းလျက်ရှိ၏။

"မင်း မှတ်မိသေးလား ကက၊ မိန်းမဟန်ဆောင်ထားတုန်း ကလည်း မင်း ငါ့ကို အမျိုးမျိုး ဒုက္ခတွေ ပေးခဲ့တာလေ၊ လူဆိုတာ အတုံ့အလှည့် ရှိတယ်ကွ၊ ခုတော့ မင်းအလှည့် ပေါ့ ...

မင်းကို သည်းထိတ်ရင်ဖိုကလေးတွေ လုပ်ပြဦးမယ်၊ ငါ ဆိုင်ကယ်လ်ကျွမ်းပါတယ်ကွ၊ ဆယ့်ခြောက်နှစ်သား ကတည်းက ဆိုင်ကယ်လ်စီးလာခဲ့တဲ့ကောင်"

"တောက် ... မင်းနဲ့ လိုက်လာမိတာ ငါ့အမှား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ တော်တော် စိတ်ပျက်ကာ စိုးရိမ်တုန်လှုပ်လျက်လည်း ရှိသည်။ မင်းခက် သူ့ကို ပညာပြနေမှန်းလည်း ရိပ်မိလာသည်။

"မင်း ဉာဏ့်အနားမှာ တောက်တဲ့ကပ်သလို တွယ်ကပ်နေတာကလည်း ငါ့အတွက် အမှားတစ်ခုပဲကွ"

○ ❥ ○





သင်တန်းဆင်းတာနှင့် ဉာဏ့် မျက်လုံးများက ကံထိုင်နေကျ လက်ဖက်ရည်ဆိုင်ကလေးဆီသို့ ဝေ့ခနဲ ရောက်ရှိသွားလေသည်။ မြင်နေကျ အရိပ်တစ်ခုကို ရုတ်တရက် မတွေ့ရသောအခါ ဉာဏ့် ရင်ထဲ လှုပ်ဟာသွား၏။

"ဟဲ့ ... ကံကံ ဒီနေ့ မလာပါလား"

ကောကောကလည်း သတိထားမိသလို ပြောလေသည်။ သူဟာ ရှိနေကျ အရာတစ်ခုအပေါ် ဘယ်တော့မှ တန်ဖိုးမထားဘဲ မရှိတဲ့အချိန်ကျမှ တန်ဖိုးကို ချက်ချင်းသိမြင်တတ်တာ သဘာဝလားမသိ။ ဉာဏ့် ရင်ထဲမှာ တစ်ခုခု လိုအပ်လာသလို ဘာလိုမှန်းမသိ မပြည့်မစုံကြီး ခံစားလာရသည်။

"သူ့ စိတ်များလျှော့သွားပြီလား မသိ"



www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်နိုင်ပါဘူး၊ ကံကံ့လောက် ဇွဲကောင်းတာ ကံကံပဲ ရှိတယ်၊ သူ ကိစ္စတစ်ခုခုရှိလို့ မအားလို့ မလာတာ ဖြစ်မှာပေါ့"

"နေ့တိုင်းမြင်နေကျ မမြင်ရတော့ တစ်မျိုးကြီးပဲ"

"ဉာဏ် ... နင် ဘယ်လိုမှ မခံစားရဘူးလား"

သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ပြောလျက်ရှိသည်။ ဉာဏ်သည် အလိုလိုနေရင်း ဒေါသတွေ ထွက်လာသည်။ ဘယ်သူ့ကို ဒေါသထွက်မှန်းလည်း မသိ။ ပြီးတော့ ဒီလိုရက်မျိုးမှာ ကံသည် ဉာဏ့်အတွက် EPO ဆေးပုလင်းကလေး မမေ့မလျော့ လာပေးရမည့်ရက် ဖြစ်သည်။ သူ ဘာကြောင့် ရောက်မလာရပါသလဲ။

"ဟော ... ဟိုမှာ လာပြီ၊ ကားအနီလေး"

ဟု ဇာဇာက လှမ်းအော်သဖြင့် ဉာဏ်သည် ရှာနေအောင်ပင် လှည့်ကြည့်လိုက်မိသည်။ ရင်ထဲလည်း ထိတ်ခနဲ ခုန်သွား၏။ HONDA ကားအနီကလေးက ဉာဏ်တို့ဘေးမှာ ထိုး





ရပ်သည်။ သို့သော် ကားပေါ်မှ ဆင်းလာသူသည် ကံ မဟုတ်။ ကံ့အစ်ကို ဖြစ်နေသည်။ မျက်နှာကလည်း အေးအေးဆေးဆေး မဟုတ်။ ထိတ်ပျာစိုးရိမ်နေသော မျက်နှာ။ မျက်နှာတအားပျက်နေခြင်း ဖြစ်သည်။

"ဟဲ့ ... ကံကံ ဘာဖြစ်လို့လဲ မသိဘူး"

ဉာဏ်သည် ကားနားဆီသို့ ဝုန်းခနဲ ပြေးကပ်သွားမိလိုက်သည်။ ဘာကိုမှ မမြင်နိုင်တော့။ ကံကံ တစ်ခုခုဖြစ်ပြီဆိုသော အသိက ရင်ထဲ အလိုအလျောက် ဝင်ရောက်လာခြင်းဖြစ်၏။

"အစ်ကို ... ကံကံရော၊ ကံကံ ဘာဖြစ်လို့လဲဟင်

ဉာဏ့်အသံက အလောတကြီးဖြစ်ကာ တုန်ယင်နေ၏။ နှလုံးသားက တဒိန်းဒိန်း ခုန်လှုပ်လျက်ရှိသည်။

"ကံကံ ဆိုင်ကယ်မှောက်လို့ ညီမလေး၊ ခု အရေးပေါ်ဌာနမှာ ကံကံက ညီမလေးကို တွေ့ချင်တယ်ဆိုလို့ ကိုယ်လာခေါ်တာ",



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... ကံကံ"

လှိုင်းလုံးတစ်လုံး ရင်ဝဆီသို့ ဒိန်းခနဲ ဆောင့်တက်ကာ ဉာဏ်သည် ကားပေါ်သို့ အလောတကြီး ဝင်ထိုင်လိုက်၏။ သူငယ်ချင်းတွေလည်း ဒရောသောပါး တက်ကြသည်။

"ဘယ်လို ဖြစ်တာလဲဟင်၊ ကံမှ ဆိုင်ကယ်လ်မစီးတတ်ဘဲ ဒဏ်ရာပြင်းသလားဟင်"

"ပြင်းတယ်၊ သတိရတစ်ချက် မရတစ်ချက် ကယောင်ကတမ်းတွေ ဖြစ်နေတယ်၊ ကိုယ့်ဆီ ဖုန်းဝင်လာလို့ ကိုယ်လည်း ကမန်းကတန်း လိုက်ချလာတာ၊ ဆိုင်ကယ်လ် မှောက်တာက ပြည်လမ်းပေါ်မှာ ...

ကံကံက ခေါင်းကို တော်တော်ထိထားတယ်၊ နောက်တစ်ယောက်ကလည်း ဒဏ်ရာတော့ ပြင်းတယ်၊ မမှောက်ခင် ကားတစ်စီးနဲ့ ဝင်တိုက်သေးတယ်တဲ့ ...

ကံကံက သတိရရချင်း ဉာဏ့်ကို တ,တာနဲ့ ကိုယ် သင်တန်းဆီ ပြေးလာတာ၊ ဉာဏ့်အိမ်ကို ဖုန်းလှမ်းဆက်လိုက်သေးတယ်"





ကားကို တရကြမ်း မောင်းနေရင်း ကံ့ အစ်ကိုက အမောတကော ရှင်းပြနေသည်။ ဉာဏ့် နှလုံးသားကို ဆွဲဆုပ်ဖျစ်ညှစ်ခံထားရသလို နာကျင်ဆို့ကျပ်နေကာ မျက်ရည်တွေ တရစပ် ဆင်းကျလာခဲ့၏။ ကံကံ တစ်ခုခု ဖြစ်သွားရင်။ အို ... ဉာဏ် ဘာမှမပြောလိုက်ရဘဲ နောက်ကျသွားခဲ့ရင် တစ်သက်လုံး နောင်တရမဆုံး ဖြစ်ရတော့မယ်။

အချိန်တွေရှိလျက်နဲ့ ကံ့ကို ဉာဏ် ခွင့်လွှတ်ကြောင်း၊ ပြီးတော့ သိပ်ပြီးချစ်နေပြီဆိုတဲ့ အကြောင်း၊ ကံကံ့ကို ဉာဏ် ဘာလို့ ဖွင့်မပြောမိခဲ့သေးဘဲ အချိန်တွေ ဆွဲခဲ့မိပါလိမ့်။

မနက်ဖြန် ဘာဖြစ်မယ်ဆိုတာ မသေချာတဲ့ ဒီလူ့လောကကြီးမှာ ပြောသင့်တဲ့စကား၊ ပြောချင်တဲ့စကား တစ်ခွန်းကို ဉာဏ် ပြောခဲ့သင့်ပါရက်နဲ့ကွယ်။

"အစ်ကို ... မြန်မြန်မောင်းပေးပါ"

ဉာဏ်သည် လက်နှစ်ဖက်ကို ကျစ်ကျစ်ဆုပ်ညှစ်ထားမိရင်း ဆောက်တည်ရာမရ ဖြစ်လာသည်။ ကံ့ မျက်နှာကလေး


www.burmeseclassic.com

www.burmeseclassic.com



ကို အာရုံမှာ တရိပ်ရိပ် ပြန်မြင်နေသည်။ ကဲ့ အပြုံးတွေ၊ ကဲ့ရဲ့ စိတ်ရှည်မှုတွေ၊ ကဲ့ရဲ့ အလိုလိုက်မှုတွေ၊ အို ... ကကဲ ...။ တို့ နှစ်ယောက် သိပ်ချစ်ကြဖို့ အချိန်နည်းနည်းပေးပါနော်။

○➧○





.. ခုတင်ပေါ်မှာ ကကဲ ငြိမ်သက်နေသည်။ မျက်လုံးကလေးများ မှေးမှိတ်လျက်။ ဉာဏ်သည် အံတင်းတင်းကြိတ်လျက် ကျိတ်၍ငိုရှိုက်မိသည်။ မျက်ရည်တွေ တစ်ပေါက်ချင်း လိမ့်ဆင်းလျက်၊ ကံများ လူးလွန့်လှုပ်ရှားလာမလားဟု မျှော်လင့်လျက်။ အသက်တောင် မရှူမိ၊ မျက်တောင်ကလေးပင် မခတ်မိ။

ကဲ့ကဲရယ်၊ ခုချိန်မှာ ငါ အပြောချင်ဆုံး စကားဟာ "နင့်ကို သိပ်ချစ်တယ်"ဆိုတဲ့ စကားကလေး တစ်ခွန်းတည်းပါပဲ။ ငါ ဘာမှ ရှည်ရှည်ဝေးဝေး မပြောပါဘူး။ အဲ့ဒီစကားလေးတော့ ငါ့ကို ပြောခွင့်ပေးပါ ကဲရယ်။ အချိန်တိုတိုကလေးပါ။ အဲ့ဒီအချိန် တိုတိုကလေးမှာ နင် သိပ်ပျော်သွားမဲ့ မျက်နှာကလေးကို ငါ



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်စာ သိမ်းထားချင်လို့ပါ။ ဒါကြောင့် နှစ်မိနှစ်လောက် ကလေးပဲဖြစ်ဖြစ် နင် ပြန်ရှင်လာခဲ့ပေးပါကွယ်။

ငါ့ဘဝမှာ "မမီတော့ဘူး"ဆိုတဲ့ စကားသံမျိုး မကြားချင်တော့ဘူး။ ဆရာဝန်က ပြောတယ်။ နင့်အသက်ကို ငါတို့ မမီလိုက်ဘူးတဲ့။ နင် ဆုံးသွားပြီတဲ့။ ဟင့်အင်း ... ငါ မယုံပါဘူးဟယ်။ ငါ့အတွက် အမြဲ အလိုလိုက်ပေးခဲ့တဲ့ ကံကံဟာ ငါ့ကို နှုတ်မဆက်ဘဲနဲ့တော့ ဖြုန်းခနဲကြီး ထွက်သွားမှာ မဟုတ်ပါဘူး။ ကံကံ့ အကြောင်း ငါ အသိဆုံးပေါ့။ ငါ စိတ်ညစ်အောင် ငါ ငြိုငြင်အောင် နင် ဘယ်တုန်းကမှ မလုပ်ခဲ့ပါဘူး။

သူငယ်ချင်းတွေလည်း ကျိတ်ငိုနေကြသည်။

လူတစ်ယောက်ဟာ သူ မသေခင်မှာ အဲဒီလို နိမိတ်တွေ ကြိုပေးသွားလေ့ ရှိသလားဟင်။ ကံသည် ဘာမှမကြာသေးသော ဉာဏ့်မွေးနေ့တုန်းကမှ သူ့မျက်ကြည်လွှာကို လှူသွားခဲ့သေးသည်။ ဘယ်အချိန် သေမယ်ဆိုတာကို ကြိုသိနှင့်လို့လည်း





မဟုတ်။ ဉာဏ့် မွေးနေ့ အမှတ်တရရယ်၊ ပြီးတော့ သူ သေသွားတဲ့နောက်မှာလည်း ဉာဏ့်ကို ဆက်မြင်ခွင့် ရနေချင်တယ်ဆိုတဲ့ စိတ်ကူးယဉ် ဆန္ဒကလေးကြောင့်ရယ်သာ သူ လုပ်သွားခဲ့ခြင်း ဖြစ်သည်။

သို့သော် အခုတော့ သူ့ဆန္ဒအတိုင်း ဖြစ်ခဲ့ပြီ။ ကံကံ ရုတ်တရက် သေဆုံးရခြင်း အကြောင်းရင်းကို သိရချိန်မှာ မင်းခက်ကို ဉာဏ် ခွင့်မလွှတ်နိုင်လောက်အောင် မုန်းတီးစက်ဆုပ်သွား၏။ သူ ကံကံ့ကို တမင်ခေါ်သွားပြီး သတ်လိုက်သလိုပင်။ သူ ကိုယ်တိုင်လည်း ဒဏ်ရာတွေမနည်း။ အဆိုးဆုံးက သူ့မျက်စိမှာ ကားမှန်ကွဲစများ စိုက်ဝင်သွားခဲ့သဖြင့် မျက်လုံးတွေ ထိခိုက်သွားခြင်း ဖြစ်လေသည်။

တစ်ခါတစ်ရံ ကံကြမ္မာရဲ့ လှည့်ကွက်တွေက စနစ်တကျ အကွက်ဆင်ထားတာထက်ပင် ဆန်းကြယ်နေသေးတော့၏။ အဖြစ်အပျက်တွေကို ဉာဏ် ဆက်မတွေးချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကဲ့ရဲ့ ဆန္ဒအတိုင်းတော့ မျက်ကြည်လွှာထုတ်လှူဖို့ ညာဏ် ကူညီပေးလိုက်ရသည်။ ထိုမျက်ကြည်လွှာကို မင်းခက် ဆီမှာ အစားထိုး ထည့်သွင်းဖို့ ဖြစ်လာသောအခါ ညာဏ်သည် နှလုံးသား ကွဲကြေသွားသလို ခံစားလိုက်ရလေသည်။

"ညာဏ့်ကို ငါ သေပြီးရင်တောင် ဆက်မြင်ခွင့်ရနေချင်တယ်"

ဟု ကဲ့က တမ်းတမ်းတတ ပြောခဲ့ဖူးပါသည်။ ထိုစကားလေးကို ညာဏ် ဘယ်တော့မှ မမေ့ပါ။

ညာဏ်သည် လုပ်သင့်သော အလုပ်ကို လုပ်ခွင့်ရနေချိန်မှာ မလုပ်မိခဲ့။

ကဲ့ကို ချစ်နေပြီဟု သိလိုက်ရချိန်မှာ ဖွင့်ဟဝန်ခံသင့်ပါလျက်နှင့် ဝန်မခံခဲ့။

ခုအချိန်မှာ အားလုံး နောက်ကျခဲ့ပြီ။ ပြီးတော့ အားလုံးလည်း မှားယွင်းခဲ့ပြီ ဖြစ်လေသည်။






အမှားယွင်းဆုံးက ညာဏ်ချစ်သော ကဲ့ရဲ့ မျက်ကြည်လွှာကို ညာဏ် မုန်းတီးအထင်သေးသော မင်းခက်ရဲ့မျက်လုံးတွေ ရှေ့မှာ အစားထိုး တပ်ဆင်ခဲ့ခြင်း ဖြစ်သည်။ ထိုမျက်လုံးများကို ညာဏ်သည် ဘယ်လိုခံစားမှုမျိုးဖြင့် ရင်ဆိုင်ကြည့်ရပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com







# စကားဝှက်တံခါး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

သူငယ်ချင်းတွေက ဉာဏ့် စိတ်ကူးတွေကို လုံးဝသဘောမတူနိုင်ပါ။ ကေကေကဆို ခါးခါးသီးသီး ...

"အဓိပ္ပာယ် မရှိတာ ဉာဏ်ရယ်၊ ဒီမျက်လုံးကလေးတစ်လုံးအတွက် နင့်ဘဝတစ်ခုလုံး၊ နင့်ရဲ့ စိတ်ခံစားမှုတွေအားလုံးကို စတေးပစ်လိုက်မလို့လား ...

တကယ်ဆို ကံကံ့ကို မင်းခက် သတ်တယ်လို့တောင် စွပ်စွဲလို့ရတယ်၊ ဒီလောက် မုန်းစရာကောင်းပြီး အကျင့်မကောင်းတဲ့ မင်းခက်ရဲ့ မျက်လုံးတွေထဲမှာ ကံကံ့ရဲ့ မျက်ကြည်လွှာကလေး ရှိနေတယ်ဆိုတဲ့ အသိကလေးတစ်ခုတည်းနဲ့ နင် မိုက်မဲပစ်လိုက်တော့မလို့လား ဉာဏ်၊ ဟင်"





"ငါ ကံကံ့ကို အကြွေးတင်နေတယ် ကေကေ၊ သူသိပ်ကြားချင်တဲ့ စကား၊ ငါ ပြောချင်နေတဲ့ စကားတစ်ခွန်းကို ငါ မပြောလိုက်ရဘူး၊ ကံကံ့ရဲ့ မျက်ကြည်လွှာကလေးဟာ ငါနဲ့ ကံကံ့ကြားမှာ သိပ်အရေးကြီးတဲ့ စကားဝှက်တံခါးကလေးပဲ၊ အဲဒီစကားကို ငါ ပြောမှဖြစ်မယ်၊ တစ်နေ့ရာရာကနေ ကံကံ ကြားမှာပဲ"

ကေကေက ခေါင်းကို ခါယမ်းပစ်နေပုံမှာ စိတ်ပျက်လက်ပျက်ကြီးနှင့် ...။

"ဉာဏ် ... နင်တော့ ရူးတော့မှာပဲ၊ ဒီမျက်ကြည်လွှာကလေးတစ်ခုတည်းနဲ့ဟာ"

"ဒီမျက်ကြည်လွှာ ကိစ္စကိုပဲ ကံကံက အလေးအနက်ထားပြီး ပြောသွားခဲ့တာ ကေကေ၊ သူက သူ သေပြီးရင်တောင် ငါ့ကို အမြဲမြင်ခွင့် ရနေချင်တာ၊ ကံကံ ငါ့ကို အမြဲမြင်နေခွင့် ရဖို့ဆိုတာ သူ့မျက်ကြည်လွှာတွေ ရှိနေတဲ့ မင်းခက် ငါ့အနားမှာ အမြဲရှိနေဖို့ လိုအပ်တာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ငါ ကံကံ့ကို သိပ်တမ်းတမိတဲ့အခါ သူ့ရဲ့ မျက်လုံးတွေကိုပဲ လွမ်းလွမ်းဆွေးဆွေး ကြည့်ပြီး ငါ မပြောဖြစ်ခဲ့တဲ့ သိပ်ချစ်တယ် ဆိုတဲ့ စကားကို ပြောမယ်ဟာ”

ဉာဏ့် စိတ်ကူးဆန္ဒတွေက သိပ်အစွန်းရောက်နေပြီ ဆိုတာကိုလည်း ဉာဏ် သိပါသည်။ သို့သော် ဉာဏ့်မှာ ဖြေဆေး မရှိ။ ထွက်ပေါက်မရှိ။

○✦○





မင်းခက်၏ မျက်ကြည်လွှာ အစားထိုး ခွဲစိတ်ကုသမှုက အောင်မြင်ခဲ့လေသည်။ မင်းခက် အကောင်းပကတိဖြစ်လာချိန်တွင် ဉာဏ် အကြည့်မြင်ချင်ဆုံးသော အရာမှာ မင်းခက်၏ မျက်လုံးများ ဖြစ်သည်။

မင်းခက်က ဉာဏ့်ကို လာမတွေ့ရဲဘဲ ရှောင်နေလေသည်။ သူ့ပယောဂဖြင့် ကံကံ သေဆုံးခဲ့ရတာရော၊ သူ့မျက်လုံးတွေမှာ အစားထိုး တပ်ဆင်ခဲ့သည်မှာ ကံကံ့ မျက်ကြည်လွှာတွေဖြစ်တယ် ဆိုတာကိုရော သူ သိသွားခဲ့ချိန်မှာ သူ ရင်မဆိုင်ရဲဆုံးသော သူတစ်ယောက်မှာ ဉာဏ်သာ ဖြစ်ရမည်လေ။

ဉာဏ့် ရင်ထဲတွင် ဆန့်ကျင်ဘက် အားနှစ်ရပ်က အပြင်းအထန် လွန်ဆွဲလျက်ရှိသည်။ မင်းခက်ကို ခါးခါးသီးသီး



www.burmeseclassic.com

www.burmeseclassic.com



မုန်းကာ အပြစ်တစ်ခုခု ပေးချင်နေသောစိတ်နှင့် ကဲ့ရဲ့ မျက်ကြည်လွှာကလေးကို တမ်းတလွမ်းမောစွာ ကြည့်မြင်ချင်သောစိတ်ဖြစ်၏။

"သူ ငါ့ဆီ မလာရင်၊ ငါ မင်းခက်ဆီ သွားတွေ့ရလိမ့်မယ်"

ဉာဏ်က ပြောခဲ့သည်။ သူငယ်ချင်းတွေက အပြင်းအထန်ပင် ကန့်ကွက်ကြသည်။

"နင်က ဘာဖြစ်နေတာလဲ ဉာဏ်၊ မင်းခက်ကို နင် ဘာမှ တွေ့စရာမလိုတော့ဘူး၊ အတိတ်လမ်း ပြန်ဆက်ဖို့ဆိုတာ ပိုတောင် မဖြစ်နိုင်တော့ဘူး၊ သူ ကံကံ့ကို သေစေခဲ့တာ၊ ငါတို့ရင်ထဲမှာ ခုချိန်ထိ ကံကံ့ကို နမြောနေတုန်းပဲ၊ သူနဲ့ တရင်းတနှီး နေခဲ့ချိန်တွေကို ခုပြန်တွေးရင် ခုပြန်လွမ်းတုန်းပဲ၊ အလကားသက်သက် မင်းခက်ရဲ့ မိုက်ရူးရဲဆန်မှုနဲ့ ကံကံ သေရတယ်၊ ပြီးတော့ မတရားလိုက်တာ၊ သင်းဘာသာ နန့်ကြောဆွဲတာနဲ့ မျက်လုံးတွေ ကန်းသွားတာ





တောင် နည်းသေးတယ်၊ အဲ့ဒါကို ကံကံ့ မျက်ကြည်လွှာတွေနဲ့ အစားထိုးခွင့်ရတယ်၊ တကယ့် အဆိပ်ပင် ရေလောင်းပဲ"

ကေကေက ဒေါသကြီးစွာ ပြောရင်း မျက်ရည်တွေပင် ရစ်ဝဲလာလေသည်။

"ဟိုအရင်က နင်နဲ့ မင်းခက် ရည်းစားဖြစ်တာကို ငါတို့ မတားခဲ့ပါဘူး ဉာဏ်၊ သူ ရုပ်ချောတယ်၊ အကျင့်မကောင်းဘူး၊ ပွေတယ်၊ ရှုပ်တယ်၊ လည်တယ်၊ အချစ်ဆိုတာကို အလေးအနက် တန်ဖိုးမထားဘူး၊ အဲ့ဒါတွေကို သိပေမဲ့ နင့်ကို ငါတို့ တားခဲ့လို့လား ဉာဏ်ဉာဏ်၊ တစ်ချိန်ချိန်မှာ နင် အချစ်စိတ် မွှန်နေတာ ပြယ်သွားတဲ့အခါ နင့်ဘာသာနင် အမြင်မှန်ရလာလိမ့်မယ်ဆိုပြီး ငါတို့ လွှတ်ပေးထားခဲ့တာ၊ ကံကံကသာ နင်တို့နှစ်ယောက်ကို လိုက်နှောင့်ယှက်ခဲ့တာ ...



www.burmeseclassic.com

www.burmeseclassic.com



အခုဟာက နင်က မကောင်းမှန်းသိသိကြီးနဲ့ အစွဲအလမ်းတစ်ခုအတွက် ကိုယ့်ကိုယ်ကိုယ် ဖွတ်စံတေးပစ်တော့မဲ့ ပုံစံကြီး ဖြစ်နေတာကိုတော့ ငါတို့ မလိုက်လျောနိုင်ဘူး ညာဏ်၊ နင် ချောက်ထဲခုန်ဆင်းဖို့ အရှိန်ယူနေသလိုပဲ ငါတို့ ခံစားရတယ်"

ဇာဇာက ဝမ်းပန်းတနည်း ပြောသည်။ ညာဏ်သည် ဒီတစ်ကြိမ်မှာတော့ ခေါင်းမာစွာပင် ဆုံးဖြတ်ခဲ့ပြီးလေပြီ။

"မင်းခက် ဆီမှာ ငါ့အတွက် ဆန့်ကျင်ဘက် ခံစားမှုနှစ်ခုစလုံး ကိန်းဝပ်နေပြီ၊ သတ်ပစ်ချင်လောက်အောင်ကို မုန်းလှတယ် ...

ဒါပေမဲ့ နောက်ထပ် ခံစားမှုတစ်ခုက ကံကံ့ရဲ့ ရှင်သန်နေတဲ့ အစိတ်အပိုင်းကလေးတစ်ခု သူ့ဆီမှာ ရှိနေတာဟာ ကံကံ ရှင်နေသလိုပဲ ငါ ခံစားရတယ်၊ ကံကံ့က ငါ မပြောလိုက်ရတဲ့ စကားလေးတစ်ခွန်း ငါ ပြောကိုပြောမှ





ဖြစ်မယ်၊ သိပ်ပြောချင်တယ်၊ အဲ့ဒါကို မပြောရရင် ငါ တစိမ့်စိမ့် ကြေကွဲခံစားနေရလိမ့်မယ် ...

ကံကံ့ကို ငါ ဘယ်လောက် သိပ်ချစ်နေနေခဲ့မှန်း အခုမှ ပိုပိုသိလာလေ ငါ ရူးလေပဲ"

ညာဏ့် ပါးပြင်ပေါ်သို့ အေးစက်၍ နာကျင်သော မျက်ရည်စီးကြောင်းကလေး စီးကျလာသည်ကို သူငယ်ချင်းတွေက ရင်နင့်ငြိမ်သက်စွာ စိုက်ငေးကြည့်ရင်း သက်ပြင်းကိုယ်စီ ရှိုက်လျက် ရှိလေသည်။

"ငါ ဘယ်လောက် ခံစားနေရသလဲ ဆိုတာ ငါပဲ သိပါတယ်ဟယ်၊ ဆန့်ကျင်ဘက် ပဋိပက္ခကြီးက ငါ့ ရင်ထဲမှာ လုံးထွေးနေတယ် ...

လူတစ်ယောက်ကို တစိမ့်စိမ့်နဲ့ သတ်နိုင်တာ အမုန်းနဲ့မှ မဟုတ်ဘူး၊ အချစ်နဲ့လည်း သတ်လို့ရတယ်၊ ကံက ငါ့ကို သူ့အချစ်တွေနဲ့ သတ်သွားခဲ့တာ၊ သူ ငါ့ကို သိပ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်နေခဲ့ချိန်က သူ့အချစ်တွေကို ငါ ပမာမခန့်နဲ့ လျစ်လျူရှုခဲ့တယ်၊ တန်ဖိုးမထားခဲ့ဘူး၊ သူ့ခံစားချက်တွေကို ငါ လုံးလုံး ထည့်မတွက်ခဲ့ဘူး၊ သူ့အချစ်တွေကိုတော့ အပြည့်အဝယူပြီး သူ့ကို နည်းနည်းကလေးမှ ပြန်မပေးခဲ့မိဘူး...

ခုတော့ ငါ့မှာ ကံကံ့ကို အချစ်ကြွေးတွေ တင်နေပြီ"

"ဒါပေမဲ့ နင် ဘာမှ မတတ်နိုင်တော့ဘူးလေ၊ ကံကံ့မှ မရှိတော့ဘဲ မင်းခက်ဟာ ကံကံ မဟုတ်ဘူး"

"မင်းခက် ဆီမှာ ကံကံ ရှိနေတယ်လေ၊ သူ ငါ့ကို ကြည့်လိုက်တဲ့ အခါတိုင်း ကံကံ ငါ့ကို ကြည့်နေတယ်ဆိုတဲ့ ခံစားချက်နဲ့ ငါ ဖြေသိမ့်မယ်"

"အို ... ရူးနှမ်းလိုက်တာ"

"နင် လုပ်ချင်တာသာ လုပ်တော့ ဉာဏ်၊ ပြောလို့လည်း ရမှာ မဟုတ်ဘူး၊ မင်းခက်က နင့်ကို တစ်သက်လုံး





အညှာကိုင်ထားတော့မယ်၊ နင် အမြဲတမ်း စိတ်ညစ်နေရလိမ့်မယ်"

နောက်ဆုံးတော့ သူငယ်ချင်းတွေ အားလုံးက လက်လျှော့လိုက်ကြရလေသည်။ ဉာဏ့်ကို ဘယ်သူမှ တားဆီးလို့မရနိုင်တော့ပြီ။

○◆○



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ မျက်မှန်အမည်းကြီးကို ချွတ်လိုက်စမ်းပါ မင်းခက်"

ဉာဏ်သည် မင်းခက်ရဲ့ မျက်လုံးတွေကို မြင်လိုသော ဖြင့် အသံတွေတောင် တုန်ယင်နေလေသည်။ အလွန်ပါးနပ်သော မင်းခက်က ဉာဏ် ဘာကို လိုချင်တောင့်တနေမှန်း အသာကလေး ပင် ရိပ်မိပုံရသည်။ သူက အခွင့်အရေးကို အပြည့်အဝ အသုံး ချချင်သူ ဖြစ်၏။

"ကိုယ့်ကို ချစ်တယ်လို့ ပြောလေ၊ မျက်မှန်ချွတ်ပေးမယ်၊ ဉာဏ် ဘာကိုဆာနေသလဲ ဆိုတာ ကိုယ် သိသားပဲ"

ဟု မင်းခက်ရဲ့ ဗီဇမပြောင်းလဲသော အသံဖြင့်ပြော သည်။ ဉာဏ်သည် အံတစ်ချက် ကြိတ်လိုက်ကာ ဘာမပြော ညာ





မပြောနှင့် မင်းခက်ရဲ့ မျက်နှာဆီသို့ အားကုန်လွှဲရိုက်ပစ်လိုက် လေ၏။

"အဲဒါ မင်းခက်ကို ရိုက်တာ၊ နင့်ကိုငါ သိပ်မုန်း တယ် မင်းခက်"ဟု စိတ်ထဲမှ အော်ဟစ်လျက်ရှိသည်။ မျှော်လင့် မထားသည့်မို့ မင်းခက် မျက်နှာသည် တစ်ဖက်သို့ လည်ထွက် သွားကာ မျက်မှန်ပင် လွင့်စဉ်ပြုတ်ကျသွားလေသည်။ အဲဒီမှာ သူ့မျက်လုံးများကို မြင်လိုက်ရခြင်း ဖြစ်သည်။ ဉာဏ် နှလုံးသွေး ရပ်မတတ် ဖြစ်သွား၏။ သိပ်ရင်းနှီးခဲ့သော မျက်ဝန်းတွေဟု ခံစားလိုက်ရသောကြောင့် ဖြစ်သည်။ နူးညံ့ကာ ရီဝေလှသော မျက်ဝန်းတွေ။ အို ... ကံကံရေ။

"ဟာ ... မင်း ငါ့ကို ရိုက်တယ်၊ ဟုတ်လား၊ တောက် ... ဘလိုင်းကြီးကွာ၊ မင်းကို ငါ ဘာလုပ်လို့လဲ၊ မိန်းမမို့လို့ ငါ ဘာမှ ပြန်မလုပ်တာကွ၊ နားလည်လား၊ တောက် ... ငါ့အသားကို နာအောင်လုပ်တဲ့ မိန်းမတွေဆို ငါ သိပ်မုန်း တယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းခက် ရှုးရှုးရှားရှားဖြစ်ကာ ဒေါသတကြီး အော်ဟစ်လျက် ရှိလေသည်။

ညက်က မင်းခက်ရဲ့ မျက်လုံးတွေဆီပဲ စူးရှနစ်ဝင်စွာ စိုက်ကြည့်နေမိ၏။ ထူးဆန်းသည်မှာ မင်းခက်ရဲ့ဒေါသတွေက သူ့မျက်လုံးတွေမှာ လာဟပ်မနေခြင်းပဲ ဖြစ်သည်။ ဒေါသက တခြား၊ မျက်လုံးတွေရဲ့ နူးညံ့သိမ်မွေ့မှုကတခြား။ မီးလျှံတွေလို နီရဲတောက်ပမနေချေ။ ခက်ထန်ရုန့်ရင်း မနေချေ။ နွေးမြည်သာ လွန်းလှသည်။

"ငါ နင့်ကို သိပ်ချစ်တယ်"

"ဘာ"

ညက်သည် အက်ကွဲနေသော အသံကလေးဖြင့် နာနာကျင်ကျင် မွတ်မွတ်သိပ်သိပ် ရှိုက်အော်ပစ်လိုက်မိသည်။ မင်းခက်က တအံ့တသြ ငြိမ်ကျသွား၏။

ညက့် ရင်ထဲမှာ ကံကံဟု တမ်းတကာ အော်နေဆဲ ...





"နင့်ကို ငါ သိပ်ချစ်တယ်"

နင့်ကို ငါ သိပ်ချစ်တယ် ကံကံ ဟု ရင်ထဲမှာ ပဲ့တင်ထပ်သံတွေ ဆူညံဆဲ။

"မင်း ဘာပြောလိုက်တယ် ညက်"

ညက့် ပါးပြင်ပေါ်သို့ မျက်ရည်တွေ လျှံကျလာလေသည်။ မင်းခက်က တစ်ချက်ပြုံးပြီး ညက့်ကို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းပစ်လိုက်သည်။ ညက့် ရှိုက်သံကလေးတွေ တိုးတိတ်သွား၏။

ကံရယ် ဘဝဆက်တိုင်း မဟုတ်တောင် ဘဝတစ်ခုခုမှာတော့ နင့်ကို သိပ်ချစ်တဲ့အကြောင်း ငါ ပြောပြခွင့် ရချင်ပါတယ်။

ခုတော့ ငါ သိပြီလေ။

အချစ်ဆိုတာ လူတစ်ယောက် မသေခင်မှာ
တစ်စုံတစ်ယောက်ဆီမှာ ဖွင့်ဟဝန်ခံသွားသင့်တဲ့
ရိုးဖြောင့်ချက်တစ်ခုပါပဲ ဆိုတာ ...။ ။



www.burmeseclassic.com

www.burmeseclassic.com

စိတ္တသုခ၊ ကာယသုခနှင့် ပြည့်စုံနိုင်ပါစေ

မေတ္တာအားဖြင့်



လွန်းထားထား

(ဆေးတက္ကသိုလ်)

www.burmeseclassic.com